# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၂၉၉)


# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

## COVID–19 ၏ သက်ရောက်မှုများကို တုံ့ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့အစီအစဉ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာသန်း ၂၅၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၇

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ငါးရာကျပ်တန် ပုံစံသစ်ငွေစက္ကူ ထုတ်ဝေခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ရှင်းလင်းတင်ပြရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငါးရာကျပ်တန် ပုံစံသစ်ငွေစက္ကူ ထုတ်ဝေရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ သဘောတူ အတည်ပြုချက် ရယူဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငါးရာကျပ်တန် ပုံစံသစ်ငွေစက္ကူကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက်တွင် စတင်ထုတ်ဝေမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း။

*စာမျက်နှာ ၇ ကော်လံ ၁* ❐




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။ သတင်းစဉ်

# ဆင်ဘိုမြို့၌ နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲပေးခွင့်ရှိသူစာရင်း ကြေညာ



ဆင်ဘို ဇူလိုင် ၂၇

ကချင်ပြည်နယ် ဆင်ဘိုမြို့တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲပေးခွင့်ရှိသူစာရင်းကို ဇူလိုင် ၂၅ ရက်မှစ၍ ကြေညာထားပြီဖြစ်သည်။

အဆိုပါ ကြေညာစာရင်းတွင် မဲပေးခွင့်ရှိသူအနေဖြင့် မိမိအမည်စာရင်း ပါ/မပါ၊ အချက်အလက် မှန်/မမှန် စစ်ဆေးရန်နှင့် မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့်လည်းကောင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ၄(က)ဖြင့်လည်းကောင်း ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်ခြင်းများ ဆောင်ရွက်နိုင်ကြရန်နှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်ထားပြီး

*စာမျက်နှာ ၇ ကော်လံ ၁* ❍

COVID-19 **သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား** COVID-19 Fund **မှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း**

စာ - ၅

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ် ရရှိမှုများ ထုတ်ပြန်**

စာ - ၈




မြန်မာ့အလင်း

## အသည်းရောင်အသားဝါရောဂါ မကူးစက်မီက ကာကွယ်ပါ

နှစ်စဉ်ဇူလိုင်လ ၂၈ ရက်နေ့သည် ကမ္ဘာ့အသည်းရောင်အသားဝါရောဂါ တိုက်ဖျက်ရေးနေ့ဖြစ်သည်။ အသည်းရောင်အသားဝါရောဂါပိုးကြောင့် ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် လူတစ်သန်းခန့် သေဆုံးနေရသည်ကို သတိမူပြီး တိုက်ဖျက်နိုင်ကြရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၁၁ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ခြင်းဖြစ်သည့်အတွက် ယခုနှစ်တွင် ၁၀ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းအရ အသည်းရောင်အသားဝါ (ဘီ) နှင့် (စီ) ရောဂါဖြစ်ပွားမှု မြင့်တက်နေကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၆ ဒသမ ၅ ရာခိုင်နှုန်းမှာ အသည်းရောင်အသားဝါ (ဘီ) ရောဂါ ဖြစ်ပွားနေပြီး နိုင်ငံ့လူဦးရေ၏ ၂ ဒသမ ၇ ရာခိုင်နှုန်းမှာ အသည်းရောင်အသားဝါ (စီ) ရောဂါဖြစ်ပွားနေသည် ဟုဆိုသည်။ Hepatitis ခေါ် အသည်းရောင်အသားဝါရောဂါကို (အေ) (ဘီ) (စီ) (အီး) ဟူ၍ အမျိုးအစားလေးမျိုးခွဲခြားထားပြီး ဘီ နှင့် စီ အမျိုးအစားတို့မှာ သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုး အမျိုးအစားများဖြစ်ကြသည်။ ရောဂါဖြစ်ပွားသူ ၁၀ ယောက်လျှင် တစ်ယောက်မှာ မိမိကိုယ်ကို ရောဂါဖြစ်ပွားနေမှန်းမသိကြ။ အချိန်မီမကုပါက အသည်းကင်ဆာနှင့် အသည်းကြွပ်ရောဂါတို့ကို ဖြစ်စေနိုင်သည်။ ဘီပိုးနှင့် စီပိုးတို့မှာ သွေးသွင်းရာမှ ကူးစက်တတ်သလို အရက်သေစာသောက်စားခြင်း၊ အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်းနှင့် မသန့်ရှင်းသော ဆေးထိုးအပ်တို့မှလည်း ကူးစက်တတ်သည်။

အသည်းရောင်အသားဝါ (အီး) အမျိုးအစားမှာ မသန့်ရှင်းသည့် ရေနှင့် အစားအသောက်များမှ ကူးစက်တတ်ခြင်းကြောင့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အစားအသောက်ဘေးကင်းလုံခြုံရေးတို့ကို အထူးဂရုစိုက်ရန်လိုအပ်သည်။ အသည်းရောင်အသားဝါ (အေ) ပိုးကို မစင်တွင် တွေ့ရတတ်ပြီး ကူးစက်မှုမြန်ဆန်သည့် ရောဂါပိုးမျိုးဖြစ်သည်။ အိမ်သာတက်ပြီး လက်ကို သန့်ရှင်းစင်ကြယ်အောင် မဆေးဘဲ သာမန်ကာလျှံကာမျှသာဆေးပြီး အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်း၊ စားသောက်ခြင်း၊ ယင်နားစာများကို စားခြင်း၊ သောက်သုံးရေ မသန့်ရှင်းခြင်း စသည်တို့မှ ကူးစက်နိုင်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသည်းရောင်အသားဝါရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပေးနှိုးဆော်မှု၊ ကျန်းမာရေးအသိပညာမြှင့်တင်မှု၊ ရောဂါစစ်ဆေးမှု၊ ရောဂါကာကွယ်မှုနှင့် ကုသမှုလုပ်ငန်းများကို ၂၀၁၈ ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့သည်။ ကလေးငယ်များ အသည်းရောင်အသားဝါ (ဘီ) ပိုး ကာကွယ်ဆေးကို မွေးကင်းစအရွယ်၊ နှစ်လ၊ လေးလ၊ ခြောက်လသားအရွယ်တို့တွင် အခမဲ့ထိုးနှံပေးနေသကဲ့သို့ အသည်းရောင်အသားဝါ (စီ) ကုသမှုဌာနများ ဖွင့်လှစ်၍လည်း (စီ) ပိုးလူနာများကို အခမဲ့ကုသပေးလျက်ရှိသည်။ ရည်မှန်းချက်အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် အသည်းရောင်အသားဝါရောဂါ ဖြစ်ပွားမှု လျော့နည်းကင်းစင်ပြီး ပြည်သူ့ကျန်းမာရေးခြိမ်းခြောက်မှုမှ ဖယ်ရှားနိုင်ရေးအတွက်ဖြစ်သည်။

အသည်းရောင်အသားဝါ (ဘီ) ပိုးက ကမ္ဘာ့လူဦးရေ သန်း ၂၀၀ ကျော်ကို ကူးစက်ထားပြီးဖြစ်သည်။ ကူးစက်ခံထားရပြီးပြီဆိုပါက ရောဂါလုံးဝပျောက်ကင်းသွားအောင် ကုသ၍ မရနိုင်သေးဘဲ သက်တမ်းရှည်အောင် ကုသပေးခြင်းသာ ပြုနိုင်သေးသည်။ သို့ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ၉၅ ရာခိုင်နှုန်း ကာကွယ်နိုင်သည်။ ထို့အပြင် ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်စားသောက်ခြင်းဖြင့်လည်း ကာကွယ်နိုင်သည်။ အသည်းရောင်အသားဝါကူးစက်မှုက အိတ်ချ်အိုင်ဗွီကူးစက်မှုထက် အဆ ၁၀၀ ပို၍ မြန်ဆန်သည်ဟုဆိုရာ အထူးဂရုစိုက်ကြရန်ဟူ၍ တိုက်တွန်းလိုပါကြောင်း။ ။

## မူလစစ်ဘက် တာဝန်ဝတ္တရားများ ပြန်လည်ထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၀/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်)

**မူလစစ်ဘက်တာဝန်ဝတ္တရားများ ပြန်လည်ထမ်းဆောင်စေခြင်း**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်လျက်ရှိသော ဗိုလ်ချုပ်သန်းထွဋ် ကို မူလစစ်ဘက် တာဝန်ဝတ္တရားများ ပြန်လည်ထမ်းဆောင်စေမည်ဖြစ်သဖြင့် ခွင့်ပြုလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၁/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်ဖုန်းမြတ် ကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၂/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်)

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်ခင်စန်းမြင့် ကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦး အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ



## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် International IDEA-Myanmar ၏ Head of Mission နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၇

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် International IDEA– Myanmar ၏ Head of Mission, Mr. Mark McDowell နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် International IDEA အနေဖြင့် မြန်မာလွှတ်တော်များ ပိုမိုတိုးတက်မြင့်မားရေးနှင့် လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာ အသိပညာပေးရေး အလုပ်ရုံဆွေးနွေးပွဲများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ JCC နှင့် IDEA တို့အကြား နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးဆောင်ရွက် သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ၂၀၂၁ ခုနှစ်တွင် အသစ်ရောက်လာမည့် လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်လုပ်ငန်းစဉ်များ အသိပညာပေးရေး လုပ်ငန်းများတွင် ထိရောက်သော ပံ့ပိုးကူညီပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်မင်း၊ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



# ညီညွတ်ရေးအတွက် ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြ

ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့သူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး။ သို့သော်လည်းပဲ ဗမာပြည်ရဲ့လွတ်လပ်ရေး၊ တိုင်းသူပြည်သား ညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင်ကျင်းပသော ပြည်သူ့အစည်းအဝေးတွင် ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက်)

## တရားမအထူးအယူခံမှု (၁) မှုကို စီရင်ချက်ချမှတ် (၆)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဌေး၊ ဦးမျိုးဝင်းတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်း အမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု (၁) မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု (၆) မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၂၇ - မြောင်းမြမြို့တွင် ၄ ဒသမ ၆၅ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ဖျာပုံမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ဇန်းမော်မြို့တွင် ၂ ဒသမ ၆၇ လက်မ၊ ပုသိမ်မြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ရွှေကူမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ကတိုင်တိတွင် ၂ ဒသမ ဝ၆ လက်မ၊ ကသာမြို့နှင့် လပွတ္တာမြို့တို့တွင် ၁ ဒသမ ၄၅ လက်မစီ၊ ဇန်းမော်မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ပင်လည်ဘူးမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ လောင်းလုံးမြို့တွင် ၁ ဒသမ ဝ၆ လက်မ၊ ကျိုက္ကမီမြို့တွင် ၁ ဒသမ ဝ၂ လက်မနှင့် ပိုင်ကျုံမြို့တွင် ၁ ဒသမ ဝဝ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံက ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အာဆီယံ - မြန်မာ တတိယအကြိမ် အဆင့်မြင့်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံက ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ တတိယအကြိမ် အဆင့်မြင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)




### အဖွင့်အမှာစကား ပြောကြား

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အာဆီယံအတွင်းရေးမှူးချုပ် Dato Lim Jock Hoi တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

### များစွာအရေးပါ

အစည်းအဝေး ပူးတွဲသဘာပတိဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ရခိုင်ပြည်နယ် အတွင်းလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းအားထုတ်ရာတွင် ကိုဗစ်-၁၉ ကြောင့် အခက်အခဲများကို ရင်ဆိုင်နေကြရသော်လည်း ကျော်လွှားအောင်မြင်နိုင်ရန် ညီညွတ်သော အင်အားဖြင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ယမန်နှစ် ဒုတိယအကြိမ် အဆင့်မြင့်ညှိနှိုင်း အစည်းအဝေး ကျင်းပခဲ့သည့်အချိန်မှ လက်ရှိအချိန်အထိ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းအဝေးများ ကျင်းပနိုင်သကဲ့သို့ ကနဦး လိုအပ်ချက် ဆန်းစစ်လေ့လာမှုအရ အကြံပြုချက်များကို အကောင်အထည် ဖော်ရာတွင် အထောက်အပံ့ပြုနိုင်မည့် ASEAN Ad-Hoc Support Team ကို ဖွဲ့စည်းနိုင်ခြင်းနှင့် ဦးစားပေးစီမံကိန်းများကို အပြီးသတ် ရေးဆွဲနိုင်ခြင်းတို့သည် ရှေ့ဆက်လုပ်ငန်းစဉ်များ အတွက် များစွာအရေးပါပါကြောင်း၊ ထို့ပြင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre တို့၏ ပူးပေါင်းပါဝင်မှုဖြင့် မြန်မာအစိုးရသည် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့် ကနဦး လိုအပ်ချက် ဆန်းစစ်လေ့လာမှုများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စ်ဘဇားမြို့ရှိ နေရပ်စွန့်ခွာသူများထံသို့ နှစ်ကြိမ်တိုင်တိုင် သွားရောက်မျှဝေနိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍ UNHCR ၊ UNDP တို့နှင့် ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ လုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများ ပိတ်သိမ်းရေးအတွက် ဆက်စပ်ပတ်သက်သူများ ပါဝင်သည့် ညှိနှိုင်းအစည်းအဝေးများနှင့် ရပ်ရွာလူထုဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပါကြောင်း။

### ထောက်ခံအားပေးခဲ့

ထို့ပြင် ရခိုင်ပြည်နယ်မှ လူငယ်များအား အသက်မွေးဝမ်းကျောင်း သင်တန်းများ ပေးနိုင်ရေးအတွက် UEHRD မှတစ်ဆင့် စင်ကာပူနိုင်ငံ အခြေစိုက် Asia Philanthropy Circle (APC) နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ COVID-19 နှင့် စပ်လျဉ်း၍ မိမိတို့ဝန်ကြီးဌာနက IDP စခန်းများနှင့် ယာယီနေရပ်စွန့်ခွာသည့်နေရာများတွင် COVID-19 ရောဂါထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေး လုပ်ငန်းများကိုလည်း တာဝန်ယူ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့အပြင် လက်ရှိကာလအတွင်း IDP များနှင့် ယာယီနေရပ်စွန့်ခွာရသူများကို စားနပ်ရိက္ခာပေးအပ်နိုင်ရေး အတွက် WFP ၊ ICRC တို့နှင့် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့အပြင် (၃၆) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များက ရခိုင်ပြည်နယ် အတွင်း လူမှုအသိုင်းအဝိုင်းများ အကြား သဟဇာတဖြစ်စေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ထောက်ခံအားပေးခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် အရေးတွင် မြန်မာအစိုးရနှင့် အာဆီယံနိုင်ငံများက ပူးပေါင်းဆောင်ရွက်ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### အရေးပါသည့် ခြေလှမ်းတစ်ခု

ထို့နောက် ပူးတွဲသဘာပတိ ဖြစ်သည့် အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်း၍ ကနဦး ဆန်းစစ်ချက် ဆောင်ရွက်နိုင်ခဲ့ခြင်းသည် အရေးပါသည့် ခြေလှမ်းတစ်ခု ဖြစ်ပါကြောင်း၊ ဆန်းစစ်ချက်ပါ အကြံပြုချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း ဆက်လက်ပံ့ပိုးပေးမည် ဖြစ်ပါကြောင်း၊ ဦးစားပေး စီမံကိန်း (၇)ခု အပြင် ရခိုင်ပြည်နယ်အတွက် အရေးပါသည့် အခြားသောစီမံကိန်းများကိုလည်း ဖော်ထုတ်ဆွေးနွေး၍ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ထိန်းချုပ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များတွင်လည်း အာဆီယံ၏ လူသားချင်းစာနာမှု အကူအညီပေးခြင်းဆိုင်ရာ အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးစနစ်မှတစ်ဆင့် လိုအပ်သည်များကို ပံ့ပိုးပေးရန်လည်း အသင့်ရှိပါကြောင်း ပြောကြားသည်။

### ကမ္ဘာကလည်း သိမြင်နိုင်

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အာဆီယံ-မြန်မာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထင်သာမြင်သာရှိစေရန်နှင့် အလေးထားပူးပေါင်းဆောင်ရွက်ရန် အကြီးအကဲများကလည်း လမ်းညွှန်ထားပါကြောင်း၊ သို့မှသာ အာဆီယံနှင့် မြန်မာတို့၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုကို ကမ္ဘာကလည်း သိမြင်နိုင်မည်ဖြစ်ပါကြောင်း၊ UNDP ၊ UNHCR တို့နှင့် ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာကိုလည်း နောက်ထပ် တစ်နှစ် သက်တမ်းတိုးထားပြီး ကျေးရွာများသို့ ကွင်းဆင်းလေ့လာမှုများနှင့် သိသာစွာ အကျိုးရှိနိုင်မည့် စီမံကိန်းများကို ရေးဆွဲထားပြီး ဖြစ်ပါကြောင်း၊ ရှေ့ပြေးစီမံကိန်း အကောင်အထည်ဖော်မည့် ကျေးရွာများတွင်နေအိမ်များ ဆောက်လုပ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းများ အတွက်လည်း ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးနှင့် ဆက်လက်ဆွေးနွေး ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ လူ့အဖွဲ့အစည်းများ အကြား သဟဇာတဖြစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစေမည့် အကြံပြုချက်များနှင့် ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

### အမြင်ချင်းဖလှယ် ဆွေးနွေး

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AHA Centre၊ Ad - Hoc Support Team နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့က ဦးစားပေးစီမံကိန်းများ ဆောင်ရွက်တိုးတက်မှု အခြေအနေ၊ ရန်ပုံငွေရရှိမှု၊ ပြီးပြည့်စုံသည့် ဆန်းစစ်ချက် ဆောင်ရွက်နိုင်ရေး၊ ပြည်တွင်း စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ စီမံကိန်း အကောင်အထည်ဖော် တိုးတက်မှု၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် UEHRD က ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ၊ အာဆီယံနှင့် ထပ်မံပူးပေါင်းဆောင်ရွက်နိုင်ရန် အလားအလာရှိသည့် လုပ်ငန်းနယ်ပယ်အသစ်များနှင့် ဦးစားပေးစီမံချက်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တတိယအကြိမ် အဆင့်မြင့် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ UEHRD ကော်မတီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အတွင်းရေးမှူးချုပ်၊ ဒုတိယအတွင်းရေးမှူးချုပ်၊ AHA Centre မှ အမှုဆောင် ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပဌမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**ရန်ကုန် ဇူလိုင် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဌမအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းညွှန့်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဦးစိုးမင်းထွန်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။



အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာစာရာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြသည်။

ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာများနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး ဒုတိယနေ့ နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်ကြီးများက ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြပြီး ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က အတည်ပြုချက်ရယူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ဇယန္တောဇောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓု သုံးကြိမ်ခေါ်ဆိုကြကာ အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါး စုံညီ ပဌမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား အရဏ်ဆွမ်းအလှူရှင်အဖြစ် ကိုထွန်းထွန်း-မအိသူဇာ မိသားစုက လည်းကောင်း၊ နေ့ဆွမ်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဝေဠုဝန်ရွှေကျင်ကျောင်းတိုက် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ မာနိတ ဦးဆောင်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းအမှတ်စဉ် (၁၈) မှ ဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများ၊ ဓမ္မမိတ်ဆွေဒါယကာ၊ ဒါယိကာမများက တိသတိမ (၃၀) ကြိမ်မြောက် ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကျောက်တံခါးမြို့နယ်အတွင်းရှိ လေပြင်းဘေးသင့်ပြည်သူများကို အားပေးထောက်ပံ့

**နေပြည်တော် ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရှိ ငွေးကုန်းကျေးရွာအုပ်စု၊ မြို့ချောင်းကျေးရွာအုပ်စု၊ ဝိုင်းကြီးကျေးရွာအုပ်စု၊ ဆီဆုံကုန်းကျေးရွာအုပ်စုနှင့် ကင်းကျေးရွာအုပ်စုတို့တွင် ယမန်နေ့က မိုးသည်းထန်စွာရွာခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် နေအိမ်များ၊ စာသင်ကျောင်းအချို့နှင့် ဘုန်းကြီးကျောင်းအချို့တို့ ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဘေးသင့်ပြည်သူများကို အားပေးထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒညင်းကုန်းကျေးရွာအတွင်း နေအိမ်များ ထိခိုက်ပြိုလဲနေမှုကို လိုက်လံကြည့်ရှုကြပြီး ကျားချောင်းကျေးရွာ၊ ဓမ္မပီတိဝိဟာရကျောင်းတိုက်နှင့် ဒညင်းကုန်းကျေးရွာ၊ ဒညင်းကုန်းကျောင်းတိုက်တို့တွင် ဘေးသင့်ပြည်သူများအားတွေ့ဆုံ၍ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် မိမိတို့နိုင်ငံတွင်လည်း သဘာဝဘေးဒဏ်များကို မမျှော်လင့်ဘဲ ကြုံတွေ့ခံစားရပါကြောင်း၊ မိမိတို့အနေဖြင့် ယမန်နေ့က တိုက်ခတ်ခဲ့သော လေပြင်းဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် ဘေးသင့်ပြည်သူများအား လာရောက် အားပေးထောက်ပံ့ခြင်းဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် အစိုးရသစ်စတက်ကတည်းက ဘေးသင့်ပြည်သူများအား အလျင်အမြန် ထောက်ပံ့ခြင်း၊ ထောက်ပံ့မှုပမာဏတိုးမြှင့်ခြင်း၊ အလေအလွင့်မရှိအောင် ကြပ်မတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြောင်းလဲမှုများကို ပြည်သူများ ခံစားနေရပြီဖြစ်သော်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း၊ ပြည်သူများအတွက် ဆောင်ရွက်မှုတိုင်းတွင် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုသည်သာ အဓိကဖြစ်၍ ပြည်သူများ ဆက်လက်ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် အိမ်ခြေ ၆၁ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးများ၊ လူဦးရေ ၂၅၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၃၀၇၈၀၀ နှင့် ပစ္စည်း ၁၆ မျိုးပါ ကယ်ဆယ်ရေးပုံးများကို ဘေးသင့်ပြည်သူများထံသို့ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**သတင်းစဉ်**

# အဝါရောင်မှိုစွဲ ရောဂါဒဏ်ခံနိုင်ရည်ရှိသော အထွက်ကောင်းပဲတီစိမ်းမျိုး စမ်းသပ်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၂၇**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် သုတေသန ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံတွင် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနဗဟိုဌာန (ACIAR) ၏ စီမံကိန်းအရ အဝါရောင်မှိုစွဲရောဂါ ဒဏ်ခံနိုင်ရည်ရှိသော အထွက်ကောင်းပဲတီစိမ်းမျိုးများ၏ အဆင့်မြင့်အထွက်ယှဉ်ပြိုင်ခြင်းသုတေသနကို တတိယအကြိမ်အနေဖြင့် သုတေသနပြု ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**




အဆိုပါ အဝါရောင်မှိုစွဲရောဂါ ဒဏ်ခံနိုင်ရည်ရှိသော ပဲတီစိမ်းမျိုးများ အထွက်ယှဉ်ပြိုင်ခြင်းသုတေသနတွင် အသုံးပြုသည့်မျိုးများသည် အပြည်ပြည်ဆိုင်ရာ ပဲတီစိမ်းဖွံ့ဖြိုးတိုးတက်မှုကွန်ရက်မှ ရရှိသော ပဲတီစိမ်းမျိုးများ အသုံးပြု၍ စိုက်ပျိုးထားခြင်းဖြစ်ပြီး အထွက်နှုန်းကောင်းသည့် ပဲတီစိမ်းမျိုးများကို အဆင့်ဆင့်ရွေးချယ်ခဲ့ရာ တတိယအကြိမ်သုတေသနစမ်းသပ်ကွက်တွင် မျိုးခြောက်ခုကို ရွေးချယ်၍ စမ်းသပ်သုတေသနပြုထားခြင်းဖြစ်ကြောင်း၊ အဆိုပါ မျိုး ခြောက်မျိုးမှာ VI-002487.AG၊ VI-004737.AG၊ VI-004931.AG၊ VI-004933.AG၊ VI-004934.AG နှင့် VI-004969.AG တို့ဖြစ်ပြီး စံထားမျိုးများဖြစ်သော ရေဆင်း-၁၁ နှင့် ရေဆင်း-၁၄ ကို အသုံးပြု၍ (၈x၃) အာစီဘီဖြင့် စမ်းသပ်သုတေသနပြုစိုက်ပျိုးထားလျက်ရှိရာ မကြာမီအချိန်အတွင်း ဒေသ၊ ရေ၊ မြေ၊ ရာသီနှင့် ကိုက်ညီမှုရှိကာ အဝါရောင်မှိုစွဲရောဂါ ဒဏ်ခံနိုင်ရည်ရှိသော အထွက်ကောင်း ပဲတီစိမ်းမျိုးသစ်များ ရရှိလာတော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ပြောသည်။ **ဇူလိုင်မိုး**

# မြန်မာ့ရွှေဈေး စံချိန်တင်ဈေးနှုန်းနီးပါးရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၇**

ကိုဗစ် - ၁၉ ရောဂါ ကြုံတွေ့ခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လက အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၁၁၆၅၀၀၀ ရှိခဲ့ရာမှ ဇူလိုင် ၂၇ ရက်တွင် ငွေကျပ် ၁၂၉၉၀၀၀ ဖြင့် ဈေးပိတ်အရောင်းအဝယ်ဖြစ်ခဲ့သည် ။

နိုင်ငံတကာတွင်ကိုဗစ် - ၁၉ ရောဂါကြောင့် စီးပွားရေးလုပ်ငန်းရှင်အချို့မှာ ငွေတန်ဖိုးထက်ရွှေကို ဦးစားပေးရင်းနှီးမြှုပ်နှံမှုရှိလာပြီး ကမ္ဘာ့ရွှေဈေးပြန်လည်မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးကွက် ပြန်လည်မြင့်တက်လာကြောင်း၊ ရွှေဆိုင်များမှာ ပုံမှန်အရောင်းအဝယ်ရှိကြောင်း ရွှေလုပ်ငန်းရှင်များထံမှ သိရသည်။

ရွှေထည်ရောင်းဝယ်ရာတွင် အွန်လိုင်းမှတစ်ဆင့် ရောင်းဝယ်မှုများရှိပြီး အလျော့တွက်လက်ခပေးရသည့်အတွက် ရင်းနှီးမြှုပ်နှံသူများမှာ အတုံးအခဲများဝယ်ယူကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်၊ ဒေါ်လာငွေလဲလှယ်နှုန်း၊ နိုင်ငံတကာနိုင်ငံရေးအခြေအနေ၊ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုအခြေအနေတို့ကြောင့် ကမ္ဘာ့ရွှေဈေးနှုန်းအတက်အကျဖြစ်ပေါ်လာပြီး ယခုအခါ ရွှေတစ်အောင်စလျှင် ၁၉၃၃ ဒေါ်လာရှိကြောင်း သိရသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက် မြန်မာနိုင်ငံ၏ အမြင့်ဆုံးစံချိန် ငွေကျပ် ၁၃၁၀၀၀၀ သို့ ရွှေဈေးနှုန်းရောက်ရှိခဲ့သည်။ လက်ရှိတွင် ရွှေဈေးနှုန်းမှာ အမြင့်တန်းဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်နိုင်ကြောင်း သိရသည်။ **အောင်သူရ**

# COVID-19 သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ Coronavirus Disease 2019 (COVID-19) ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းဝေး အမှတ်စဉ် ၆/၂၀၂၀ ၏ ဆုံးဖြတ်ချက်အရ COVID-19 ကြောင့်ထိခိုက်မှုရှိနေသည့် စီးပွားရေးလုပ်ငန်းများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီ ဆက်လက်ပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်မှ COVID-19 Fund သို့ ကျပ် ၁၀၀ ဘီလီယံ ထပ်မံဖြည့်တင်းပေးမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ကြေညာချက်အမှတ် ၂/၂၀၂၀ ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ လျာထားသည့် ရန်ပုံငွေအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ၊ ပြည်ပပို့ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးပစ္စည်းထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ပြည်တွင်းထုတ်လုပ်မှုမှ ပြည်ပတင်ပို့သည်အထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ပါဝင်ဆောင်ရွက်သည့်လုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများသို့ ချေးငွေထုတ်ပေးရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အဆိုပါ ချေးငွေကို အထက်အပိုဒ် ၂ တွင် အကျုံးဝင်သည့် စီးပွားရေးလုပ်ငန်းများသို့ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်၍ ချေးငွေထုတ်ပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ပါ၍ အထက်ပါ လုပ်ငန်းအမျိုးအစားများအနက် အောက်ပါအချက်များနှင့် အကျုံးဝင် ကိုက်ညီသောစီးပွားရေးလုပ်ငန်းများအနေဖြင့် ချေးငွေရယူနိုင်ရေး လျှောက်ထားနိုင်ပါသည် -

(က) COVID-19 ကြောင့် အမှန်တကယ်ထိခိုက်မှုရှိနေသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်း ဖြစ်ရမည်။

(ခ) လက်ရှိ လည်ပတ်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ရမည် သို့မဟုတ် ယခု ကြေညာချက်ထုတ်ပြန်သည့် နေ့မတိုင်မီ ယခင် ၅ လအတွင်း က ယာယီရပ်စဲထားသော်လည်း ချေးငွေရရှိပါက ချက်ချင်းပြန်လည် စတင်နိုင်သည့်လုပ်ငန်း ဖြစ်ရမည်။

(ဂ) ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့မတိုင်မီက သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်/လုပ်ငန်းလိုင်စင်ရထားပြီးဖြစ်သည့် လုပ်ငန်းဖြစ်ရမည်။

(ဃ) လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း နှစ်စဉ်ဝင်ငွေရရှိနေသော လုပ်ငန်းဖြစ်ရမည်။

(င) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသောအခြေအနေရှိသော လုပ်ငန်းဖြစ်ရမည်။

(စ) ချေးငွေအား ဝန်ထမ်းနှင့် လုပ်သားများ လစာပေးချေရန်နှင့် လက်ရှိလုပ်ငန်း လည်ပတ်ရန်ကိစ္စအတွက်သာ အသုံးပြုမည့် ကုမ္ပဏီ ဖြစ်ရမည်။

(ဆ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်ရုံးက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် ကုမ္ပဏီမဖြစ်စေရ။ ကုမ္ပဏီမဟုတ်သော စီးပွားရေးလုပ်ငန်းဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန/အဖွဲ့အစည်းက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် စီးပွားရေးလုပ်ငန်း မဖြစ်စေရ။

(ဇ) ဝင်ငွေခွန်/ ကုန်သွယ်ခွန်/ အထူးကုန်စည်ခွန် ပေးဆောင်ထားသည့် ကုမ္ပဏီ ဖြစ်ရမည်။

(ဈ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ကုမ္ပဏီမဟုတ်ပါက ချေးငွေရယူသည့်လုပ်ငန်းပိုင်ရှင်မှ ချေးငွေအား ပြန်လည်ပေးဆပ်ရန် အာမခံချက်ပေးနိုင်ရမည်။

(ည) ဘဏ်တစ်ခုခုမှ ချေးငွေရယူထားပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိသည့်လုပ်ငန်းများ၊ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုကြောင့် ဘဏ်တစ်ခုခုက တရားစွဲဆိုခြင်း ခံထားရသည့် လုပ်ငန်းများ မဖြစ်စေရ။

(ဋ) COVID-19 Fund မှ ထုတ်ပေးသည့် ချေးငွေကို ယခင်က ရယူထားပြီးဖြစ်သည့် လုပ်ငန်းမဖြစ်စေရ။

(ဌ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများက လျှောက်ထားရာတွင် အောက်ပါအချက်များနှင့် ကိုက်ညီရမည် -

(၁) မိသားစု တစ်ပိုင်တစ်နိုင်/ ဝမ်းစာအတွက် မဟုတ်ဘဲ စီးပွားဖြစ် ဆောင်ရွက်နေသောလုပ်ငန်းများ ဖြစ်ရမည်။

(၂) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူထားသည့် လုပ်ငန်း မဖြစ်စေရ။

(၃) အဆိုပါ စီးပွားရေးလုပ်ငန်း အမှန်တကယ် လုပ်ဆောင်နေကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တင်ပြနိုင်သူ ဖြစ်ရမည်။

၅။ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် ချေးငွေရယူထားသည့် လုပ်ငန်းများအနေဖြင့် ချေးငွေပေးဆပ်မှုပျက်ကွက်ပါက Credit Bureau တွင် Negative List အဖြစ် ထည့်သွင်းခံရမည်ဖြစ်ပြီး ဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းတို့မှ ချေးငွေရယူနိုင်ခြင်း မရှိစေရန် စီစဉ်သွားမည်။

၆။ ချေးငွေများကို သတ်မှတ်ထားသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာပုံစံများဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အဆိုပြုလျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရန် ဖော်ပြထားသည့် စာရွက်စာတမ်းအချက်အလက်များ ပြည့်စုံစွာ ဖော်ပြရမည် ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

၇။ လျှောက်လွှာများကိုအောက်ပါ ရုံး၊ ဌာနများတွင် ရယူနိုင်ပါသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ရန်ကုန်မြို့။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် အသင်းရုံးများ။

(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ။

(ဃ) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ။

၈။ လျှောက်လွှာများကိုအောက်ဖော်ပြပါ website များမှလည်း ထုတ်ယူနိုင်ပါသည် -

(က) www.mifer.gov.mm ။

(ခ) www.msme.gov.mm ။

(ဂ) www.dica.gov.mm ။

(ဃ) www.umfcci.com.mm ။

၉။ လျှောက်လွှာများကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၉ ရက်နေ့မှ ဩဂုတ်လ ၁၀ ရက်နေ့အတွင်း နေ့စဉ် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအထိ အောက်ပါနေရာများ၌ လက်ခံသွားမည် ဖြစ်ပါသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် အသင်းရုံးများ။

၁၀။ အွန်လိုင်းမှ လျှောက်ထားလိုသူများအနေဖြင့် https://umfcci-covid19loan.mitcloud.com သို့ ဝင်ရောက်၍ လျှောက်ထားနိုင်ပါသည်။

၁၁။ လျှောက်လွှာလက်ခံရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၀ ရက်နေ့ထက်ကျော်လွန် တင်ပြလာသည့် လျှောက်လွှာများအား လက်ခံဆောင်ရွက်ခြင်းပြုမည် မဟုတ်ပါ။

၁၂။ ချေးငွေလျှောက်ထားခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက အောက်ဖော်ပြပါ ရုံး၊ ဌာနနှင့်ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။ | ၀၁ -၂၃၁၄၃၄၃<br>၀၉၄၅၀၂၀၀၁၇၀ |
| (ခ) | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန။ | ၀၁ - ၆၅၈၀၁၂<br>၀၁ - ၆၅၈၀၃၁ |
| (ဂ) | စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီး ဌာန။ | ၀၉၅၁၅၃၉၄၆ |

၁၃။ COVID-19 ကြောင့် ထိခိုက်မှုရှိနေသည့် အပိုဒ် ၂ ပါ ကဏ္ဍများမှ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့်စီးပွားရေးလုပ်ငန်းများအနေဖြင့် ချေးငွေလျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေးလုပ်ငန်းကော်မတီ**

# မျိုးစေ့ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၇**

စိုက်ပျိုးပညာပေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ ပိုမိုတိုးတက်မြင့်မားလာစေရန်၊ စိုက်ပျိုးနည်းပညာများ ဖြန့်ဝေရာတွင် တောင်သူလက်ဝယ်သို့ ခေတ်မီနည်းပညာများ လျင်မြန်ထိရောက်စွာ ရောက်ရှိစေရန်၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု စီမံကိန်းဧရိယာအတွင်းရှိ ဒေသများတွင် သီးနှံစိုက်စွမ်းအားနှင့်သီးနှံထုတ်လုပ်နိုင်မှု ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြုလုပ်သည့် မျိုးစေ့ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ AERDTC သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း တက်ရောက်အမှာစကားပြောကြားပြီး **(အောက်ပုံ)** စိုက်ပျိုးပညာပေးရေးဌာနခွဲ၊ မျိုးစေ့ဌာနခွဲနှင့် မြေအသုံးချဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) မှ ပညာရှင်များ တက်ရောက်ကြသည်။

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစီမံကိန်း ဧရိယာများအတွင်း တောင်သူများအနေဖြင့် စပါးသီးနှံတစ်ခုတည်း သာမက ဈေးကွက်ဝင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးလာနိုင်ခြင်းဖြင့် ဝင်ငွေပိုမို ရရှိလာမည်ဖြစ်ကြောင်း၊ ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၂၂ - ၂၀၂၃ ခုနှစ်အထိ စီမံကိန်းကာလ ခုနစ်နှစ်ဖြစ်ပြီး စီမံကိန်းဧရိယာများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင်ရှိသည့် တပ်ကုန်း၊ ယင်းမာပင်၊ ပုလဲ၊ တောင်ငူ၊ ရေတာရှည်၊ စဉ့်ကူး မြို့နယ်တို့တွင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောသည်။

မျိုးသန့်ပြန့်ပွားရေး အစီအစဉ်အနေဖြင့် စီမံကိန်းဧရိယာအတွင်း ဒေသနှင့် ကိုက်ညီသော အထွက်ကောင်း မျိုးသန့်များ ရွေးချယ်နိုင်ရေး၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ၊ မျိုးကောင်းမျိုးသန့် ပွားများရေးအတွက် သီးနှံစံပြကွက်များကိုလည်း ဒေသအလိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်စဉ် စီမံကိန်းဧရိယာအတွင်းရှိ မြို့နယ်များ၌ အလုပ်ရုံဆွေးနွေးပွဲများ၊ ဝန်ထမ်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများနှင့် တောင်သူလယ်သမားသင်တန်းများ ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးခင်မောင်ညွန့်ထံက သိရသည်။

ယနေ့ကျင်းပသည့် သင်တန်းကို အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန(IRRI)နှင့်ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပါဝင်သည့် တိုင်းလေးတိုင်း၊ ခရိုင် လေးခရိုင်နှင့် မြို့နယ်ခြောက်မြို့နယ်တို့မှ အမှုထမ်း၊ အရာထမ်း ၂၀နှင့် စိုက်ပျိုးပညာပေးရေးဌာနခွဲ (ရုံးချုပ်)မှ စိုက်ပျိုးပညာပေးဝန်ထမ်း ငါးဦး စုစုပေါင်း ၂၅ ဦးတို့အား သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သိန်း**






**တောင်ငူ မြို့တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှု**

**တောင်ငူ ဇူလိုင် ၂၇**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ်အဖြစ် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ မိမိတို့ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအသီးသီးတွင် ကပ်ထားကြေညာထားမည်ဖြစ်ရာ တောင်ငူမြို့ (၁၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မဲစာရင်းလာရောက်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

မိမိ၏ အမည်စာရင်းများ ပါ/မပါ၊ အချက်အလက်များ မှန်ကန်မှု ရှိ/မရှိ၊ အချက်အလက်များ မှားယွင်းနေပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအသီးသီးတွင် ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်နိုင်ရန် နှိုးဆော်ထားရှိသည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် တောင်ငူမြို့နယ်တွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၉၂၂၉၅ ဦးရှိပြီး မဲရုံပေါင်း ၁၉၂ ရုံ လျာထားကြောင်း တောင်ငူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံလှက ပြောသည်။

**သူရ (တောင်ငူ)**

# မြန်မာနိုင်ငံရှိ မူးယစ်ဆေးဝါးသုံးစွဲသူများအား အသည်းရောင်အသားဝါ စီပိုးဖြစ်ပွားမှုအန္တရာယ်မှ ကာကွယ်ကြပါစို့

**နုနုလွင်**

ယနေ့ဇူလိုင် ၂၈ ရက်တွင် ကျရောက်သော ကမ္ဘာ့အသည်းရောင်အသားဝါရောဂါတိုက်ဖျက်ရေးနေ့တွင် ကမ္ဘာ့ဆရာဝန်များအဖွဲ့နှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော မူးယစ်ဆေးဝါးမူဝါဒပြောင်းလဲရေး စည်းရုံးအရေးဆိုမှု အဖွဲ့-မြန်မာ၊ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများ ကွန်ရက်-မြန်မာနှင့် မဟာမိတ်မြန်မာအဖွဲ့တို့က မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးသုံးစွဲသူများအပါအဝင် အသည်းရောင်အသားဝါပိုးကူးစက်ရန် အခွင့်အလမ်းများနေသူများအတွက် အသည်းရောင်အသားဝါရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများတိုးမြှင့်လုပ်ဆောင်ရန် အထူးလိုအပ်နေကြောင်း တိုက်တွန်းပြောဆိုလိုက်ပါသည်။

**မူးယစ်ဆေးဝါးသုံးစွဲသူထက်ဝက်ကျော် စီပိုးကူးစက်ခံရ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စစ်တမ်းကောက်ယူချက်များအရ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအကြောထဲထိုးသွင်းသုံးစွဲသူ ၉၅၀၀၀ ဝန်းကျင်ခန့်ရှိနေပြီး ၎င်းတို့အတွင်း လူဦးရေတစ်ဝက်ကျော်ခန့်သည် အသည်းရောင်အသားဝါစီပိုး ကူးစက်မှုခံနေရသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ကျန်းမာရေးဝန်ဆောင်မှုများအတွက် လုံ့လစိုက်ကြိုးစားနေကြသော်လည်း အသည်းရောင်အသားဝါ စီပိုးဆေးကုသမှုရရှိနေသော အရေအတွက်သည် မူးယစ်ဆေးဝါးသုံးစွဲသူများကြားတွင် အလွန်နည်းပါးနေပါသည်။

ယခုနောက်ဆုံးထွက်ရှိလာသော အသည်းရောင်အသားဝါကုသဆေး (ဒီအေအေ) သည် ငွေကုန်ကြေးကျမှုပိုမိုသက်သာပြီး ဘေးထွက်ဆိုးကျိုးနည်းသည့်အပြင် အသည်းရောင်အသားဝါစီပိုးကို သုံးလအတွင်း အမြစ်ပြတ်ပျောက်ကင်းအောင် ကုသနိုင်ပါသည်။ သို့ပါသော်လည်း မူးယစ်ဆေးဝါးသုံးစွဲသူများအနေဖြင့် ကာကွယ်ရေးနှင့် ကုသရေးဝန်ဆောင်မှုများကို လက်လှမ်းမီရယူရန် အခက်အခဲများစွာရှိနေပါသည်။ လိုအပ်သည့် ဆေးစစ်ချက်ရယူရန်နှင့် ကုသစရိတ်မတတ်နိုင်ခြင်း၊ ကျန်းမာရေးအသိပညာဗဟုသုတနည်းပါးခြင်းနှင့် ဝေးလံခေါင်ဖျားသောဒေသများတွင် မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ကျန်းမာရေးဝန်ဆောင်မှုနှင့် အထောက်အပံ့ပေးသည့် လုပ်ငန်းများ ရရှိမှုနည်းပါးနေခြင်း စသည့်အခက်အခဲများစွာရှိနေပါသည်။ အသည်းရောင်အသားဝါစီပိုးကုသမှုစရိတ်သည် မြန်မာငွေကျပ် ၁၅ သိန်းဝန်းကျင်ခန့်အထိ ကုန်ကျစရိတ်လျော့ကျသွားသော်လည်း ယင်းပမာဏသည်ပင် မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် တတ်နိုင်သောပမာဏ မဖြစ်နိုင်သေးပါ။

မူးယစ်ဆေးဝါးသုံးစွဲသူများကို ခွဲခြားဆက်ဆံမှုများ ရှိနေခြင်းသည် ၎င်းတို့အတွင်း အသည်းရောင်အသားဝါ စီပိုးကူးစက်ပြန့်ပွားမှုကို အမြစ်ပြတ်ရှင်းလင်းရာတွင် အတားအဆီးတစ်ခုအသွင်ရှိနေပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများသည် ဖမ်းဆီးခံရခြင်း၊ ခွဲခြားဆက်ဆံပြုမူပြောဆိုခံရခြင်းတို့ကြောင့် မိမိကိုယ်ကိုယ်သိမ်ငယ်စိတ်ဝင်တတ်ကြပါသည်။ ထို့ကြောင့် မိသားစုလူ့ပတ်ဝန်းကျင်မှ သွေဖည်သွားကြပြီး လူတောမတိုးဝံ့တော့ဘဲ ကျန်းမာရေးဝန်ဆောင်မှုရယူနေမှုများပင် တဖြည်းဖြည်းနည်းပါးသွားတတ်ကြပါသည်။ သည့်အတွက်ကြောင့် မူးယစ်ဆေးဝါးသုံးစွဲနေသူများသည် အသည်းရောင်အသားဝါကူးစက်ပြန့်ပွားမှုကို အဆိုးဆုံးခံစားနေရသောအုပ်စုဖြစ်သော်လည်း ဆေးကုသမှုကိုရယူရန် အခွင့်အလမ်းအနည်းဆုံးသူများ ဖြစ်နေရပါသည်။

အသည်းရောင်အသားဝါ ပြန်လည်ကူးစက်မှု (reinfection) ကို ကာကွယ်ရန်အတွက် အသည်းရောင်အသားဝါစီပိုး ပြုစုကုသမှုများနှင့်အညီ ပြီးပြည့်စုံသော အန္တရာယ်လျော့ချရေးဝန်ဆောင်မှုများလည်း တစ်ပြိုင်တည်းရယူဖို့ အထူးလိုအပ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများအနေဖြင့် ကုသမှုကိုအပြည့်အဝခံယူပြီး ရောဂါလုံးဝပျောက်ကင်းသွားသော်လည်း ၎င်းတို့၏နေ့စဉ်မူးယစ်ဆေးသုံးစွဲမှုတွင် ဆေးထိုးအပ်နှင့် ဆေးထိုးပစ္စည်းများ ပေါင်းသုံးခြင်းကဲ့သို့သော ရောဂါအသစ်ပြန်လည်ကူးစက်စေနိုင်သည့် အကြောင်းအရင်းများစွာရှိပါသည်။ ထို့ကြောင့် လူထုအခြေပြု ကိုယ်ထူကိုယ်ထအုပ်စုများသည် မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ဆေးပညာဝန်ထမ်းများအကြား အသည်းရောင်အသားဝါနှင့် ပတ်သက်သည့် သင့်လျော်သော သတင်းအချက်အလက်များကို ရရှိစေရန်အတွက် လိုအပ်သောပေါင်းကူးတံတားများဖြစ်ပါသည်။

**၂၀၁၉ ခုနှစ်မှ စတင်၍ ကုသရေးများ စတင်လုပ်ဆောင်**

ကမ္ဘာ့ဆရာဝန်များအဖွဲ့သည် ၂၀၁၉ ခုနှစ်မှ စတင်၍ ကချင်ပြည်နယ်တွင် နယ်စည်းမထားဆရာဝန်များအဖွဲ့ (ဆွစ်ဇာလန်) နှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါးသုံးစွဲသူများအား အသည်းရောင်အသားဝါ စီပိုးကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့ပါသည်။ ဤစီမံချက်မှတစ်ဆင့် ကမ္ဘာ့ဆရာဝန်များအဖွဲ့နှင့် နယ်စည်းမထားဆရာဝန်များအဖွဲ့ (ဆွစ်ဇာလန်) တို့သည် မြန်မာနိုင်ငံ၏ အသည်းရောင်အသားဝါစီပိုး ကူးစက်ခံရမှုအများဆုံးဖြစ်နေသော ဦးတည်အုပ်စုဖြစ်သည့် မူးယစ်ဆေးဝါးသုံးစွဲသူများကြားတွင် ဆေးကုသမှုပိုမိုလက်လှမ်းမီရရှိရေးအတွက် ကူညီလုပ်ဆောင်ပေးနိုင်ခဲ့သည်။ စီမံချက်တွင် ၂၀၁၉ ခုနှစ် ဇူလိုင်လမှစတင်၍ လူနာစုစုပေါင်း ၇၉၁ ဦးကုသမှုစာရင်းဝင်ခဲ့ပြီး ၎င်းတို့အတွင်းမှ ရောဂါပိုးပျောက်ကင်းသူ ၁၁၃ ဦး ကုသမှုပြီးစီးသူ ၃၇၃ ဦးနှင့် ကုသမှုစတင်နေသူ ၅၃၀ ရှိပြီဖြစ်သည်။ စီမံချက်အတွင်း လူထုပူးပေါင်းပါဝင်မှုသည် ကျန်းမာရေးဝန်ထမ်းများ၏ ကုသလမ်းညွှန်မှုများကို သေချာလိုက်နာခြင်း အပါအဝင် ရောဂါကာကွယ်ရေးအသိပညာများ၊ ဖြန့်ဝေမှုများ တိုးတက်မှုရှိစေရန် များစွာထောက်ပံ့မှုပေးပါသည်။ ထိုသို့ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်လုပ်ဆောင် နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသော အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ငွေကြေးထောက်ပံ့မှုများနှင့် ၄က်ဖျား၊ တီဘီ၊ အေအိုင်ဒီအက်စ် ရောဂါတိုက်ဖျက်ရေး ကမ္ဘာ့ရန်ပုံငွေအဖွဲ့တို့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။



ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ အသည်းရောင်အသားဝါစီပိုးကုသမှုပေးနိုင်ရေး ဆွေးနွေးစဉ်။

**"ယခုအခါ မြန်မာနိုင်ငံသည် အသည်းရောင်အသားဝါ စီပိုးကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်အောင်လုပ်ဆောင်ရာတွင် တိုးတက်မှုများစွာ ရှိပြီးဖြစ်။ ၂၀၃၀ ပြည့်နှစ်တွင် အသည်းရောင်အသားဝါစီပိုးရောဂါကူးစက်မှုကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေးနှင့် ၈၀ ရာခိုင်နှုန်းအထိ လုံးဝပျောက်ကင်းအောင်ကုသနိုင်ရေးဆိုသည့် ကမ္ဘာ့တစ်ဝန်းလုံးဆိုင်ရာ ကျန်းမာရေးရည်မှန်းချက် ပြည့်မီရန်အတွက် အသည်းရောင်အသားဝါ စီပိုးကာကွယ်ရေးနှင့် ကုသရေးဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီ ရရှိအောင် (အထူးသဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ကြားတွင်) တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်"**





ကချင်ပြည်နယ် ဟိုပင်မြို့၌ အသည်းရောင်အသားဝါစီပိုးကုသမှုပေးနိုင်ရေး ဆွေးနွေးစဉ်။

ကမ္ဘာ့ဆရာဝန်များအဖွဲ့မှ အသည်းရောင်အသားဝါ ဆေးကုသမှုခံယူနေသော ကချင်ပြည်နယ်မှ မူးယစ်ဆေးအကြောထဲ ထိုးသွင်းသုံးစွဲသူတစ်ဦးဖြစ်သည့် ကို ----ကလည်း " ကျွန်တော့်မှာ အသည်းရောင်အသားဝါ စီပိုးရှိတဲ့အကြောင်းကို သိခဲ့တာလွန်ခဲ့တဲ့ ၁၀ နှစ်ကတည်းကဖြစ်ပါတယ်။ ရောဂါစဖြစ်ကတည်းက ကုသမှုခံယူချင်ခဲ့ပေမဲ့လည်း အဲဒီအချိန်တုန်းက ကုသမှုအခမဲ့ပေးတဲ့ ဆေးရုံဆေးခန်းတွေက မရှိသေးပါဘူး။ ဒါ့အပြင် ပတ်ဝန်းကျင်ကလူတွေကလည်း အလွန်ပဲခွဲခြားဆက်ဆံမှုတွေရှိခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ ကျွန်တော့်ကျန်းမာရေးအခြေအနေပိုမိုဆိုးရွားလာပါတယ်။ အဲဒီအချိန်မှာ အမ်ဒီအမ်က စီပိုးကုသဆေးပေးနေပြီးဆိုတာသိရတော့ အလွန်ကံကောင်းတယ်လို့ ခံစားရပါတယ်။ ဆရာတို့က ကျွန်တော့်ကိုခြောက်လ ဆေးကုသမှုပေးခဲ့ပါတယ်။ ဆေးကုသမှုအပြည့်အဝခံယူပြီးနောက် သုံးလကြာတဲ့အခါမှာ သွေးထဲမှာရောဂါပိုးရှိ မရှိသိရအောင် သွေးပြန်စစ်ရပါတယ်။ အဲ့ဒီအချိန်တုန်းက 'ငါသာရောဂါမပျောက်ခဲ့ရင် ဘာလုပ်ရမလဲဆိုတဲ့' အတွေးနဲ့ စိတ်တော်တော်လှုပ်ရှားပါတယ်။ ဆရာတွေက ရောဂါလုံးဝပျောက်သွားပြီလို့ ပြောတဲ့အချိန်မှ အတိုင်းမသိ ဝမ်းသာခဲ့ရပါတယ်။ ဆေးကုသမှု ခံယူပြီးတဲ့နောက် ကျွန်တော့်ကျန်းမာရေးအခြေအနေ တော်တော်လေး ကောင်းလာပါတယ်။ အခုအချိန်မှာလူတွေကလည်း အသည်းရောင်အသားဝါရောဂါနဲ့ပတ်သက်ပြီး အသိပညာတိုးတက်လာလို့ ခွဲခြားဆက်ဆံမှုလည်း အနည်းငယ်လျော့နည်းလာပါတယ်။ အခုတော့ ကျွန်တော့်အနေနဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး စိတ်ပူပန်စရာမရှိတော့ဘဲ အလုပ်ကိုလည်း ကောင်းကောင်းလုပ်နိုင်နေပါပြီ။ ပြီးတော့ ရောဂါပြန်လည်ကူးစက်မှာကို ကာကွယ်နိုင်ဖို့ MdM မှာပဲ အန္တရာယ်လျှော့ချရေး ဝန်ဆောင်မှုတွေ ဆက်လက်ရယူနေပါတယ်။"

**လုံးဝပျောက်ကင်းအောင် ကုသနိုင်သော ရောဂါသာဖြစ်**

မိုးကောင်းမြို့နယ်ရှိ ကမ္ဘာ့ဆရာဝန်များအဖွဲ့၏ အသည်းရောင်အသားဝါ ဆေးကုသရေးလုပ်ငန်းတွင် နှစ်သိမ့်ဆွေးနွေး ပညာပေးသူ တာဝန်ထမ်းဆောင်နေသော ဆရာမဆန်းရာလီကလည်း "ဆရာဝန်ညွှန်ကြားထားသော ဆေးများကိုပုံမှန်သောက်ပြီး မိမိကိုယ်ကို စိတ်အားတက်ကြွစွာနေထိုင်ပါ။ အသည်းရောင်အသားဝါ စီပိုးဟာ လုံးဝပျောက်ကင်းအောင် ကုသနိုင်သော ရောဂါဖြစ်ပါတယ်" ဟုပြောကြားသည်။

"မူးယစ်ဆေးဝါးသုံးစွဲသူတွေကြားထဲမှာ အသည်းရောင်အသားဝါ ရောဂါပိုးကူးစက်ခံထားရသူ အများကြီးရှိနေပါတယ်။ သူတို့တွေက အသည်းရောင်အသားဝါ စီပိုးဟာ အသက်အန္တရာယ်ရှိနိုင်တဲ့ရောဂါပိုးလို့ သိထားကြပါတယ်။ သူတို့ဟာ ဆေးခန်းကိုရောက်ရင် အသည်းရောင်အသားဝါတစ်မျိုးတည်း ကူးစက်ခံရတဲ့လူတွေကိုရော ဆေးကုသပေးဖို့အစီအစဉ်ရှိလားဆိုတာ အမြဲတမ်းမေးကြပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း အသည်းရောင်အသားဝါ ဆေးကုသမှုပေးတဲ့နေရာမှာ အချို့ကန့်သတ်ချက်လေးတွေ ရှိနေပါသေးတယ်။ ယခုကျွန်တော်တို့ စီမံချက်မှာက မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်ပြီး အိတ်အိုင်ဗွီရောဂါပိုးရော အသည်းရောင်အသားဝါ စီပိုးပါ နှစ်မျိုးလုံး ကူးစက်ခံထားရတဲ့ လူတွေကိုပဲ ရွေးချယ်ကုသပေးနိုင်သေးတာပါ။ အသည်းရောင်အသားဝါ ရောဂါပိုးတစ်ခုတည်း ကူးစက်ခံထားရတဲ့ လူနာတွေကလည်း ဆေးကုသမှုကို လိုချင်နေကြပါတယ်" ဟု MdM ၏ စီမံချက်မန်နေဂျာ ဒေါက်တာဇော်ဇော်အောင်က ထုတ်ဖော်ပြောကြားထားသည်။

ယခုအခါ မြန်မာနိုင်ငံသည် အသည်းရောင်အသားဝါ စီပိုးကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်အောင်လုပ်ဆောင်ရာတွင် တိုးတက်မှုများစွာရှိပြီးဖြစ်ပါသည်။ သို့သော် ၂၀၃၀ ပြည့်နှစ်တွင် အသည်းရောင်အသားဝါ စီပိုးရောဂါကူးစက်မှုကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေးနှင့် ၈၀ ရာခိုင်နှုန်းအထိ လုံးဝပျောက်ကင်းအောင်ကုသနိုင်ရေးဆိုသည့် ကမ္ဘာ့တစ်ဝန်းလုံးဆိုင်ရာ ကျန်းမာရေးရည်မှန်းချက် ပြည့်မီရန်အတွက် အသည်းရောင်အသားဝါ စီပိုးကာကွယ်ရေးနှင့် ကုသရေးဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီရရှိအောင် (အထူးသဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူများကြားတွင်) တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအပါအဝင်အလှူရှင်များ၊ ဒေသခံအကြီးအကဲများနှင့် လူမှုရေးအဖွဲ့အစည်းများအား မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါစီပိုးကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ပိုမိုအားမြှင့်လုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားလိုက်ပါသည်။ ။

❒ *ရွှေ့ဖုံးမှ*

သို့သော် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက်သည် အစိုးရရုံးပိတ်ရက်ဖြစ်သည့်အတွက် ရုံးဖွင့်ရက်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၁ ရက်တွင် ပြည်သူများထံသို့ ဖြန့်ဝေခဲ့ပြီး ဖြစ်ပါကြောင်း၊ လက်ရှိသုံးစွဲလျက်ရှိသည့် ငါးရာကျပ်တန်ငွေစက္ကူများသည်လည်း တရားဝင်ငွေအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၆၆ တွင် ဗဟိုဘဏ်သည် မည်သည့်ငွေစက္ကူအမျိုးအစားကိုမဆို ပြောင်းလဲသုံးစွဲရန် လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ယင်းဆောင်ရွက်ချက်အခြေအနေကို အနီးစပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေစက္ကူ၏ မျက်နှာစာဘက်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံနှင့် ကျောဘက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အဦပုံ ရိုက်နှိပ်ထားသည့် ငါးရာကျပ်တန်ငွေစက္ကူပုံစံသစ် ထုတ်ဝေခဲ့မှုအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုမှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

## အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ပုံဖြင့် ငါးရာကျပ်တန် ပုံစံသစ် ငွေစက္ကူထုတ်ဝေမှုကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယင်းကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသည့်အတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ပုံဖြင့် ငါးရာကျပ်တန် ပုံစံသစ် ငွေစက္ကူထုတ်ဝေမှုကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။


ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အီလက်ထရွန်နစ်စာပို့စနစ်နှင့် ဒစ်ဂျစ်တယ်သက်သေခံဆိုင်ရာ အခြေခံအဆောက်အဦစနစ် စီမံကိန်းဆောင်ရွက်ရန် ဩစတြီးယားနိုင်ငံ Unicredit Bank ထံမှ ထောက်ပံ့ငွေ ယူရို ၀ ဒသမ ၈၆၁ သန်းနှင့် အတိုးမဲ့ချေးငွေယူရို ၄ ဒသမ ၈၇၆ သန်း ရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီး ဦးသာဦးက အီလက်ထရွန်နစ် စာပို့စနစ် တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ အစိုးရဌာနအဖွဲ့အစည်းများတွင် အရေးကြီးကိစ္စရပ်များကို ပိုမိုလုံခြုံမှုရှိသော နိုင်ငံပိုင် အီလက်ထရွန်နစ် စာပို့စနစ် (အီးမေးလ်) အသုံးပြု၍ ပြည်တွင်း / ပြည်ပ လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရေး အဆင့်မြှင့်တင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် အခမဲ့အသုံးပြုနိုင်သည့် အီးမေးလ် (Free Email) များကို အသုံးမပြုတော့ဘဲ ကိုယ်ပိုင် Domain ဖြင့် တည်ဆောက်ထားသော အီးမေးလ်များကို လုံခြုံမှုနှင့် Storage အပါအဝင် အခြားစွမ်းဆောင်ရည်များကို အဆင့်တိုးမြှင့် ဆောင်ရွက်ခြင်းဖြင့် gov.mm သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်း Domain အမည်ဖြင့် ဂုဏ်သိက္ခာရှိရှိအသုံးပြုနိုင်မည် ဖြစ်ပါကြောင်း။

ဒစ်ဂျစ်တယ် သက်သေခံဆိုင်ရာ အခြေခံအဆောက်အဦစနစ်နှင့် စပ်လျဉ်း၍ ဒစ်ဂျစ်တယ်အသိအမှတ်ပြုလက်မှတ်များကို ထုတ်ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အသုံးပြုခြင်း၊ သိမ်းဆည်းခြင်းနှင့် ဖျက်သိမ်းခြင်းတို့ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သော Hardware နှင့် Software တို့ပေါင်းစပ်ထားသော နည်းပညာဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ဒစ်ဂျစ်တယ်ခေတ်တွင် မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့်ပစ္စည်း အသုံးပြုထားကြောင်း စသည်တို့ကို စစ်မှန်ကြောင်း သက်သေအထောက်အထားပြနိုင်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းပညာဖြစ်ပါကြောင်း၊ အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းများ၊ e – Government ၊ e – Commerce နှင့် Financial Technology (Fin Tech) စသည်တို့တွင် အချက်အလက်လုံခြုံမှုစနစ်အတွက် အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

အီလက်ထရွန်နစ် စာပို့စနစ်နှင့် ဒစ်ဂျစ်တယ်သက်သေခံဆိုင်ရာ အခြေခံအဆောက်အဦစနစ် စီမံကိန်းသည် အစိုးရဌာန၊ အဖွဲ့အစည်းများအားလုံး မျှဝေအသုံးပြုရန် Shared Infrastructure ဆောင်ရွက်ခြင်းဖြစ်၍ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် e – Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရေး တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ထောက်ပံ့ငွေ ယူရို ၀ ဒသမ ၈၆၁ သန်းနှင့် အတိုးမဲ့ချေးငွေ ယူရို ၄ ဒသမ ၈၇၆ သန်း စုစုပေါင်း ယူရို ၅ ဒသမ ၇၃၇ သန်းရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ဤချေးငွေစီမံကိန်းသည် နိုင်ငံတော်၏ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ခုဖြစ်ရာ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေတို့နှင့် ကိုက်ညီပါကြောင်း၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာနှင့်လည်း ကိုက်ညီပါကြောင်း၊ ဖွံ့ဖြိုးမှု အကူအညီဆိုင်ရာ မူဝါဒတို့နှင့် ကိုက်ညီမှုရှိသည်ကို စိစစ်ထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဩစတြီးယားနိုင်ငံ Unicredit Bank ထံမှ ထောက်ပံ့ငွေ ယူရို ၀ ဒသမ ၈၆၁ သန်းနှင့် အတိုးမဲ့ချေးငွေ ယူရို ၄ ဒသမ ၈၇၆ သန်း စုစုပေါင်း ယူရို ၅ ဒသမ ၇၃၇ သန်းရယူရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။



ဒုတိယဝန်ကြီး
ဦးသာဦး



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



ဒုတိယဝန်ကြီး
ဦးခင်မောင်ဝင်း



မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်းနှင့် ဩဂုတ် ၅ ရက်တွင် ဆွေးနွေးရန်လျာထားပါကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျေးလက်ဒေသလျှပ်စစ်ဓာတ်အား ရရှိမှုမြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် အာရှ ဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၂၇ သန်း ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး က တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

## ပဲခူး– ကျိုက်ထို အမြန်လမ်းမကြီး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်း ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပဲခူး– ကျိုက်ထို အမြန်လမ်းမကြီး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်း ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦးက ယခုဖော်ဆောင်မည့် စီမံကိန်းကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာများ၊ ကျွမ်းကျင်လုပ်သားများအတွက် အလုပ်အကိုင်များရရှိလာမည်ဖြစ်ပြီး စီမံကိန်းဖြတ်သန်းသွားရာ လမ်းဘေးဝဲယာတွင်ရှိသည့် မြို့၊ ရွာများ၏ ဒေသထွက်ကုန်ပစ္စည်းများ ဈေးကွက်သစ်ရရှိရေးအပါအဝင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဘဝများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ နိုင်ငံတကာအဆင့်မီ ပဲခူး– ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် လိုအပ်နေသည့် အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈သန်း အား အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ ချေးယူမည့်အစီအစဉ်အား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ပုလော မဲဆန္ဒနယ်မှ ဦးအုန်းခင်က ယခု ပဲခူး–ကျိုက်ထို လမ်းပိုင်းကို တည်ဆောက်ခြင်းသည် တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဘက်စုံကောင်းမွန်ပြည့်စုံစေသည့် စီမံကိန်းဖြစ်သည့်အတွက် ထောက်ခံကြိုဆိုပါကြောင်း၊ ထို့ပြင် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ကဝ၊ သနပ်ပင် စသည့်မြို့များသည်လည်း ယခု လမ်းမကြီးနှင့် ထိစပ်လာသည့်အတွက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ဖြစ်ပါကြောင်း၊ ယခုလမ်းဖောက်လုပ်မည်ဆိုပါက ခရီးလမ်းတိုသွားမည်ဖြစ်ပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းခြင်းအကျိုးကိုလည်း ရရှိမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဦးစောမိုးမြင့် (ခေါ်) ဆင်မြူရယ်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဖွဲ့နေဇော်၊ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး စိန်ဝင်း၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်နှင့် ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာ ခင်ဆောင် တို့က ဆက်လက်ဆွေးနွေးကြသည်။

## ပဲခူး – ကျိုက်ထို လမ်းသစ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၂၇ ဒသမ ၇၇၉ ဘီလီယံ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပဲခူး – ကျိုက်ထို လမ်းသစ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၂၇ ဒသမ ၇၇၉ ဘီလီယံ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် က ပဲခူး – ကျိုက်ထိုလမ်းသစ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်မည့် စစ်တောင်းမြစ်ကူးတံတား(ကျိုက်ထို) စီမံကိန်း ဆောင်ရွက်လိုသည့် ရည်ရွယ်ချက်ကိုကြည့်ပါက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်စေရန်၊ ဒေသထွက် တည်ဆောက်ရေးပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းဖြင့် ဒေသခံပြည်သူများ ဝင်ငွေတိုးတက်လာနိုင်စေရန်နှင့် နိုင်ငံအတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်တို့ဖြစ်ကြောင်း သိရှိရသည့်အတွက် ရည်ရွယ်ချက်ကောင်းမွန်ပါကြောင်း၊ သို့ရာတွင် ချေးငွေဖြင့်တည်ဆောက်ရသော လုပ်ငန်းဖြစ်သည့်အတွက် စနစ်တကျဖြင့် မိမိကိုယ်ပိုင်ငွေကဲ့သို့ လုပ်ငန်းအောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦးနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော COVID – 19 ၏ သက်ရောက်မှုများကို တုံ့ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့အစီအစဉ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာသန်း ၂၅၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်းက CERP စီမံကိန်းသည် လောလောဆယ်ရင်ဆိုင်နေရသော သက်ရောက်မှုများကို ကုစားရုံသာမက မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ချိတ်ဆက်နိုင်ရန်အတွက် Economic Recovery Plan ကို ရေးဆွဲမည်ဖြစ်ရာ ရေတိုပြဿနာသာမက ရေရှည်ကိုပါ လှမ်းမျှော်ကြည့်သည့် စီမံကိန်းအတွက် ချေးငွေရယူခြင်းကို ကြိုဆိုပါကြောင်း၊ CERP ပန်းတိုင်(၇)ရပ်၏ စီမံကိန်းများသည် ကောင်းမွန်သော်လည်း အကောင်အထည်ဖော်ရာတွင်လည်း ကောင်းမွန်ရန်လိုအပ်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းပါဝင်ရမည်ဖြစ်သကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း မိမိမဲဆန္ဒနယ်တွင် မည်သို့အကောင်အထည်ဖော်နေသည်ကို လေ့လာရန် လိုအပ်ပါကြောင်းနှင့် ချေးငွေယူရန်ကိစ္စကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဝင်းလွင်ဦး၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ရဲထွန်းနှင့် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဇူလိုင် ၂၉ ရက် တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

❍ *ရှေ့ဖုံးမှ*

မဲစာရင်းကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ၁၄ ရက်တိတိ ကြေညာထားမည်ဖြစ်သည်။

မဲဆန္ဒရှင်စာရင်းသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပထမအကြိမ် ထုတ်ပြန်ထားခြင်းဖြစ်ပြီး ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်း ဆောင်ရွက်ပြီး မဲဆန္ဒရှင်စာရင်းများကို ပြန်လည်ဖြည့်စွက် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဘိုမြို့တွင် မြို့ပေါ် သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ကျေးရွာခွဲ နှစ်ရွာရှိ မဲရုံပေါင်း ၁၇ ရုံတွင် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် အမျိုးသား ၃၄၂၅ ဦး၊ အမျိုးသမီး ၃၂၈၇ ဦး မဲဆန္ဒရှင် စုစုပေါင်း ၆၇၁၂ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**စိုးမိုးကျော်(ဆင်ဘို ပြန်/ဆက်)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၈ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်)**
**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနေ ထွန်းဝေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၇-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနေ ထွန်းဝေ(၄၈)နှစ်၊ (ဘ) ဦးထွန်းကြိုင်၏ နေအိမ်အား ဝင်ရောက် ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ) ၁၃၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ အောင်းပင်ကျေးရွာနေ မောင်ရင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၇-၂၀၂၀ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ အောင်းပင်ကျေးရွာနေ မောင်ရင်(၃၅)နှစ်၊(ဘ)ဦးကျော်မြ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်နေပြီး နေအိမ်အိပ်ခန်းအတွင်းမှ WY/MY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(ဝန်းသို)မယ(ပ)၈၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ပျဉ်းစုကျေးရွာနေ မြင့်ထွေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၇-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ပျဉ်းစုကျေးရွာနေ မြင့်ထွေး(၄၂)နှစ်၊ (ဘ)ဦးမောင်ကြီး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်)မယ(ပ)၉၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ နန်းပေါင်းကျေးရွာနေ အောင်လွင်ဌေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၇-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ နန်းပေါင်းကျေးရွာ၊ ရွာလမ်းမပေါ်၌ ၎င်းကျေးရွာနေ အောင်လွင်ဌေး(၄၂)နှစ်၊ (ဘ)ဦးစီအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်) မယ(ပ) ၉၅/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ မဝင်းယဉ်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၇-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ မဝင်းယဉ်(၃၀)နှစ်၊ (ဘ)ဦးသန်းရွှေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ)၁၃၆/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ဘုရားတစ်ဆူကျေးရွာနေ ထိန်လင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၇-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ဘုရားတစ်ဆူကျေးရွာနေ ထိန်လင်း(၄၂)နှစ်၊ (ဘ)ဦးလှရိုန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ အေးမောင် (၅၅)နှစ်၊ (ဘ)ဦးမောင်သိန်း၊ သန်းဝင်း(၄၇)နှစ်၊ (ဘ) ဦးဘသောင်း၊ အောင်စိန်(၄၈)နှစ်၊ (ဘ)ဦးမောင်အောင်နှင့် သန်းရွှေ(၃၄)နှစ်၊ (ဘ) ဦးထွန်းလှတို့(၅)ဦးအား တွေ့ရှိပြီး ရှာဖွေနေစဉ် ထိန်လင်း၊ အေးမောင်၊ အောင်စိန်နှင့် သန်းရွှေတို့(၄)ဦးမှ ဖမ်းဆီးရေးအဖွဲ့အား ဓားဖြင့် ပြန်လည်ခုခံတိုက်ခိုက်သဖြင့် ပြန်လည်လုံးထွေးဖမ်းဆီးခဲ့ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၅)ဦးအား မမစ(ဖောင်းပြင်)မယ(ပ)၁၃၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁/၂၂(ခ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ တပ်ကုန်းကျေးရွာနေ သန်းအောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၇-၂၀၂၀ ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ တပ်ကုန်းကျေးရွာနေ သန်းအောင်(၄၇)နှစ်၊ (ဘ)ဦးသာထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဝန်းသို) မယ(ပ)၈၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ ပန်းတောကျေးရွာနေ ပန်ကာသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၇-၂၀၂၀ ရက်နေ့တွင် ဗန်းမောက်မြို့နယ်၊ ပန်းတောကျေးရွာနေ ပန်ကာ(ခ)စိုးမင်းထက်(၂၁)နှစ်၊ (ဘ)ဦးတင်ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဗန်းမောက်)မယ(ပ)၈၆/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ သီရိမြိုင်ကျေးရွာနေ မိငွေးဝင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၇-၂၀၂၀ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ထောင်ခမတ်ကျေးရွာနေ ကျော်သူစိုး(၂၉)နှစ်၊ (ဘ)ဦးစိုးစိုးဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဘုတ်ပြင်း)မယ (ပ)၁၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပြီး စစ်ဆေးဖော်ထုတ်ချက်အရ သီရိမြိုင်ကျေးရွာနေ ဒေါ်ငွေးဝင်း(ခ)မိငွေးဝင်း(၄၈)နှစ်၊ (ဘ)ဦးသန်းမြင့်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဘုတ်ပြင်း) မယ(ပ) ၁၈/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး၊သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၇)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၇)ဦး၊ မ(၃)ဦး၊ ပေါင်း(၁၀)ဦးတို့အား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၆-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာနေ ဇော်လင်းထွန်း(၃၉)နှစ်၊ (ဘ) ဦးမောင်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တကောင်း) မယ(ပ)၁၇/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျောက်တန်း ရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၅)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၄)ဦး၊ မ(၂)ဦး၊ ပေါင်း(၆)ဦးတို့အား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၉-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်၊ (၈) လမ်းထိပ်၌ သီရိမြိုင်ရပ်ကွက်နေ ကျော်မောင်မောင် (ခ) အသေးလေး(၂၀)နှစ်၊(ဘ)ဦးတင့်လွင်နှင့် မုပ္ပန်ရပ်ကွက်နေ သက်မှူးသာ(ခ)စုတ်ချွန်း(၂၀)နှစ်၊ (ဘ)ဦးကံသာဦးတို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မုပ္ပန်) မယ(ပ)၄၆/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်နေ ဟန်ဝင်းဇော်သည် မူးယစ် ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၇-၂၀၂၀ ရက်နေ့တွင် ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်နေ ဟန်ဝင်းဇော်(၁၉)နှစ်၊ (ဘ)ဦးဇော်မင်းဌေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မနှင်းပွင့်(၂၃)နှစ်၊ (ဘ)ဦးအေးဟန်၊ တပင်ရွှေထီး ရပ်ကွက်နေ ပေါစိန်(၅၅)နှစ်၊ (ဘ)ဦးဖိုးခန့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၁)ရပ်ကွက်နေ နိုင်မျိုး(၃၈)နှစ်၊ (ဘ)ဦးတင်သန်းတို့(၄)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ)မယ(ပ)၂၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်သန်းသန်းထွေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၇-၂၀၂၀ ရက်နေ့တွင် ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂) ရပ်ကွက်နေ ဒေါ်သန်းသန်းထွေး(၅၂)နှစ်၊ (ဘ)ဦးသက်ရှည်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သမီးဖြစ်သူ မသိမ့်သိမ့်သူ(၂၉)နှစ်၊ (ဘ)ဦးတင်မောင်ထွေးတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဗိုလ်တထောင်)မယ(ပ)၂၅/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ (၉၄)ရပ်ကွက်နေ ဝေယံထွန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၇-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၃)ရပ်ကွက်၊ ရွှေလီလမ်းပေါ်၌ ၎င်းမြို့နယ်၊ (၉၄)ရပ်ကွက်နေ ဝေယံထွန်း(ခ)တူးတူး(ခ)ဂျပန်ကြီး(၂၈)နှစ်၊ (ဘ)ဦးရဲအောင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံဆိပ်ကမ်း) မယ (ပ) ၃၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ (၁)ရပ်ကွက်နေ ဝင်းဆန်းထွန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၇-၂၀၂၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ယမုံနာ(၁) ရပ်ကွက်နေ ဝင်းဆန်းထွန်း(ခ)အဲဗား(၂၅)နှစ်၊ (ဘ) ဦးသိန်းဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ယမုံနာ(၂)ရပ်ကွက်နေ နိုင်အောင်(၃၆)နှစ်၊ (ဘ) ဦးရဲမြင့်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ) မယ (ပ) ၁၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်နေ အောင်ကျော်လင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၇-၂၀၂၀ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ စာ၀(၁၇)လမ်းထိပ်၌ ၎င်းရပ်ကွက်နေ ဂျိုင်း(ခ) အောင်ကျော်လင်း(၂၉)နှစ်၊ (ဘ)ဦးကျော်ဝင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ဥက္ကလာပ)မယ(ပ)၃၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

*စာမျက်နှာ ၁၀ သို့*

# ခရီးသွားပြည်နယ်အဖြစ် ဖော်ဆောင်ရာ သွေးချင်းတို့မြေ ငွေတောင်ပြည်သို့ တစ်ခေါက်တစ်ခါ လာလည်ပါ

ဖိုးဇော်၊ ရှင်မင်း၊ ဓာတ်ပုံ- မောင်ဖိုးဇော်

**ဇူလိုင်လ မိုးဖွဲများနှင့်အတူ တောင်တစ်ခုလုံး ဖြူလွှလွှတိမ်စိုင်များ ဖုံးအုပ်ကာ တိမ်တိုက်များအကြား ပျံ့ဝဲနေရသကဲ့သို့ ဆင်ဖြူတောင်ထိပ်ရောက် ခရီးသွားများ ခံစားကြရ၏။ မိုးရွာပြီး၍ နေရောင်လက်သည့်အခါ တိမ်စိုင်များသည် လေနှင့် မျောပါသွားရာ ပေါ်လွင်လာသည့် တောင်အလှနှင့်အတူ တောင်အောက်မှ ကယားသွေးချင်းတို့၏ ရိုးရာအိမ်များကို စီးမိုးမြင်ရသည့်မြင်ကွင်းသည် ဆင်ဖြူတောင်သို့ လာလည်သည့် ခရီးသွားများကို အထပ်ထပ်လာလည်ချင်အောင် ဆွဲဆောင်နေသယောင်ပင်။**

ဆင်ဖြူတောင်သည် ကယားသွေးချင်းတို့ဌာနေ ငွေတောင်ပြည်၏ သဘာဝရှုခင်းအလှတစ်နေရာအဖြစ် ခရီးသွားများအကြား ကျော်ကြားလာသည်မှာ မကြာသေးပေ။ စိမ်းစိုတိတ်ဆိတ်ပြီး အေးချမ်းသော ဆင်ဖြူတောင်ပတ်ဝန်းကျင်သည် လာရောက်လည်ပတ်သူများ အထူးနှစ်ခြိုက်ကြသည်။ အေးစိမ့်စိမ့်ရာသီဥတုနှင့်အတူ တောင်စောင်းပေါ်ရှိ သဘာဝမြက်ခင်းများ၊ တောင်၏ သဘာဝအလှများကြောင့် ဆင်ဖြူတောင်ကို နယူးဇီလန် အသေးစားဟုလည်း ခရီးသွားများက တင်စားကြသည်။

ကယားပြည်နယ် ဖရူဆိုမြို့နယ် မော်သီဒိုကျေးရွာ အနီးတည်ရှိသည့် ဆင်ဖြူတောင်သည် မြို့တော်လွိုင်ကော်မှ ကားဖြင့် သွားရောက်ပါက မိုင် ၄၀ ခန့်ခရီးဖြစ်သည်။ တောင်စဉ်အကွေ့အဝိုက်များအကြား ကွေ့ဝိုက်ကာသွားရသော်လည်း လမ်းကောင်းသည့်အတွက် ခရီးသွားများ သွားရောက်ရန် အဆင်ပြေလွယ်ကူသည့် နေရာတစ်ခု ဖြစ်သည်။

### စွန့်စားခရီးသွားများနှစ်သက်မည့်နေရာ

ဆင်ဖြူတောင် သဘာဝအလှအပများဆီ သွားရောက်ရင်း တောင်တက်လမ်းမှ ထီးပရူးနူးလိုဏ်ဂူသို့လည်း တစ်ခရီးတည်း လည်ပတ်နိုင်သည်။ သဘာဝအတိုင်း ဖြစ်ပေါ်နေသည့် ထီးပရူးနူး ထုံးကျောက်လိုဏ်ဂူသည် သဘာဝရေတံခွန်၊ မြေအောက်မြစ်နှင့် မြေအောက်ဂူ နှစ်မျိုးတွဲတည်ရှိနေပြီး စွန့်စားခရီးသွားများ ကြိုက်နှစ်သက်မည့် လည်ပတ်စရာနေရာတစ်ခု ဖြစ်သည်။


ဆင်ဖြူတောင်ကဲ့သို့ ကယားပြည်နယ်ရှိ လွိုင်နန်းဖတောင်သည်လည်း ထင်ရှားသည့် ခရီးသွားနေရာတစ်ခု ဖြစ်သည်။ လွိုင်နန်းဖတောင်သည် ပေ ၅၀၀၀ ကျော် မြင့်မားပြီး တောင်တက်ရင်း ဒေသမျိုးရင်း သစ်ပင်ပန်းမန်များကို လေ့လာတွေ့ရှိနိုင်သည်။ လွိုင်နန်းဖတောင်ပေါ်မှ နေထွက်နေဝင်ရှုခင်းသည် သဘာဝပန်းချီကားတစ်ချပ်ဟု ဒေသခံများက ဆိုကြသည်။

ဆင်ဖြူတောင်၊ ထီးပရူးနူးလိုဏ်ဂူ၊ လွိုင်နန်းဖတောင်တို့ကဲ့သို့ ကြွက်ဂူသည် လွိုင်ကော်မြို့နှင့် ခုနစ်မိုင်အကွာတွင် တည်ရှိသည့် ခရီးသွားများ စိတ်ဝင်စားရာ သဘာဝနေရာတစ်ခုဖြစ်သည်။ လိုဏ်ဂူအတွင်း ယခင် နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော သစ်သားခေါင်းတလားများကလည်း ရိုးရာဒဏ္ဍာရီများကို စိတ်ဝင်စားဖွယ်ဖြစ်စေသည်။ လိုဏ်ဂူအဝင်ဝ သစ်သားတံတား၊ ဂူအတွင်း ကျောက်စက်ပန်းဆွဲများဖြင့် စိတ်ဝင်စားဖွယ်ကောင်းသော နေရာတစ်ခုဖြစ်သည်။


သဘာဝအလှအပများကို ခရီးသွားများ ခံစားလည်ပတ်နိုင်မည့် ခရီးစဉ်နေရာများအပြင် ပြည်နယ်ရှိ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံများ၊ လူမှုဘဝများကို သဘာဝအတိုင်း ခံစားနိုင်မည့် လူထုအခြေပြု ခရီးသွားလုပ်ငန်း(CBT) ကျေးရွာများသည်လည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ကယားပြည်နယ်တွင် လူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT) ကျေးရွာ လေးရွာ ဖော်ဆောင်ထားပြီး ဖြစ်သည်။ ကယန်းတိုင်းရင်းသားများနေထိုင်ရာ ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာသည် CBT ကျေးရွာ လေးရွာမှ တစ်ရွာဖြစ်သည်။

**“ဒီးမော့ဆိုမြို့နယ်အတွင်းမှာပင် တည်ရှိသည့် ဒေါတမကြီးကျေးရွာသည်လည်း လူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်သည့် ရွာတစ်ခုဖြစ်ပြီး လွိုင်ကော်မြို့မှ ၃၉ မိုင်အကွာ၊ ကားလမ်းခရီး နှစ်နာရီခန့်ရှိသည်။ ကယားလူမျိုးများ နေထိုင်ကြပြီး ယနေ့ထက်တိုင် ကယားရိုးရာဝတ်စုံများကို ဝတ်စားဆင်ယင်ကာ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းထားဆဲဖြစ်သည်”**



ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တောင်ကွဲစေတီတော်။



ဖရူဆိုမြို့နယ် မော်သီဒိုကျေးရွာအနီးတည်ရှိသည့် ထီးပရူးနူးလိုဏ်ဂူရှိ သဘာဝရေတံခွန်တစ်ခုကို တွေ့ရစဉ်။

ပြည်နယ်မြို့တော် လွိုင်ကော်မှ ၂၆ မိုင်အကွာ၊ ကားလမ်းခရီး တစ်နာရီခန့်သာကြာမြင့်သည့် ကယန်းတိုင်းရင်းသားများနေထိုင်ရာ ရွာလေးသည် အေးချမ်းလှသည်။ ကတ္တရာခင်း ရွာလယ်လမ်းမကြီးက သေသပ်ကောင်းမွန်ပြီး လျှပ်စစ်မီးရကာ ဖွံ့ဖြိုးနေသည့်ရွာဖြစ်သည်။ ရွာအတွင်း စိုက်ပျိုးထားသော စိုက်ခင်းများက စိမ်းစိမ်းစိုစိုရှိလှသည်။

### ကယန်းတိုင်းရင်းသားများ၏ ရိုးသားဖော်ရွေမှု

မြို့ပြမြင်ကွင်းနှင့် ကွာခြားလှသော တိုင်းရင်းသားတို့ရွာကလေးသည် စိမ်းစိုသာယာရုံမျှမက ကယန်းတိုင်းရင်းသားများ၏ ရိုးသားမှု၊ ဖော်ရွေပျူငှာမှုများကို လာရောက်လည်ပတ်သူတိုင်း တွေ့မြင်ခံစားရမည်ဖြစ်သည်။

ပန်ပက်ကျေးရွာတွင် နေထိုင်သော အသက် ၇၂ နှစ်ရှိပြီဖြစ်သည့် ကယန်းတိုင်းရင်းသူ အဘွား ဒေါ်မူဒါန်းသည် မြေး အယောက် ၂၀၊ မြစ် ငါးယောက်နှင့် ကျန်းမာဆဲ၊ လုပ်နိုင်ကိုင်နိုင်ဆဲဖြစ်သည်။ အဘွား ဒေါ်မူဒါန်း၏ အိမ်သို့ စာရေးသူတို့ သွားရောက်လည်ပတ်ခဲ့ရာ ကယန်းရိုးရာဝတ်စုံဝတ်ထားသော အဘွားဒေါ်မူဒါန်း၏ ရက်ကန်းခတ်နေပုံကို တွေ့ရသည်မှာ သဘာဝကျလှသည်။

“ငယ်ငယ်က ဆားကို ဝေစုနဲ့ စားခဲ့ရတယ်။ အခုက ရွာထဲမှာ စက်တွေနဲ့ ဖြစ်နေပြီ။ အသက် ၁၅ နှစ်၊ ၁၆ နှစ် လောက်ပြန်ဖြစ်ချင်တယ်” ဟူသော အဘွား၏အပြောသည် ကယန်းကျေးရွာလေး ယခင်နှင့်မတူ ဖွံ့ဖြိုးလာသည့်အပေါ် ဝမ်းသာစကားဖြစ်သည်။ ရိုးသားစွာဆိုတတ်သည့် အဘွား၏အပြောများသာမက အဘွား ဒေါ်မူဒါန်း ဧည့်ခံကျွေးမွေးသည့် သရက်သီးပြုတ် ပူပူနွေးနွေးကိုလည်း စာရေးသူ တစ်သက်မေ့မည်မထင်။ အသက် ၇၂ နှစ်အရွယ် အဘွား ဒေါ်မူဒါန်းက ဗိုက်မနာအောင် သရက်သီးကို ပြုတ်စားပြီး သူစားသလို ဧည့်ခံကျွေးမွေးသည့် သရက်သီးပြုတ် ပူပူနွေးနွေးသည် လာလည်သူများ၏ နှလုံးသားများကိုပါ နွေးထွေးစေခဲ့သည်။

အဘွား ဒေါ်မူဒါန်း၏ နေအိမ်နှင့် မလှမ်းမကမ်းရှိ ကယန်းအဘွား ဒေါ်မူထန်၏ အိမ်သို့လည်း အလည်အပတ်ရောက်ခဲ့သေးသည်။ သားသမီး ခုနစ်ယောက်၊ မြေး ၂၆ ယောက်ဖြင့် စည်စည်ကားကားနေထိုင်သည့် ကယန်းအဘွား ဒေါ်မူထန်ကလည်း နွေးထွေးပျူငှာစွာ ကြိုဆိုနေသည်။ ကိုဗစ်-၁၉ ကြောင့် အလည်အပတ်လာရောက်သူနည်းပါးသွားသော်လည်း ရိုးရာပစ္စည်းများ လုပ်ကိုင်ရင်း မအားလပ်သည့်ကြားမှပင် အဘွား၏ ကြိုးတပ်ရိုးရာဂစ်တာဖြင့် သီဆိုပြသံသည် ကယန်းဘာသာစကား နားမလည်သော်လည်း စွဲမြဲနေစေခဲ့သည်။

ကယန်းရွာထဲ ကလေးများ၏ ဆော့ကစားသံ၊ ခိုင်းနွားများ၏လည်မှ ခလောက်သံများဖြင့် ကယန်းရွာလေးသည် စည်ဝေသာယာနေသည်။ တစ်ခေါက်တစ်ခါ လာရောက်လည်ပတ်ပြီးသော်လည်း ထပ်လာချင်စိတ်ဖြစ်မိသည့် လူထုအခြေပြုခရီးသွားလုပ်ငန်း ကျေးရွာလေးဖြစ်သည်။

ပန်ပက်ကျေးရွာကဲ့သို့ တနီးလာလဲကျေးရွာသည်လည်း လူထုအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် ကျေးရွာတစ်ခုဖြစ်သည်။ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ တနီးလာလဲကျေးရွာနှင့် ကန်ခုနစ်ဆင့်ရေကန်သည် လူသိများသည့် နေရာတစ်ခုဖြစ်သည်။ ကယားတိုင်းရင်းသားများနေထိုင်ရာ တနီးလာလဲကျေးရွာတွင် တိုင်းရင်းသားများ၏ ရိုးရာဓလေ့များကို လည်ပတ်ခံစားနိုင်သလို ရွာအတွင်း နွားလှည်းစီးလည်ပတ်ခြင်း၊ ကယားရိုးရာအသားကင်များ မြည်းစမ်းခြင်းတို့ဖြင့် ဒေသဓလေ့ကို တစ်မျိုးတစ်မည် ခံစားနိုင်သည်။ ရွာအနီး ကန်ခုနစ်ဆင့်ရေကန်ကိုပါ တစ်ပါတည်း သွားရောက်ရင်း အပန်းဖြေအနားယူနိုင်သည်။

ဒီးမော့ဆိုမြို့နယ်အတွင်းမှာပင် တည်ရှိသည့် ဒေါတမကြီးကျေးရွာသည်လည်း လူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်သည့် ရွာတစ်ခုဖြစ်ပြီး လွိုင်ကော်မြို့မှ ၃၉ မိုင်အကွာ၊ ကားလမ်းခရီး နှစ်နာရီခန့်ရှိသည်။ ကယားလူမျိုးများ နေထိုင်ကြပြီး ယနေ့ထက်တိုင် ကယားရိုးရာဝတ်စုံများကို ဝတ်စားဆင်ယင်ကာ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းထားဆဲဖြစ်သည်။ ရွာအပြင် စပါးသိုလှောင်အိမ်များက ခရီးသွားများကို အမြင်ဆန်းစေသည်။ ချစ်စရာဓလေ့နှင့် ပျူငှာသောအပြုံးများ ပေါင်းစပ်ကာ ခရီးသွားများကို ဆွဲဆောင်ထားသည်။

### ထီးစဲခါးရေတံခွန်အပန်းဖြေ

ထို့ပြင် ကယောတိုင်းရင်းသားများ နေထိုင်ရာ ထေခိုကျေးရွာသည်လည်း CBT ကျေးရွာလေးရွာမှ တစ်ရွာဖြစ်သည်။ ဖရူဆိုမြို့နယ်တွင် တည်ရှိပြီး လွိုင်ကော်မှ ၄၂ မိုင်ကွာဝေးသည်။ တောင်စောင်းပေါ်မှ ရိုးရာကယားတိုင်းရင်းသားတို့၏ အိမ်တန်းသည် သဘာဝအတိုင်း ရိုးရှင်းစွာ တည်ရှိနေသည်။ သက်တမ်း နှစ်တစ်ရာခန့်ရှိပြီဖြစ်သည့် ကက်သလစ်ဘုရားကျောင်းကြီးကလည်း ရွာနှင့်အတူ ခံ့ညားစွာတည်ရှိနေသည်။ ကျေးရွာထဲတွင် သဘာဝအတိုင်း လွတ်လပ်စွာသွားလာနေသည့် အိမ်မွေးတိရစ္ဆာန်များ၏ အသံများကလည်း ဆူညံသည်ဟုလည်း မခံစားရ။ ရွာထဲ လည်ပတ်ပြီး ထီးစဲခါးရေတံခွန်ဆီသို့ ခရီးသွားအများစု အပန်းဖြေခရီးဆက်ကြလေ့ရှိသည်။

ထီးစဲခါးရေတံခွန်သည် ခရီးသွားအများစု လာလည်ရသည်မှာ ထိုက်တန်သည်ဟု မှတ်ချက်ပြုကြသည့် ခရီးစဉ်နေရာတစ်ခုဖြစ်သည်။ အများပြည်သူရုံးပိတ်ရက်ရှည်ဖြစ်သည့် သင်္ကြန်ပိတ်ရက်များ၊ သီတင်းကျွတ်ပိတ်ရက်များတွင် ပြည်တွင်းခရီးသွားအများစု လာရောက်လည်ပတ်သည့် နေရာတစ်ခုလည်း ဖြစ်သည်။

ထီးစဲခါးရေတံခွန်နှင့် နှစ်မိုင်အကွာတွင် တည်ရှိနေသည့် လီဆူတိုင်းရင်းသားများ နေထိုင်ရာ အိုင်စန့်ကျေးရွာသည်လည်း ကယားသွေးချင်းတို့ဆီမှ အလည်အပတ်သွားသင့်သည့် နေရာတစ်ခုဖြစ်သည်။ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းထားဆဲ ကျေးရွာတစ်ခုဖြစ်သည်။

သဘာဝအလှအပများနှင့်အတူ ငွေတောင်ဆည်သည် လွိုင်ကော်မြို့နှင့် ကိုးမိုင်သာ ကွာဝေးပြီး လူသိများကာ အများပြည်သူ လည်ပတ်လေ့ရှိသည့် အထင်ကရနေရာတစ်ခု ဖြစ်သည်။ ငွေတောင်ဆည်ပေါင်ပေါ် ဆင်စီးရင်း သဘာဝအလှကို အထာကျကျ ခံစားနိုင်သည့် နေရာတစ်ခုလည်း ဖြစ်သည်။

*စာမျက်နှာ ၁၀ သို့*

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်အမည်စာရင်း ပထမအကြိမ်ထုတ်ပြန်ကြေညာ

## လဟယ်

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပထမအကြိမ် မဲဆန္ဒရှင်အမည်စာရင်းကြေညာခြင်းကို ယမန်နေ့က လဟယ်မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်ရှိ ရပ်ကွက်ရုံးနှင့် အခြေခံစာသင်ကျောင်းများတွင် ကြေညာခဲ့ကြောင်း သိရသည်။

လဟယ်မြို့တွင် ရပ်ကွက် လေးရပ်ကွက်ရှိသည့်အနက် မဲဆန္ဒနယ်အမှတ် (၁) တွင် မဲရုံအမှတ်(၁)၊ မြို့မရပ်ကွက်နှင့် တိုးချဲ့ (၂) ရပ်ကွက်တွင် မဲဆန္ဒရှင် ကျား ၆၆၃ ဦး၊ မ ၆၃၆ ဦး စုစုပေါင်း ၁၂၉၉ ဦး၊ မဲဆန္ဒနယ်အမှတ် (၂) တွင် မဲရုံအမှတ် (၁)၊ တာလံရပ်ကွက်နှင့် မဲရုံအမှတ်(၂)၊ တိုးချဲ့ (၁) ရပ်ကွက်တွင် မဲဆန္ဒရှင် ကျား ၇၀၆ ဦး၊ မ ၆၁၅ ဦး စုစုပေါင်း ၁၃၂၁ ဦးဖြစ်ကြောင်း သိရသည်။ လဟယ်မြို့နယ် တစ်မြို့နယ်လုံးအနေဖြင့် ပထမအကြိမ် မဲပေးပိုင်ခွင့်ရှိသူ (၁၈) နှစ်အထက် မဲဆန္ဒရှင်အမည်စာရင်း ထုတ်ပြန်ကြေညာချက်အရ အမျိုးသား ၁၆၁၉၃ ဦး၊ အမျိုးသမီး ၁၆၁၃၂ ဦး စုစုပေါင်း ၃၂၃၂၅ ဦးရှိကြောင်း သိရသည်။

**လဟယ် (ပြန်/ဆက်)**

## ရှင်ဗွေယန်

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်များစာရင်းများကို ယမန်နေ့ နံနက် ၉ နာရီက ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု နှစ်အုပ်စုရှိ လူစည်ကားရာနေရာများတွင် ကြေညာထားသည်။

တနိုင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ရှင်ဗွေယန်မြို့ အမှတ် (၁) ရပ်ကွက် မဲရုံအမှတ် (၁၃) တွင် မဲဆန္ဒရှင် ၃၃၆ ဦး၊ အမှတ် (၂) ရပ်ကွက် မဲရုံအမှတ် (၁၄) တွင် မဲဆန္ဒရှင် ၆၈၁ ဦး၊ အမှတ် (၃) ရပ်ကွက် မဲရုံအမှတ် (၁၅) တွင် မဲဆန္ဒရှင် ၁၀၈၀၊ အမှတ် (၄) ရပ်ကွက် မဲရုံအမှတ် (၁၆) တွင် မဲဆန္ဒရှင် ၂၆၄ ဦးနှင့် ခလုံးကျေးရွာအုပ်စု မဲရုံအမှတ် (၁၉) တွင် ၁၂၆၁ ဦး၊ တရုံကျေးရွာအုပ်စု မဲရုံအမှတ် (၂၀) တွင် ၂၈၃၀ စုစုပေါင်း မဲဆန္ဒရှင် ၆၄၅၂ ဦးတို့အား ပထမအကြိမ် မဲဆန္ဒရှင်အမည်စာရင်းအဖြစ် ကြေညာထားကြောင်း သိရသည်။

**လင်းသွယ်ဦး (ပြန်/ဆက်)**

## ဆော

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်အမည်စာရင်းများကို ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဇူလိုင် ၂၅ ရက် နံနက် ၇ နာရီမှစတင်၍ ပထမအကြိမ် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ဆောမြို့နယ်တွင် ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၆၃ အုပ်စု၊ ကျေးရွာပေါင်း ၁၁၈ ရွာ၌ မဲရုံပေါင်း ၁၀၅ ရုံနှင့် အသက် (၁၈) နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၅၉၁၂၃ ဦးဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ဇော်မျိုးသန့် (ဆော)**

## တနိုင်း

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်မှစတင်၍ ပထမအကြိမ် ကြေညာပြီးဖြစ်သည်။

အဆိုပါ မဲဆန္ဒရှင်စာရင်း ကြေညာထားမှုကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်သက်ပိုင်နှင့် အဖွဲ့ဝင်များက ဇူလိုင် ၂၇ ရက်က မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝါဝါ (ပြန်/ဆက်)**

---

*စာမျက်နှာ ၉ မှ*

လွိုင်ကော်မြို့လယ် ဘီလူးချောင်းပေါ်တွင် ကန္ဒရဝတီတံတား၊ ဒေါနိုးကူးတံတား၊ ဘီလူးချောင်းတံတား (ရှမ်းပိုင်း)၊ ဥတ္တရရုံတံတားနှင့် သီရိမင်္ဂလာတံတား (ကျောက်ပြားတံတား) စသည့် တံတားငါးစင်းကို တည်ဆောက်ထားပြီး အမှတ်တရဓာတ်ပုံရိုက်ရင်း သွားရောက်လေ့လာသင့်ပေသည်။ ဘီလူးချောင်းနှင့် ပတ်သက်သည့် အမှတ်တရတစ်ခုအဖြစ် ဘီလူးချောင်း ရေသောက်ရင် နောက်တစ်ခေါက် ပြန်ရောက်တတ်သည် ဆိုသော ဒေသခံများ၏ ပြောစကားကိုလည်း လက်ဆင့်ကမ်း ဆိုချင်ပါသည်။

လွိုင်ကော်မြို့တွင် ဗုဒ္ဓဘာသာဝင်များ ဘုရားဖူးမြော်လည်ပတ်နိုင်သည့် နေရာများစွာလည်း ရှိသေးသည်။ တောင်ကွဲစေတီ၊ မြို့နာမ်စေတီ၊ ရွှေလက်ဝါးစေတီ၊ ဘေးမခတောင်တော်နှင့် မြကလပ်တောင်တော်ဆီကုသိုလ်ပြု ဘုရားဖူးသွားရောက်နိုင်သည်။

ကယားသွေးချင်းတို့မြေသို့ ရောက်လျှင် ရိုးရာအစားအစာများကိုလည်း မမေ့မလျော့ မြည်းစမ်းသင့်သည်။ နာမည်ကျော် ကယားခေါင်ရည်၊ ကယားဝက်အူချောင်း၊ ဟင်းထုပ် စသည်ဖြင့် ဒေသအစားအသောက်များကလည်း လတ်ဆတ်စုံလင် အရသာရှိလှသည်။ အသီးအရွက်လတ်လတ်ဆတ်ဆတ်များ ပါဝင်သည့် ကယားရိုးရာဟင်းရည်၊ ကယားရိုးရာ ကြက်သားအနှစ်ချက်တို့သည် လူကြိုက်များသည့် ရိုးရာအစားအစာများ ဖြစ်သည်။

ပြည်နယ် လွိုင်ကော်မြို့ရှိ ဈေးထဲမှ ဒေသအစားအသောက်များ မြည်းစမ်းမလား၊ မြို့ထဲရှိ စားသောက်ဆိုင်များတွင် ရွေးချယ်စားသောက်မလား၊ ဒီးမော့ဆိုမြို့ဈေးအထိ သွားရောက်စားမလား ရွေးချယ်စရာ ပေါများ



လူထုအခြေပြုခရီးသွားလုပ်ငန်း (CBT) ကျေးရွာတစ်ခုမှ ဒေသခံတိုင်းရင်းသားများကို တွေ့ရစဉ်။

ကာ သန့်ရှင်း၍ အရသာကောင်းသည်။ လည်ပတ်စရာ ပေါများပြီး အစားအစာများ အရသာရှိရုံမက မြို့ကလည်း အမှိုက်ကင်းစင်ပြီး သန့်သန့်ရှင်းရှင်း ရှိလှသည်။

ကယားပြည်နယ်အတွင်း ခရီးသွားများ နှစ်သက်သဘောကျမည့် လည်ပတ်သင့်သည့်နေရာများ ညွှန်းဆိုရန် နေရာများစွာ ကျန်ရှိနေနိုင်ပါသည်။ ဥပမာ လောပိတရေတံခွန်နှင့် ရေအားလျှပ်စစ်၊ ရိုးရာယဉ်ကျေးမှုပြတိုက်၊ နောင်ယားကန်၊ ထေးငှားလျားကန်၊ ထီးပွင့်ကန်၊ လျောင်းတော်မူဘုရား၊ ကွိုင်ငံရေထွက်ပေါက် စသည်ဖြင့် နေရာများစွာ ကျန်ရှိနေပါသေးသည်။ ထို့အတူ အရသာကောင်းလှသည့် ဒေသအစားအစာများ များစွာကျန်ရှိနေပါသေးသည်။

ထို့ပြင် ရိုးရာပွဲတော်များ အကြောင်းလည်း တစေ့တစောင်း ဆိုချင်ပါသည်။

ကေ့ထိုးဘိုး (ခေါ်) တံခွန်တိုင်ပွဲတော်ကို နှစ်စဉ်တန်ခူးလနှင့် ကဆုန်လများတွင် ကျင်းပလေ့ရှိသည်။ မိုးလေဝသမှန်ကန်ပြီး ကောက်ပဲသီးနှံများ ဖွံ့ဖြိုးအောင်မြင်စေရန် ရည်ရွယ်ကျင်းပသည့်အတွက် မိုးခေါ်ပွဲ (မိုးတပွဲ) ဟုလည်း ခေါ်ဆိုကြကြောင်း သိရသည်။ တံခွန်တိုင်ပွဲတော်သည် နှစ်စဉ် ရွာစဉ်ရွာတိုင်း ကျင်းပလေ့ရှိသော ပွဲတော်ဖြစ်ကြောင်း သိရှိရသည်။

အဲဒူ (ခေါ်) ကောက်ညှင်းထုပ်ပွဲတော်သည် စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်သည့် ပွဲတော်တစ်ခုဖြစ်ပြီး သီးနှံစိုက်ပျိုးပြီးသည့် အထိမ်းအမှတ်အဖြစ် ရည်ရွယ်ကျင်းပကြသည်။ ပွဲတော်ကို စပါးစိုက်ပျိုးပြီးသည့် တော်သလင်းလနှင့် သီတင်းကျွတ်လများတွင် ကျင်းပကြလေ့ရှိသည်။

ထို့အတူ တောကောင်လိုက်ပွဲ၊ ငှက်လိုက်ပွဲ၊ ထိမ်းမြားမင်္ဂလာပွဲ၊ ကလေးအမည်ပေးပွဲ၊ ကလေးချက်ကြွေပွဲ၊ အိမ်သစ်တက်ပွဲ၊ ထမင်းထောင်းပွဲ၊ အသုဘပွဲတို့ကိုလည်း ရိုးရာဓလေ့နှင့်အညီ ပြုလုပ်ကြကြောင်း သိရှိရသည်။

ကယား၊ ကယန်း၊ ကယန်း (လထ)၊ ကယော၊ ယင်းဘော်၊ ယင်းတလဲ၊ ဂေခို၊ ဂေဘား၊ ကယားမိုနု (မနုမနော) ဟူသည့် လူမျိုးစု ကိုးစုနေထိုင်ကြသည့် ကယားတို့မြေ ငွေတောင်ပြည်သည် လည်ပတ်လေ့လာစရာ နေရာများစွာ တည်ရှိနေသလို ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ပေါများလှသည့် ပြည်နယ်တစ်ခုဖြစ်သည်။ ထိုသို့သော တည်ရှိနေမှုများကို အသုံးပြု၍ ကယားပြည်နယ်ကို ခရီးသွားပြည်နယ်တစ်ခုဖြစ်လာစေရန် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားများ၏ ဖော်ရွေပျူငှာမှုများနှင့် ပြည်နယ်၏ သဘာဝအလှအပများကို ခံစားရန်အတွက် ခရီးသွားပြည်နယ်အဖြစ် ဖော်ဆောင်ရာ သွေးချင်းတို့မြေ ငွေတောင်ပြည်သို့ တစ်ခေါက်တစ်ခါ လာလည်ပါဟု ဖိတ်ခေါ်ချင်ပါသည်။ ။

---

*စာမျက်နှာ ၈ မှ*

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁၇ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက် (၅) အတွင်း မူးယစ်ဆေးဝါးများ သုံးစွဲ / ဖြန့်ဖြူး ရောင်းချနေကြောင်းသတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၁၅) မှ ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၁၈) ဦး၊ မ (၂) ဦး၊ ပေါင်း (၂၀) ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၁-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ လားရှိုးမြို့၊ ရပ်ကွက် (၅)၊ ရေကန်အနီးလမ်းမပေါ်၌ ၎င်းရပ်ကွက်နေ မအားပိုင် (၃၉) နှစ်၊ (ဘ) ဦးမုန်ရာနှင့် ရပ်ကွက် (၉) နေ အောင်ချစ်ဦး (၂၄) နှစ်၊ (ဘ) ဦးညွန့်မောင်တို့ (၂) ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ)၁၃၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် လည်းကောင်း၊ အလားတူ ၂၃-၇-၂၀၂၀ ရက်နေ့တွင် ၎င်းရပ်ကွက်နေ မခင်ဝေဝေ (၅၁) နှစ်၊ (ဘ) ဦးချစ်မောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများအား လားရှိုးမြို့နယ်၊ ပိန်းဂန်း (တရုတ်) ကျေးရွာနေ ဒေါ်ကျိန်ချွင်းရီ (၅၂) နှစ်၊ (ဘ) ဦးကျိန်ခင်ကောင်းထံမှ ဝယ်ယူရရှိခဲ့ကြောင်း စိစစ်သိရှိရသဖြင့် ၎င်းတို့ (၂) ဦးအား မမစ(လားရှိုး) မယ(ပ) ၁၃၅/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ဆက်လက်၍ ဒေါ်ကျိန်ချွင်းရီ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ)၁၃၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၅-၇-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၂၆၆)မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား (၁၆၃၂) ဦး၊ မ (၃၂၀) ဦး၊ ပေါင်း (၁၉၅၂) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၁၀၀၂၃.၃၆၁၄) ဂရမ်၊ ICE (၁၄၃၂.၄၂) ဂရမ်၊ ဘိန်း (၄၃၉၈၇.၂၂၈၈၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၁၃၆၇.၉၆) ဂရမ်၊ ဘိန်းစာမှုန့် (၅၃၃၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၅၀၉၇.၃၂) ဂရမ်၊ ဘိန်းစာရည် (၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၆၅၃၇၆၉) ပြား၊ ဆေးခြောက် (၁၃၁၅၁.၂၃) ဂရမ်၊ ဘိန်းရည် (၀.၁) လီတာ၊ ဘိန်းဆီခဲ (၆၃၀.၂၈) ဂရမ်၊ ဘိန်းစေ့ (၆၀) ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၆၀.၁၅) ဂရမ်၊ Ecstasy အကြေ (၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ (၂၆) လက်၊ ကျည်မျိုးစုံ (၆၀၉) တောင့်၊ လက်ပစ်ဗုံး (၁) လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည် -

**ဆက်သွယ်ရန် -**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

# မြို့နယ်များ၌ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များကြောင့် ပြည်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့လျက်ရှိ



ထီးချိုင့်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးကြစဉ်။

**ရေနံချောင်း**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဝက်လွတ်ရွာသစ်နှင့် ဝက်လွတ်ရွာမသစ်ကျေးရွာတို့မှ အိမ်ထောင်စု ၃၆ စုရှိ မိသားစုဝင်များသည် နေအိမ်များအတွင်း မြစ်ရေဝင်ရောက်မှုကြောင့် ဇူလိုင် ၂၃ ရက်က ရေဘေးလွတ်ရာ နီးစပ်ရာဆွေမျိုးသားချင်း နေအိမ်များသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ကျေးရွာများရှိ အိမ်ထောင်စု ၃၆ စုမှ လူဦးရေ ၁၆၂ ဦးအတွက် မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ တစ်ပတ်စာ လူတစ်ဦးလျှင် ငွေကျပ်၂၁၀၀နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၃၄၀၂၀၀ ကို ဇူလိုင် ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန့်ခန်းမ၌ တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ **ကိုစိုးကြီး**

**နောင်မွန်**

ကချင်ပြည်နယ် နောင်မွန်မြို့နယ်၌ ကဆန်ချောင်းရေမြင့်တက်လာမှုကြောင့် ရေကျော်ခဲ့ရာ ကျောက်စီမြေထိန်းနံရံများနှင့် ကမ်းပါးပြိုကျပျက်စီးမှုများ ဖြစ်ပေါ်နေကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ကျောက်ဖြည့်မြေထိန်းနံရံမှာ ဇူလိုင်လ ဒုတိယပတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကဆန်ချောင်းရေမြင့်တက်လာခြင်း၊ ရေစီးကြမ်းခြင်းကြောင့် အထက်မှ မျောပါလာသော သစ်လုံးများကြောင့် ကျောက်စီမြေထိန်းနံရံထိပ်ကို ရိုက်မိရာ အလျားကိုးပေ ပျက်စီးခဲ့သည်။

မြေထိန်းနံရံပျက်စီးမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **ဆန်းညွှန့်(ပူတာအို)**

**ပေါင်**

သထုံခရိုင် ပေါင်မြို့ မိုးနိုင်းရပ်ကွက် စွယ်တော်ပိုင်းရှိ နယ်ခြားမြိုင်တောရကျောင်းတွင် ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းက တောင်မြေသားပြိုကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်မြေပြိုကျရာတွင် တောင်ကုန်းပေါ်မှ ၁၀ ပေ ပတ်လည်ကျောက်တုံးတစ်တုံး၊ လုံးပတ် ၂ ပေ၊ အမြင့် ၁၅ပေခန့် ပိန္နဲပင်၊ ဘုန်းကြီးကျောင်းသုံးရေကန်တစ်လုံး ပြိုကျခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းပါက ယင်းမြေပြိုမှု ဖြစ်ပွားသည့်နေရာရှိ နယ်ခြားမြိုင်တောရ အဆောက်အအုံနှင့် ဉာဏ်တော် ၁၈ ပေရှိ စေတီတစ်ဆူမှာ ထပ်မံပြိုကျနိုင်သည့်အနေအထားရှိသဖြင့် ယင်းအနီးအနား ပတ်ဝန်းကျင် တောင်အောက်တွင် နေထိုင်လျက်ရှိသည့် ပြည်သူများကို ဘေးကင်းရာသို့ ယာယီပြောင်းရွှေ့ပေးထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ထီးချိုင့်**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ထီးချိုင့်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ထပ်မံတင်ပြလာသည့် စာရင်းများအရ အမှတ်(၄) ဘုရင်နောင့် ရပ်ကွက်မှ အိမ်ထောင်စု ၁၅ စု လူဦးရေ ၇၁ ဦးက ရွှေစည်းခုံဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ ဆတ်ကျအုပ်စု ကိုးတဲကျေးရွာမှ အိမ်ထောင်စု ၃၀၊ လူဦးရေ ၁၃၄ ဦးက နီးစပ်ရာဆွေမျိုးများ အိမ်သို့လည်းကောင်း၊ မြတောင်ကျေးရွာမှ အိမ်ထောင်စု ရှစ်စုလူဦးရေ ၃၅ ဦးက ဖော်တော်ဦး ဇရပ်သို့လည်းကောင်း၊ မြတောင်ကျေးရွာမှ အိမ်ထောင်စု ရှစ်စု၊ လူဦးရေ ၄၀ က နီးစပ်ရာဆွေမျိုးများအိမ်သို့လည်းကောင်း၊ မြတောင်အုပ်စု အောင်သာယာကျေးရွာမှ အိမ်ထောင်စုလေးစု၊ လူဦးရေ ၂၂ ဦးက နီးစပ်ရာဆွေမျိုးများအိမ်သို့ လည်းကောင်း စုစုပေါင်းအိမ်ထောင်စု ၆၅ စု၊ လူဦးရေ ၃၀၂ ဦးတို့သည် ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

ထိုသို့ရွှေ့ပြောင်းရာတွင် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီ စာရင်းကောက်ခံချက်အရ အိမ်ထောင်စု ၂၅၂ စု လူဦးရေ ၁၁၀၇ ဦးက ရွှေ့ပြောင်းနေထိုင်ခဲ့ရကြောင်း သိရသည်။ ထီးချိုင့်မြို့ မြို့၏စိုးရိမ်ရေအမှတ်သည် ၇၄၀ စင်တီမီတာရှိရာ ဇူလိုင် ၂၇ ရက် နံနက် ၆ နာရီ ဧရာဝတီမြစ်ရေ တိုင်းထွာချက်မှာ ၇၆၅ စင်တီမီတာသို့ ရောက်ရှိနေပြီး ယမန်နေ့ကထက် ၃ စင်တီမီတာ ကျဆင်းသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မြင်းမူ**

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကမ်းဘေး အနိမ့်ပိုင်းနေရာများတွင် ယခုရက်ပိုင်းမှစ၍ မြစ်ရေစတင်ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။

မြစ်ရေဝင်ရောက်မှုမှာ ပုံမှန်ဖြစ်သော်လည်း အနိမ့်ပိုင်းနေရာများမှ ကျေးရွာသူ ကျေးရွာသားများကို အမြင့်ပိုင်းနေရာများဖြစ်သည့် ဘုန်းတော်ကြီးကျောင်းနှင့် တာပေါင်နေရာများ၌ ရွှေ့ပြောင်းထားပြီးဖြစ်ကြောင်း၊ လက္ကပင်ကျေးရွာမှ အိမ်ခြေ ၃၀၊ အိမ်ထောင်စု ၄၀ ကို ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပြီးဖြစ်ကြောင်း လက္ကပင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမင်းဆွေထံမှ သိရသည်။

ထို့အပြင် မြစ်ကမ်းအနီးရှိ အနိမ့်ပိုင်းကျေးရွာများဖြစ်သည့် ကျွဲရိုက်(ရွာသစ်)၊ အုန်းပင်၊ သာယာပေါင်း၊ ဆပ္ပန်းကုန်းနှင့် ရွာသာလေး(ဆိပ်သာ)ရွာများရှိ အနိမ့်ပိုင်းနေရာများတွင် နှစ်ပေမှ လေးပေအထိ ရေဝင်ရောက်နေပြီဖြစ်ကြောင်းနှင့် မြင်းမူမြို့၏ စိုးရိမ်ရေအမှတ်မှာ ၁၁၅၀ စင်တီမီတာဖြစ်ပြီး ယခုအခါ ၁၁၂၈ စင်တီမီတာသို့ ရောက်ရှိနေကာ စိုးရိမ်ရေမှတ်ရောက်ရှိရန် ၁၂ စင်တီမီတာ ငါးလက်မခန့်သာလိုကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်က ကျင်းပသည့် အွန်လိုင်းစစ်တုရင် အိုလံပစ်ပြိုင်ပွဲတွင် မြန်မာအသင်း ဒုတိယအဆင့်တက်ရောက်

ရန်ကုန် ဇူလိုင် ၂၇

**ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်က ကျင်းပသည့် အွန်လိုင်းစစ်တုရင်အိုလံပစ် ၂၀၂၀ (FIDE Online Olympiad 2020)ပြိုင်ပွဲ၌ အုပ်စုပွဲစဉ်များ၌ သုံးရက်ဆက်တိုက်အနိုင်ရရှိကာ အုပ်စုပထမဖြင့် မြန်မာအသင်းဒုတိယအဆင့် တက်ရောက်သွားကြောင်း သိရသည်။ အုပ်စုပထမအဆင့်ပြိုင်ပွဲတွင် မြန်မာအသင်းက ဇူလိုင် ၂၅ ရက်တွင် ဘရူနိုင်း၊ မကာအို၊ ဘူတန်အသင်းကို လည်းကောင်း၊ ဇူလိုင်၂၆ ရက်၌ ပါကစ္စတန်၊ ဂူအမ်၊ ဆိုမာလီယာအသင်းကို လည်းကောင်း၊ ဇူလိုင် ၂၇ ရက်က လာအို၊ မကာအို၊ ဖီဂျီအသင်းတို့အား အနိုင်ရကာအုပ်စုပထမဖြင့် ရပ်တည်ပြီး ဒုတိယအဆင့် တက်ရောက်နိုင်ခဲ့သည်။ မြန်မာအသင်းတွင် လက်ရွေးစင်များ၊ လူငယ်ကစားသမားများ အမျိုးသားခြောက်ဦး၊ အမျိုးသမီးခြောက်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။**

"ကျွန်တော် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်က ကျင်းပတဲ့ အွန်လိုင်းတစ်ဦးချင်းစိတ်ကြိုက်ပြိုင်ပွဲကို ဇွန်လက ယှဉ်ပြိုင်ကစားဖူးတယ်။ အိုလံပစ်အသင်းလိုက် ပုံစံမျိုးတော့ မကစားဖူးပါဘူး။ ဒီပြိုင်ပွဲက နိုင်ငံပေါင်းစုံဖြစ်တဲ့အတွက် အဆင့်မြင့်တယ်။ပထမဆုံးအကြိမ်ကစားတာဖြစ်တဲ့အတွက် ယခုလို အုပ်စုတက်သွားမယ်လို့ မထင်ထားဘူး"ဟု လက်ရွေးစင်ကစားသမား ဝင်းဇော်ထွန်းက ပြောသည်။

အုပ်စုဒုတိယအဆင့်သို့ မြန်မာ၊ ဘရူနိုင်း၊ အိုမန်၊ ပါကစ္စတန်အသင်းတို့ တက်ရောက်ကာ ဇူလိုင် ၃၁ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အွန်လိုင်းစစ်တုရင် အိုလံပစ်ပြိုင်ပွဲ၌ ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများမှ အသင်း ၁၆၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဩဂုတ် ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်၌ ကိုဗစ်-၁၉ ကာလဖြစ်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်နှင့်အညီ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အာကာစိုး**

## မူဆယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၇

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကျေးရွာအနီး၊ လားရှိုး-မူဆယ်သွားကားလမ်း အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ဇော်ဝင်းမိုး (ခ) လုံးပီး မောင်းနှင်ပြီး မနန်းစီနှင့် အိုက်မစ်တို့ လိုက်ပါလာသည့် မတ်(ခ်)တူး အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၀၁၆ သိန်း တန်ဖိုးရှိ ဘိန်းစိမ်း ၈၄ ကီလို၊ ဘိန်းဖြူ သုညဒသမ ၈၈ ကီလိုနှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို လည်းကောင်း၊ အလားတူ ဇူလိုင် ၂၅ ရက် ည ၇ နာရီတွင် တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ခတ္တာလမ်းတွင် လီမြာမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာစိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ နှင့်လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ဇော်ဝင်းမိုး(ခ) လုံးပီး၊ အိုက်မစ်၊ မနန်းစီ တို့ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

❍ *ကျောဖုံးမှ*

ဂျူဗင်တပ်စ်အသင်းသည် ဥရောပထိပ်တန်းလိဂ် ငါးခုတွင် လိဂ်ဖလားကို ကိုးနှစ်ဆက်ဆွတ်ခူးနိုင်သည့် အသင်းလည်း ဖြစ်လာခဲ့သည်။ စီရိုနယ်ဒိုသည် ယခုပွဲတွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၈၉ မိနစ်တွင် ရရှိသည့် ပယ်နယ်တီကို ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့သောကြောင့် စီးရီးအေသွင်းဂိုး အများဆုံး သွင်းယူထားသူ အင်မိုဘိုင်း၏ ၃၄ ဂိုးကို လိုက်မီရန် အခွင့်အရေးဆုံးရှုံးခဲ့ရသည်။ အင်မိုဘိုင်းနှင့် စီရိုနယ်ဒိုတို့သည် စီးရီးအေပွဲစဉ် (၃၅) မတိုင်မီတွင် စီးရီးအေသွင်းဂိုး ၃၀ ဖြင့် ထိပ်ဆုံးတွင် ပူးတွဲရပ်တည်ထားနိုင်သူများဖြစ်သည်။ သို့သော်လည်း အင်မိုဘိုင်းသည် စီးရီးအေ ပွဲစဉ် (၃၆) ၌ ၎င်း၏လာဇီယိုအသင်းက ဗီရိုနာအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဟက်ထရစ် သွင်းယူနိုင်ခဲ့သောကြောင့် စီးရီးအေသွင်းဂိုး ၃၄ ဂိုးအထိ ရှိလာခဲ့သည်။ စီရိုနယ်ဒိုက စီးရီးအေသွင်းဂိုး ၃၁ ဂိုးရှိထားသည်။ ထို့ကြောင့် ၂၀၁၉-၂၀၂၀ စီးရီးအေပွဲစဉ်များ ပြီးဆုံးရန် နှစ်ပွဲစီကစားရန် ကျန်ရှိသေးသည့်အတွက် စီးရီးအေဂိုးသွင်း အများဆုံးဆုကို မည်သူက ဆွတ်ခူးရရှိသွားနိုင်မလဲ၊ ထို့အပြင် ဥရောပသွင်းဂိုးအများဆုံးဆုကိုလည်း မည်သူကဆွတ်ခူးသွားနိုင်မလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

စီရိုနယ်ဒိုသည် ဇွန် ၂၀ ရက်တွင် အီတလီဘောလုံးပွဲစဉ်များ ပြန်လည်စတင်ပြီးနောက်ပိုင်း သွင်းဂိုး ၁၀ ဂိုးအထိ သွင်းယူထားသူဖြစ်သည်။ ၎င်း၏ ထိုသွင်းဂိုးအရေအတွက်သည် ဥရောပတွင် အခြားသော ကစားသမားများထက် သာလွန်နေသည်။ ထို့အပြင် စီရိုနယ်ဒို (၃၅ နှစ်)သည် ၁၉၃၃-၃၄ ဘောလုံးရာသီတွင် ဖီးလစ်ဘော်ရယ်က ဂျူဗင်တပ်စ်အသင်းအတွက် ၃၁ ဂိုးကို နောက်ဆုံးသွင်းယူပေးထားနိုင်ပြီးနောက် ပထမဆုံး စီးရီးအေသွင်းဂိုး ၃၁ ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။ သို့သော်လည်း စီရိုနယ်ဒိုအနေဖြင့် ကစားရန် နှစ်ပွဲကျန်ရှိနေသေးသည့်အတွက် အဆိုပါ ကစားသမား၏ စံချိန်ကို ကျော်လွန်ရန် အခွင့်အရေးရှိနေသည်။

ဂျူဗင်တပ်စ်အသင်းသည် ဥရောပတွင် လိဂ်ဖလားကို ကိုးနှစ်ဆက်ဆွတ်ခူးနိုင်သည့် အသင်းသုံးသင်းထဲမှ တစ်သင်း အပါအဝင်ဖြစ်သည်။ စကော့တလန်ကလပ် ဆဲလ်တစ်အသင်းနှင့် ဘူလ်ဂေးရီးယားကလပ် လူဒိုဂိုရက်အသင်းတို့သည် လိဂ်ဖလားကို ကိုးနှစ်ဆက်ဆွတ်ခူးထားကြောင်း မှတ်တမ်းများတွင် ဖော်ပြထားသည်။ လိုင်ယွန်အသင်းသည် ပြင်သစ်ဖလားကို ၂၀၀၂ မှ ၂၀၀၈ ခုနှစ်အတွင်း ခုနစ်နှစ်ဆက် ဆွတ်ခူးရရှိထားပြီး ရီးရဲမက်ဒရစ်အသင်းက လာလီဂါဖလားကို ငါးနှစ်ဆက် ဆွတ်ခူးထားသည်။ ထို့အပြင် ဂျူဗင်တပ်စ်အသင်းသည် ဥရောပထိပ်တန်းလိဂ်ငါးခုဖြစ်သည့် အင်္ဂလန်၊ စပိန်၊ ဂျာမနီ၊ အီတလီနှင့် ပြင်သစ်တို့တွင် လိဂ်ဖလားကို ၃၆ ကြိမ်အဖြစ် စံချိန်တင်ရရှိထားပြီး ရီးရဲမက်ဒရစ်အသင်းထက် နှစ်ကြိမ်ပိုများနေကြောင်း မှတ်တမ်းများတွင် ဖော်ပြထားသည်။

ဂျူဗင်တပ်စ်အသင်းသည် လာမည့် စီးရီးအေပွဲစဉ် နှစ်ပွဲအဖြစ် ကက်ဂလီယာရီ၊ ရိုးမားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသည်။

**အောင်ဇော်**

# ရုရှားရေတပ်၏ စစ်ရေးစွမ်းရည်ကိုမြှင့်တင်ရန် အသံထက်မြန်သည့် ဒုံးကျည်များစတင်မိတ်ဆက်မည်

**မော်စကို ဇူလိုင် ၂၇**


အသံထက်မြန်သည့် ဒုံးကျည်များကို စတင်မိတ်ဆက်ခြင်းအားဖြင့် ရုရှားနိုင်ငံ၏ ရေတပ်စစ်ရေးစွမ်းရည်ကို မြှင့်တင်ရန် ရုရှားသမ္မတဗလာဒီမာပူတင်က အလေးပေးလျက်ရှိကြောင်း သိရသည်။

စိန့်ပီတာစဘတ်မြို့၌ ဇူလိုင် ၂၆ ရက်က ပြုလုပ်ခဲ့သည့် ရုရှားရေတပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနား၌ မိန့်ခွန်းပြောကြားခဲ့မှုအတွင်း သမ္မတပူတင်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။ အသံထက်မြန်သည့် တိုက်ခိုက်ရေးစနစ်များနှင့် ရေအောက်ဒရုန်းယာဉ်များအပါအဝင် အဆင့်မြှင့်တင်ထားသည့် ဒစ်ဂျစ်တယ်နည်းပညာများက ရုရှားရေတပ်ဖွဲ့ကို အနိုင်းမဲ့အားသာချက်များပေးစွမ်းမည်ဖြစ်ကာ ရေတပ်ဖွဲ့၏ တိုက်ခိုက်ရေးစွမ်းရည်ကို တိုးတက်စေမည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

အဆိုပါနေ့၌ပင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် အသံထက်မြန်သည့် ဇီခရွန်ခရုစ်ဒုံးကျည်စမ်းသပ်မှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။ အဆိုပါ ဒုံးကျည်ကို သင်္ဘောမျက်နှာပြင်ပေါ်တွင် ချထားနိုင်ကြောင်း သိရသည်။ အသံထက်မြန်သည့် လက်နက်များသည် အသံ၏ အမြန်နှုန်းထက် ငါးဆမြန်အောင်သွားနိုင်စွမ်းရှိပြီး အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးကွန်ရက်ကို ထိုးဖောက်နိုင်စွမ်းရှိကြောင်း သိရသည်။

သမ္မတပူတင်၏ မိန့်ခွန်းပြောကြားချက်အရ ၎င်းအနေဖြင့် အနာဂတ်တွင် အသံထက်မြန်သည့် ဒုံးကျည်များကို ရေငုပ်သင်္ဘောများနှင့် အခြားယာဉ်များပေါ်တွင် ဖြန့်ကြက်သွားဟန်ရှိကြောင်း သိရသည်။ ထို့ပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတတို့သည် လက်နက်ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စကိုလည်း ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ရုရှားနိုင်ငံ၏ ရေတပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်လာသည့် သမ္မတဗလာဒီမာပူတင်။

# ၂၀၄၀ ပြည့်နှစ်မတိုင်မီ သမုဒ္ဒရာထဲသို့ ပလတ်စတစ်အမှိုက်များ စီးဝင်မှု သုံးဆခန့်ဖြစ်လာနိုင်ကြောင်း အင်န်ဂျီအိုအဖွဲ့အစည်းတစ်ခု သတိပေး

**ဝါရှင်တန် ဇူလိုင် ၂၇**

သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် သင့်လျော်သည့် စီမံဆောင်ရွက်ချက်များ ချမှတ်ခြင်းမရှိလျှင် ကမ္ဘာပေါ်ရှိ ပင်လယ်သမုဒ္ဒရာများထဲသို့ စီးဝင်နေသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ စုပုံလာမှုသည် လာမည့် ၂၀၄၀ ပြည့်နှစ်မတိုင်မီ ရှိရင်းစွဲထက် သုံးဆခန့် ပိုမိုစုပုံလာနိုင်ကြောင်း အမေရိကန်ပြည်ထောင်စုရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုက သတိပေးခဲ့သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ခုဖြစ်သည့် The Pew Charritable က သုတေသနအဖွဲ့အစည်းတစ်ခုနှင့်အတူ ပူးပေါင်းကာ အဆိုပါ ခန့်မှန်းချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

သင့်လျော်သည့် စီမံထိန်းသိမ်းဆောင်ရွက်မှုများ မလုပ်ဆောင်လျှင် လာမည့် ၂၀၄၀ ပြည့်နှစ်မရောက်မီ ပင်လယ်သမုဒ္ဒရာများထဲသို့ ပလတ်စတစ် စွန့်ပစ်အမှိုက်များစီးဝင်မှုသည် တန်ချိန် ၂၉ သန်းအထိ ရှိလာနိုင်ကြောင်း ခန့်မှန်းတွက်ချက်ခဲ့ပြီး ယင်းပမာဏသည် ယခုလက်ရှိ ပလတ်စတစ် အမှိုက်တန်ချိန်ပမာဏ၏ ၂ ဒသမ ၆ ဆဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့လူဦးရေတိုးပွားလာမှုနှင့်အတူ ဈေးနှုန်းသက်သာသည့် ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်မှု တိုးပွားလာမှုကြောင့် တစ်ဦးချင်း ပလတ်စတစ်သုံးစွဲမှု မြင့်တက်လာသည့်အခြေအနေများကိုပါ အဆိုပါအဖွဲ့က ထည့်သွင်းတွက်ချက်ခဲ့ကြောင်းသိရသည်။ လတ်တလောတွင် ကိုဗစ်-၁၉ ရောဂါကျရောက်မှုကြောင့် အသုံးပြုရသည့် စွန့်ပစ်နှာခေါင်းစည်းများနှင့် လက်အိတ်များကလည်း ပလတ်စတစ်အမှိုက်များ ပိုမိုတိုးပွားလာစေလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



အသုံးပြုပြီး စွန့်ပစ်ထားသည့် ပလတ်စတစ်အမှိုက်များ ပင်လယ်ကမ်းခြေတစ်နေရာတွင် စုပုံနေသည်ကို တွေ့ရစဉ်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု ဆက်လက်မြင့်တက် သေဆုံးသူ ၃၇ ဦးထပ်တိုး

**ဒါကာ ဇူလိုင် ၂၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇူလိုင် ၂၇ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၇၇၂ ဦး ထပ်တိုးလာခဲ့ပြီးနောက် တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူအရေအတွက်စုစုပေါင်း ၂၂၆၂၂၅ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန အကြီးတန်းအာဏာပိုင် နာဆီမာ စူလ်တန်နာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**သေဆုံးမှုမြင့်တက်**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်ဝန်းတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးရသူ ၃၇ဦးရှိခဲ့ပြီး စုစုပေါင်းသေဆုံးသူ အရေအတွက်မှာလည်း ၂၉၆၅ ဦး အထိ ဖြစ်လာခဲ့ကြောင်း နာဆီမာစူလ်တန်နာက ပြောကြားခဲ့သည်။

အာဏာပိုင်များ၏ ဖော်ပြချက်အရ နိုင်ငံတစ်ဝန်းရှိ ဓာတ်ခွဲခန်းများတွင် ပြီးခဲ့သည့် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း ၁၂၈၅၉ ခု အထိ ဆောင်ရွက်ထားကြောင်း သိရသည်။

ဇူလိုင် ၂၇ ရက်တွင် ရောဂါကူးစက်မှုမှ ပြန်ကောင်းလာသူ ၁၈၀၁ ဦး ရှိရာ ပြန်ကောင်းလာသူအရေအတွက်စုစုပေါင်း ၁၂၅၆၈၃ဦးဖြစ်ကြောင်း သိရသည်။

**သေဆုံးမှုနှုန်း ၁ ဒသမ ၃၁ ရာခိုင်နှုန်းရှိ**

အာဏာပိုင်များ၏ ဖော်ပြချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် အသက်ဆုံးရှုံးရမှုမှာ ရောဂါကူးစက်ဖြစ်ပွားမှု၏ ၁ ဒသမ ၃၁ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# တရုတ်ပြည်မကြီး၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၁ ဦး တွေ့ရှိ

**ပေကျင်း ဇူလိုင် ၂၇**

တရုတ်ပြည်မကြီး၌ ဇူလိုင် ၂၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၁ ဦးကို တွေ့ရှိကြောင်း တရုတ်ကျန်းမာရေးအာဏာပိုင်များက ဖော်ပြခဲ့သည်။

ရောဂါကူးစက်ခံရသူများအနက် ၅၇ ဦးမှာ ပြည်တွင်း၌ ဒေသခံပြည်သူအချင်းချင်း ကူးစက်ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ၅၇ ဦးအနက် ၄၁ ဦးမှာ ရှင်ကျန်းအူဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှဖြစ်ကာ ၁၄ ဦးမှာ လျောင်နင်းပြည်နယ်မှဖြစ်ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က ၎င်း၏နေ့စဉ်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြည်ပမှ ကူးစက်ခံလာရသူ နှစ်ဦးရှိပြီး ၎င်းတို့မှာ အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဖြစ်သည်။ ဖူကျန်းပြည်နယ်နှင့် စီချွမ်းပြည်နယ်တို့တွင် ပြည်ပမှ ကူးစက်ခံခဲ့ရသူတစ်ဦးစီ ပေါ်ထွက်ခဲ့သည်။

လတ်တလောတွင် ကိုဗစ်-၁၉ နှင့်ဆက်နွယ်သည့် သေဆုံးမှုမရှိသေးကြောင်း သိရသည်။ ပြည်မကြီးတွင် ကိုဗစ်-၁၉ ကူးစက်ခံရပြီး ပြန်သက်သာလာသူ ၁၀ ဦး ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း ကျန်းမာရေးကော်မရှင်က ဖော်ပြသည်။

ထို့ပြင် ကိုဗစ်-၁၉ ကူးစက်ခံထားရဖွယ် သံသယလူနာ သုံးဦးရှိနေသေးကြောင်းနှင့် သံသယရှိသူ ၁၃၉၃၅ ဦးအား အနီးကပ်စောင့်ကြည့်မှု ဆောင်ရွက်ထားကြောင်း ကျန်းမာရေးကော်မရှင်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**



ပြည်သူတစ်ဦးကို ကိုဗစ်- ၁၉ ကူးစက်မှု ရှိမရှိ ကျန်းမာရေးစစ်ဆေးနေစဉ်။

# ဟောင်ကောင်တွင် ကိုဗစ် -၁၉ လှိုင်းလုံးသစ်ရိုက်ခတ်မှုမှ ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရန် အမိန့်ထုတ်

ဟောင်ကောင် ဇူလိုင် ၂၇

**ဟောင်ကောင်ရှိ လူတိုင်းလူတိုင်းသည် ယခုသီတင်းပတ်မှ စတင်ကာ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများသို့ သွားသည့်အခါတိုင်း နှာခေါင်းစည်းကို မဖြစ်မနေ တပ်ဆင်ကြရမည်ဟု အာဏာပိုင်များက ဇူလိုင် ၂၇ ရက်တွင် ပြောကြားခဲ့သည်။**

ဟောင်ကောင်တွင် လူအချင်းချင်း ခပ်ခွာခွာနေသည့် စည်းမျဉ်း၊ စည်းကမ်းများမှာ ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် အပြည့်အဝမစွမ်းဆောင်နိုင်သေးကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

တရုတ်မှ အရေးပေါ် ယာယီဆေးရုံများ တည်ဆောက်ရေးအတွက် အာဏာပိုင်များကို ကူညီပေးမည်ဟု ပြောကြားပြီးနောက် တင်းကျပ်သည့် စည်းမျဉ်း၊ စည်းကမ်းများ ပေါ်ထွက်လာခြင်းဖြစ်သည်။ ဟောင်ကောင်တွင် ကိုဗစ် -၁၉ နှင့်ပတ်သက်သည့် လက်ရှိအခြေအနေများမှာ ဆိုးရွားလျက်ရှိသည်ဟု ဟောင်ကောင်အုပ်ချုပ်ရေးအဖွဲ့မှ မက်သရူးချောင်က ပြောသည်။

ဟောင်ကောင်တွင် အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများ၌ လူနှစ်ဦးထက်ပို၍ စုဝေးခြင်း ခွင့်မပြု သကဲ့သို့ စားသောက်ဆိုင်များတွင်လည်း ပါဆယ်စနစ်ကိုသာ ခွင့်ပြုထားသည်။

လွန်ခဲ့သည့်လမှစကာ ဒေသတွင်းကူးစက်မှုမြင့်တက်ခဲ့ပြီး လူအချင်းချင်းခပ်ခွာခွာနေသည့် စည်းမျဉ်း၊ စည်းကမ်းများမှာလည်း ကူးစက်မြင့်တက်မှုနှုန်းကို လျော့ကျရန် အနည်းငယ်သာ စွမ်းဆောင်နိုင်ခဲ့သည်။

ဇူလိုင်လ အစောပိုင်းမှစတင်ကာ ကူးစက်ခံရသူပေါင်း ၁၀၀၀ ကျော်တွေ့ရှိခဲ့ပြီး ပြီးခဲ့သည့်ငါးရက်အတွင်းက နေ့စဉ်ကူးစက်မှုနှုန်းမှာ တစ်နေ့လျှင် ၁၀၀ အထက်တွင် ရှိနေသည်။

လူဦးရေ ၇ ဒသမ ၅ သန်းတွင် ကူးစက်မှုပေါင်း ၂၇၀၀ ကျော်တွေ့ရှိရပြီး ဆေးရုံများတွင် လူနာများ ပြည့်ကျပ်မည့်အရေးနှင့် ရင်ဆိုင်နေရသည်။

မြို့တော်လေဆိပ်အနီးရှိ ပြခန်းမကြီးကို ယာယီဆေးရုံအဖြစ် ပြောင်းလဲရန် အစီအစဉ်ရှိကြောင်း အာဏာပိုင်များက ကြေညာခဲ့သည်။

**အေအက်ဖ်ပီ**



နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသည့် ဟောင်ကောင်ပြည်သူများကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ရေကြီးမှုကြောင့် သေဆုံးသူ ၁၀၂ ဦးအထိရှိလာ

**နယူးဒေလီ ဇူလိုင် ၂၇**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ရေကြီးမှုကြောင့် သေဆုံးသူ ၁၀၂ ဦးအထိ ရှိလာပြီး ရေကြီးမှုဒဏ်ကို လူဦးရေ ၅ ဒသမ ၆ သန်း ဆိုးဆိုးရွားရွား ခံစားခဲ့ရကြောင်း အာဏာပိုင်များက ဇူလိုင် ၂၇ ရက်တွင် ပြောကြားခဲ့သည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၂၃ ခရိုင်တွင် လူပေါင်း ၂ ဒသမ ၄ သန်းမှာ ရေဘေးဒုက္ခခံစားနေရပြီး ငါးဦးအသက် ဆုံးရှုံးခဲ့ရသည်ဟု အာသံပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ အေအက်စ်ဒီမက်အေက ပြောသည်။

ရေကြီးမှုဒဏ်ကို ခရိုင်ပေါင်း ၃၀ မှ လူပေါင်း ၅၆၇၁၀၁၈ ဦး ခံစားရကြောင်း အေအက်စ်ဒီမက်အေမှ ပရောဂျက်မန်နေဂျာ မန်ဒရီယာက ပြောသည်။ ရေကြီးမှုကြောင့်အသက်ဆုံးရှုံးရသူပေါင်း ၁၀၂ ဦးအထိ ရှိကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။



အာသံပြည်နယ်တွင် ရေကြီးနေမှုကို တွေ့ရစဉ်။

ပြည်နယ်အတွင်း မေ ၂၂ ရက်မှ စတင်ကာ ရေကြီးခဲ့ခြင်းဖြစ်ပြီး ရာသီဥတုသိသိသာသာ တိုးတက်ကောင်းမွန်လာခြင်းမရှိသည့်အတွက် ရေများ အပြည့်အဝပြန်မကျနိုင်ခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အချို့သော နေရာများတွင် ရေပြန်ကျသွားသော်လည်း မိုးရွာသွန်းသည့်အခါ ရေပြန်တက်လာကြောင်း သိရသည်။ ၃၇ ရက်တာအတွင်း ရေကြီးမှုကြောင့် ကျေးရွာပေါင်း ၅၃၀၄ ရွာ ရေလွှမ်းမိုးခံရပြီး စိုက်ခင်းပေါင်း ၂၅၉၈၉၉ ဒသမ ၄၄ ဟက်တာခန့် ပျက်စီးခဲ့ရကြောင်း မန်ဒရီယာက ပြောကြားသည်။

ရေကြီးမှုဒဏ်ခံရသည့် ပြည်သူများအတွက် ဒေသအာဏာပိုင်များက အရေးပေါ်ကယ်ဆယ်ရေးစင်တာများ တည်ထောင်ပေးခဲ့သည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှား၌ လူနေမှုပုံစံသစ်မူဝါဒအောက်တွင် ကိုဗစ်-၁၉ ကူးစက်မှု ၁၀၀၀၀၀ ကျော်ရှိလာ

**ဂျကာတာ ဇူလိုင် ၂၇**

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရမှု ၁၀၀၀၀၀ ကျော် ရှိလာပြီဟု ဇူလိုင် ၂၇ ရက်တွင် အင်ဒိုနီးရှား အာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

စတုတ္ထမြောက် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် ကျန်းမာရေးပြဿနာမှာ ထိန်းချုပ်မရနိုင်သည့် အခြေအနေသို့ ရောက်သွားနိုင်ကြောင်း ကြက်ခြေနီအဖွဲ့ကြီးက သတိပေးခဲ့သည်။

ယခုလအတွင်း အင်ဒိုနီးရှားနိုင်ငံတွင် ကန့်သတ်ထားရှိမှုများ ဖြေလျှော့ပေးလိုက်ပြီးနောက်ပိုင်းတွင် နေ့စဉ်ကူးစက်မှုနှုန်းမှာ ၁၀၀၀ နီးပါးရှိခဲ့သည်။ ဇူလိုင် ၂၇ ရက်တွင် အင်ဒိုနီးရှား၌ ကိုဗစ် -၁၉ ကူးစက်ခံရမှုပေါင်း ၁၀၀၃၀၃ ဦးအထိရှိပြီး သေဆုံးသူ ၄၈၃၈ ဦး ရှိသည်ဟု အတည်ပြုခဲ့သည်။ သို့သော်လည်း ကိုဗစ် -၁၉ ရှိ မရှိ စမ်းသပ်ပေးနိုင်မှု လျော့နည်းနေရာ အမှန်တကယ် ကူးစက်ခံရမှုနှုန်းမှာ ယခု အနေအထားထက် ပိုမိုများပြားနိုင်သည်ဟု ယူဆကြသည်။

လူဦးရေသန်း ၂၇၀ နီးပါးရှိသည့် နိုင်ငံသည် အာရှတွင် အဆိုးရွားဆုံး ကိုဗစ် -၁၉ ကူးစက်ခံနေရသည့်နိုင်ငံ ဖြစ်နေသည်။

ကိုဗစ် -၁၉ အတွက် ကန့်သတ်ထားသည့် လူအချင်းချင်းခပ်ခွာခွာ နေရမည့် စည်းမျဉ်း၊စည်းကမ်းများကို ဆန့်ကျင်မှုများရှိနေပြီး ဘာလီကျွန်း အပါအဝင် အချို့သော နေရာများတွင် ကိုဗစ် -၁၉ ရှိ မရှိ စစ်ဆေးပေးခြင်းကိုပင် ဆန့်ကျင်ကြသည်။

**အေအက်ဖ်ပီ**



အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရှိ မရှိ စစ်ဆေးသည့် စင်တာကို တွေ့ရစဉ်။

## ၂၀၃၂ အိုလံပစ်အားကစားပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရေး ကာတာနိုင်ငံက ကြိုးစားသွားမည်

**ဒိုဟာ ဇူလိုင် ၂၇**

ကာတာနိုင်ငံက ၂၀၃၂ အိုလံပစ်အားကစားပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ကြိုးပမ်းမည်ဟု ဇူလိုင် ၂၇ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

ထို့ကြောင့် ပြီးခဲ့သည့်အားကစားပြိုင်ပွဲအတွင်း တက်ရောက်သူများကို ပြည့်စုံစွာမထားရှိနိုင်မှုနှင့် ပူပြင်းလှသည့်အပူချိန်များကြောင့် အိမ်ရှင်အဖြစ် လုပ်ဆောင်ရန် အဆင်ပြေခြင်းရှိမရှိ မေးခွန်းများ ပေါ်ထွက်လာသည်။

အိန္ဒိယနိုင်ငံ၊ ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်နှင့် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တို့သည်လည်း ၂၀၃၂ နွေရာသီ အိုလံပစ်အားကစားပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် စိတ်ပါဝင်စားလျက်ရှိသည်။

ကာတာနိုင်ငံသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးစိတ်ဝင်စားသည်ဟု ဆွစ်ဇာလန်နိုင်ငံ လူဆာနီးမြို့ရှိ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီထံ စာရေးသားပေးပို့ထားကြောင်း အေအက်ဖ်ပီသို့ အတည်ပြုပြောကြားထားသည်။

**အေအက်ဖ်ပီ**

## ၂၀၂၀ ပထမနှစ်ဝက်တွင် အာဖဂန်နစ္စတန်ရှိ အရပ်သားသေဆုံးမှု လျော့ကျလာဟုဆို

**ကဘူးလ် ဇူလိုင် ၂၇**

အာဖဂန်နစ္စတန်နိုင်ငံတွင် အရပ်သားသေဆုံးမှုနှုန်းမှာ ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်နှင့် နှိုင်းယှဉ်လျှင် ၂၀၂၀ ပထမ နှစ်ဝက်တွင် သေဆုံးမှု ၁၃ ရာခိုင်နှုန်း ကျဆင်းလာသည်ဟု ကုလသမဂ္ဂက ဇူလိုင် ၂၇ ရက်တွင် ပြောကြားခဲ့သည်။

**ဆက်လက်ရပ်တည်နေဆဲ**

အရပ်သား သေဆုံးမှုမှာ ၁၃ ရာခိုင်နှုန်း ကျဆင်းလာသော်လည်း အာဖဂန်နစ္စတန်နိုင်ငံမှာကမ္ဘာပေါ်တွင် အရပ်သားများအတွက် ကြောက်မက်ဖွယ်ပဋိပက္ခများရှိသည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်သည်။

**တိုက်ခိုက်မှုများ လျော့နည်းလာ**

အရပ်သားသေဆုံးမှု လျော့နည်းရခြင်း၏ အဓိကအကြောင်းရင်းမှာ နေတိုးအဖွဲ့နှင့် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များ၏ စစ်ဆင်ရေးလျှော့ချမှုများနှင့် အိုင်အက်စ်စစ်သွေးကြွများအပေါ် တိုက်ခိုက်မှုများ လျော့နည်းလာခြင်းတို့ကြောင့်ဖြစ်သည်ဟု သတင်းထုတ်ပြန်ထားသည်။

**လျော့ကျခြင်းမရှိ**

သို့သော်လည်း တာလီဘန်များနှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှု လျော့ကျခြင်းမရှိကြောင်း မှတ်သားရမည်ဟု သတင်းထုတ်ပြန်ချက်တွင် ပါဝင်သည်။

**ကြေကွဲဖွယ်ကောင်းလှ**

အာဖဂန်အစိုးရနှင့် တာလီဘန်တို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဆွေးနွေးနိုင်ရေးသမိုင်းဝင် အခွင့်အရေးရနေသော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် အရပ်သားများ နေ့စဉ် သေဆုံးနေမှုမှာ ဝမ်းနည်းကြေကွဲဖွယ်ရာကောင်းလှသည်ဟု ကုလသမဂ္ဂအထူးသံတမန် ဒါဗိုရာ့ လိုင်ယွန်က ပြောကြားခဲ့သည် ။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ယူဂန္ဒာတွင် ကိုဗစ် - ၁၉ စည်းမျဉ်းများကို မထီမဲ့မြင်ပြုက ပါတီတက်သူ ၁၀၀ကျော်ကို ဖမ်းဆီး

ကမ်ပါလာ ဇူလိုင် ၂၇

ယူဂန္ဒာတွင် ကိုဗစ် -၁၉ စည်းမျဉ်းများကို မထီမဲ့မြင်ပြုကာ ပါတီတက်သူ ၁၀၀ ကျော်ကို ရဲများက ဇူလိုင် ၂၆ ရက်တွင် ဖမ်းဆီးလိုက်ကြောင်း အာဏာပိုင်များက ဇူလိုင် ၂၇ ရက်တွင် ပြောကြားသည်။

မြို့တော်ကမ်ပါလာ၏ အရှေ့မြောက်ဘက် ၁၂ ကီလိုမီတာအကွာရှိ လာဗန်တီလောင်ဂီနှင့် ကစ်ချန်းဟိုတယ်ဘားတွင် စည်းကမ်းချိုးဖောက်သူများကို ရဲများနှင့် ယူဂန္ဒာတပ်ဖွဲ့အရာရှိများက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဘားနှင့် ကလပ်များကို ဖွင့်ခွင့်မပေးသေးဟု ကမ်ပါလာရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူ အွန်ယန်ဂိုက ပြောသည်။ သို့သော်လည်း ပါတီတက်သူများသည် စည်းမျဉ်း စည်းကမ်းချိုးဖောက်ရုံမျှမကဘဲ လူအချင်းချင်း ခပ်ခွာခွာနေရမည့် စည်းကမ်းကိုပါ လိုက်နာခဲ့ခြင်းမရှိဟု ၎င်းကဆက်လက် ပြောကြားခဲ့သည်။ ပါတီတက်ရာမှ နောက်ထပ်ကူးစက်မှုများ ထပ်မံပေါ်ပေါက်လာနိုင်ကြောင်း၊ ထို့ကြောင့် မဖြစ်ခင်ကတည်းက ကာကွယ်ရမည်ဟုလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ယူဂန္ဒာတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၁၁၅ ဦး ရှိပြီး ပြန်လည်ကျန်းမာလာသူ ၉၇၅ ဦးရှိကြောင်း သိရသည်။ ဆင်ဟွာ

---

### တရုတ်နိုင်ငံ ဟူပေပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငါးဦးသေဆုံး

ဝူဟန် ဇူလိုင် ၂၇

ပြီးခဲ့သည့် ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟူပေပြည်နယ်၌ ငါးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ပြည်နယ်အာဏာပိုင်များက ဇူလိုင် ၂၇ ရက်တွင် ပြောကြားသည်။

ဇူလိုင် ၂၅ ရက်နှောင်းပိုင်းက ကျန်ရှီခရိုင် အန်ရှီတူဂျာနှင့် မီယာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း ကျန်ရှီအုပ်ချုပ်ရေးအဖွဲ့က ပြောသည်။

ဇူလိုင် ၂၆ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်သူ ၆၀၀၀၀ ကို ကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရကြောင်း သိရသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့်ဖြစ်ပွားသည့် ရေကြီးမှုကြောင့် သီးနှံစိုက်ခင်းဧကပေါင်း ၂၈၀၀ အထိ ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

---

# မြောက်ကိုရီးယားမှာ ပထမဆုံး ကိုရိုနာဗိုင်းရပ်စ် စတင်တွေ့ရှိမှုနဲ့အတူ ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ၁၆ သန်းနီးနီးရှိလာ

ထွန်းသစ်စ

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု လျင်မြန်စွာဖြစ်ပွားလျက်ရှိပြီး ဒုတိယလှိုင်းဂယက်အတွက် စိုးရိမ်နေတဲ့အချိန်မှာ မြောက်ကိုရီးယားနိုင်ငံမှာ ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်ကူးစက်သူ တွေ့ရှိတယ်ဆိုတဲ့ သတင်းကို ဇူလိုင် ၂၆ ရက်က အံ့ဩဖွယ်ကြားလိုက်ရပါတယ်။ ကမ္ဘာ့မြေပြင်တစ်လွှား သူသူငါငါ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၆ သန်းကျော်လာမှုနဲ့အတူ မြောက်ကိုရီးယားနိုင်ငံဟာ နောက်ဆုံးကူးစက်ခံရတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။

## အဆီးအတားမရှိ ကူးစက်ချင်တိုင်းကူးစက်

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါက ကမ္ဘာကြီးတစ်ခုလုံးကို အဆီးအတားမရှိဘဲ ကူးစက်ချင်တိုင်းကူးစက်ပြီး ကျန်းမာရေးစနစ်တွေကို ဝန်ပိမှုတွေဖြစ်စေသလို စီးပွားရေးတွေ ကမောက်ကမဖြစ်နေတဲ့အချိန်မှာ အများနိုင်ငံတွေနဲ့ ရောနှောနေလေ့မရှိဘဲ တစ်ဦးတည်း ထီးထီးကြီးခွဲထွက် ရပ်တည်နေတတ်တဲ့ မြောက်ကိုရီးယားနိုင်ငံဟာ ကိုဗစ်-၁၉ ကူးစက်သူတစ်ယောက်တလေမှတောင် မရှိဘူးဆိုပြီး ဂုဏ်ယူပြောကြားခဲ့သော်လည်း အခုတော့ ဗိုင်းရပ်စ် တားဆီးဖို့ ပြင်ဆင်နေရပြီဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံအနှံ့အနည်းဆုံးလူပေါင်း ၆၄၅၀၀၀ လောက် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို မလွန်ဆန်နိုင်ဘဲ သေပွဲဝင်ခဲ့သလို အဲဒီထဲမှာ အဆိုးဆုံးဖြစ်ခဲ့တဲ့ နိုင်ငံကတော့ မြောက်ကိုရီးယားနိုင်ငံရဲ့ အဓိကပြိုင်ဘက် အမေရိကန်ပြည်ထောင်စုပဲဖြစ်ပါတယ်။



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း

တကယ့်ကို ကြောက်စရာကောင်းပြီး ရက်စက်ပြင်းထန်တဲ့ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဟာ နိုင်ငံထဲကို ဝင်ရောက်လာပြီလို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောကြားခဲ့ပါတယ်။

## ထိန်းချုပ်ကာကွယ်

မြောက်ကိုရီးယားအာဏာပိုင်တွေဟာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ကာကွယ်ဖို့ ခယ်ဆောင်းမြို့ကို အသွားအလာကန့်သတ်ပိတ်ဆို့မှု လုပ်ဆောင်လိုက်ပါပြီ။ ခယ်ဆောင်းဟာ တောင်ကိုရီးယားနိုင်ငံရဲ့ အနီးမှာရှိတဲ့ မြောက်ကိုရီးယားနိုင်ငံရဲ့ နယ်စပ်မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ နိုင်ငံပိုင်မီဒီယာကတော့ တောင်ကိုရီးယားနိုင်ငံဘက်ကို လွန်ခဲ့တဲ့ သုံးနှစ်လောက်က ပြေးသွားတဲ့ ပြည်ပြေးတစ်ဦး မြောက်ကိုရီးယားနိုင်ငံကို ပြန်လာခဲ့ပါတယ်၊ သူဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရနိုင်တယ်ဆိုပြီး သံသယရှိနေတယ်လို့ ဖော်ပြထားပါတယ်။

သို့သော်လည်း ကျွမ်းကျင်သူတွေကတော့ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဟာ အိမ်နီးချင်းတရုတ်နိုင်ငံကနေ မြောက်ကိုရီးယားနိုင်ငံထဲကို ဝင်နှင့်နေနိုင်တယ်လို့ ယူဆထားပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဟာ လွန်ခဲ့တဲ့နှစ်နှောင်းပိုင်းက တရုတ်နိုင်ငံမှာ စတင်ဖြစ်ပွားခဲ့ပါတယ်။

## အရှိန်ကောင်းကောင်းနဲ့ ဆက်လက်ပျံ့နှံ့နေဆဲ

အခုအချိန်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုဟာ ရပ်တန့်သွားတယ်လို့မရှိဘဲ အရှိန်ကောင်းကောင်းနဲ့ ဆက်လက်ပျံ့နှံ့နေဆဲဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုနဲ့ ပတ်သက်ပြီး ထိတ်လန့်ဖွယ်သတင်းမျိုးတောင် ကြားရပါတယ်။ အဲဒါကတော့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကြောက်လို့ မကူးစက်အောင် ကာကွယ်ထိန်းချုပ်မှုတွေလုပ်ထားတဲ့ နိုင်ငံတွေမှာတောင် ကူးစက်မှုတွေ ဖြစ်ပေါ်ခဲ့တယ်ဆိုတဲ့ သတင်းပဲဖြစ်ပါတယ်။

အဲဒီနိုင်ငံတွေထဲက တစ်နိုင်ငံကတော့ ဩစတြေးလျပဲဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်စတင်တွေ့ရှိခဲ့တဲ့ အချိန်ကစပြီး ဇူလိုင် ၂၆ ရက်ဟာ ဗိုင်းရပ်စ်ကြောင့် သေဆုံးမှုအများဆုံးနေ့တစ်နေ့ ဖြစ်ခဲ့ပါတယ်။ တကယ့်ကို တင်းကျပ်တဲ့ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေ လုပ်ထားတာတောင် သေဆုံးသူဟာ အဲဒီနေ့မှာ ၁၀ ဦးအထိ ထပ်မံရောက်ရှိခဲ့ပြီးတော့ ကူးစက်မှုတွေလည်း ထပ်မံဖြစ်ပွားခဲ့ပါတယ်။ ဒါတွေဟာ မြန်မြန်ဆန်ဆန်ပဲ ပြောင်းလဲဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီအရေးအတွက်ဟာ ကျွန်တော်တို့အနေနဲ့ အလွန်ကိုမြင့်မားတဲ့ပမာဏဖြစ်တယ်လို့ ဗစ်တိုးရီးယားပြည်နယ်ဝန်ကြီးချုပ် ဒန်နီရယ်အန်ဒရူးစ်က ပြောလိုက်ပါတယ်။

## ကူးစက်ခံရသူပေါင်း ၁၆ သန်းကျော်ရှိလာ

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆ သန်းကျော်ရှိလာချိန်မှာ အဲဒီထဲက လေးပုံတစ်ပုံလောက်ဟာ အမေရိကန်ပြည်ထောင်စုက ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ လွန်ခဲ့တဲ့ ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုဟာ ၆၈၀၀၀ ကျော်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ နွေဦးရာသီမှာ ရောဂါကူးစက်ပျံ့နှံ့မှုဟာ ကျဆင်းခဲ့ပြီးနောက်မှာ ရုတ်တရက်ပြန်လည်မြင့်တက်လာခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ကယ်လီဖိုးနီးယား၊ ဖလော်ရီဒါ၊ တက္ကဆက်တွေမှာ အများဆုံးဖြစ်ပွားခဲ့တာပါ။ တက္ကဆက်ဟာ ၂၀၂၀ ပြည့်နှစ်ရဲ့ ဟာရီကိန်းဒဏ်ကိုလည်း ခံစားခဲ့ရတဲ့ ပြည်နယ်တစ်ခုဖြစ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ လေးရက်ဆက်တိုက် အမေရိကန်ပြည်ထောင်စုမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့တဲ့သူတွေဟာ ၁၀၀၀ ကျော်ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့သူအရေအတွက်ဟာ ၁၄၆၀၀၀ အထိ လျင်မြန်စွာ တိုးလာခဲ့ပါတယ်။

လက်တင်အမေရိကနဲ့ မြေထဲပင်လယ်ဒေသမှာလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုဟာ လေးပုံပုံ တစ်ပုံလောက် ဖြစ်ပွားခဲ့ပါတယ်။ အစိုးရတွေအနေနဲ့ ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိအောင် လုပ်ဆောင်ဖို့ မစွမ်းဆောင်နိုင်သေးပါဘူး။

## ဖျက်သိမ်းလိုက်

ဘရာဇီးနိုင်ငံမှာလည်း တဖြည်းဖြည်းကြောက်စရာကောင်းလာတဲ့ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ အကျပ်အတည်းနဲ့ရင်ဆိုင်နေရတဲ့အတွက်ကြောင့် ရီယိုဒီဂျနေးရိုး ကိုပါကာဘာနာကမ်းခြေမှာ ကျင်းပလေ့ရှိတဲ့ နှစ်သစ်ကူးအကြို ပျော်ပွဲရွှင်ပွဲတွေအားလုံးကို ဖျက်သိမ်းလိုက်ပါတယ်။ ဘရာဇီးနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် အခုဆိုရင် သေဆုံးသူအရေအတွက်ဟာ ၈၀၀၀၀ ကျော်လာပြီ ဖြစ်ပါတယ်။ အဲဒါကြောင့် ပျော်ပွဲရွှင်ပွဲတွေ မကျင်းပတာပါလို့ အရာရှိတစ်ဦးက ပြောကြားလိုက်ပါတယ်။

ဥရောပဒေသတွင်း နွေရာသီအပန်းဖြေအားလပ်ရက်တွေ အများအပြားဖွင့်လှစ်ပေးလိုက်သလို တစ်ချိန်တည်းမှာပဲ ဥရောပမှာလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုပေါင်း သုံးသန်းနီးပါးရှိလာခဲ့တယ်လို့ သတင်းတွေမှာ ဖော်ပြထားပါတယ်။

## ပျော်ပွဲရွှင်ပွဲများကြောင့် ပိုပြီးဖြစ်နိုင်

ဗြိတိန်မှာလည်း ရုတ်တရက်ဆုံးဖြတ်ချက်ချလိုက်တာတော့ ရှိပါတယ်။ အဲဒါကတော့ စပိန်ကလာတဲ့ခရီးသည်တွေကို သီတင်းပတ်နှစ်ပတ်ကြာ ကိုယ့်ဟာကိုယ် သီးသန့်ခွဲခြားနေထိုင်မှု ပြုလုပ်ရမယ်လို့ အမိန့်ထုတ်ပြန်လိုက်ခြင်းပဲ ဖြစ်ပါတယ်။ မြေထဲပင်လယ်နိုင်ငံတစ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ရုတ်တရက်မြင့်တက်လာပြီးနောက် အခုလို လုပ်ဆောင်လိုက်တာဖြစ်ပါတယ်။ ကျန်းမာရေးဆိုင်ရာအရာရှိတွေကတော့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေဟာ ညပိုင်းပျော်ပွဲရွှင်ပွဲတွေကြောင့် ပိုပြီးဖြစ်နိုင်တယ်လို့ ထောက်ပြပြောဆိုထားကြပါတယ်။

အစိုးရပေါင်းများစွာက စပိန်ကလာတဲ့ အားလပ်ရက်အပန်းဖြေ ခရီးထွက်သူတွေကို သီးသန့်ခွဲခြားစောင့်ကြည့်မှုတွေ ပြုလုပ်ဖို့ လိုတယ်ဆိုတာ သိကြပါတယ်လို့ ဗြိတိန်အတိုက်အခံလွှတ်တော်အမတ် ဒိုင်အက်ဘော့က ပြောပါတယ်။ ဒါပေမယ့်လည်း ဒါကိုဘယ်သူမှ ဒုက္ခခံပြီး ဗြိတိန်လွှတ်တော်အမတ်ဂရန့်ရှက်ပ်ကို မပြောကြဘူးလို့ သူက ဟာသနှောကာ ပြက်လုံးထုတ်ပြီး ပြောလိုက်ပါတယ်။

## ခရီးသွားကဏ္ဍကိုထိခိုက်

ကိုရိုနာဗိုင်းရပ်စ်ဟာ စပိန်နိုင်ငံရဲ့ ခရီးသွားကဏ္ဍကိုလည်း ထိခိုက်ခဲ့ပါတယ်။ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေ ပြုလုပ်ပြီး နယ်စပ်တွေ ပိတ်လိုက်တာကြောင့် ဘားဆိုင်တွေ၊ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ စုစုပေါင်း ၁၃ ရာခိုင်နှုန်းလောက် ထာဝရပိတ်သွားခဲ့ကြပါတယ်။ ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရုပ်ပိုင်းဆိုင်ရာ နာကျင်ခံစားမှုတွေကတော့ ပြောမပြနိုင်လောက်အောင်ပါပဲ။

အိန္ဒိယနိုင်ငံမှာလည်း ကိုဗစ်- ၁၉ ဖြစ်ပြီပြော ဆိုတော့ သန်းချီတဲ့ နေရပ်စွန့်ခွာရွှေ့ပြောင်း အလုပ်သမားတွေ မြို့တွေမှာ မနေရဲကြတော့သလို ပြန်ဖို့လည်း အလွန်ကြောက်ရွံ့နေခဲ့ကြပါတယ်။ အာရှရဲ့ တတိယအကြီးဆုံးစီးပွားရေးတည်ရှိရာ အိန္ဒိယနိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူပေါင်း ၁ ဒသမ ၃ သန်းကျော်လာပြီ ဖြစ်ပါတယ်။ အမေရိကန်နဲ့ ဘရာဇီးပြီးရင်တော့ အဆိုးဆုံးလို့ ပြောလို့ရပါတယ်။ အခုချိန်အထိတော့ တိုးတက်တဲ့ အရိပ်အယောင်တွေ မတွေ့ရသေးပါဘူး။ ကိုရိုနာဗိုင်းရပ်စ်ဟာ တစ်ထောင့်တစ်ညပုံပြင်ထက်တောင် ဆိုးနေပြီလားလို့ ထင်မှတ်မှားရပါတယ်။ ကာကွယ်ဆေးမတွေ့မချင်း ပြီးဆုံးမယ့် လက္ခဏာ မတွေ့ရသေးပါဘူး။ ။

ကိုးကား - အေအက်ဖ်ပီ

> "မြောက်ကိုရီးယားအာဏာပိုင်တွေဟာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ကာကွယ်ဖို့ ခယ်ဆောင်းမြို့ကို အသွားအလာကန့်သတ်ပိတ်ဆို့မှု လုပ်ဆောင်လိုက်ပါပြီ။ ခယ်ဆောင်းဟာ တောင်ကိုရီးယားနိုင်ငံရဲ့ အနီးမှာရှိတဲ့ မြောက်ကိုရီးယားနိုင်ငံရဲ့ နယ်စပ်မြို့လေးတစ်မြို့ ဖြစ်ပါတယ်"

# မိမိကိုယ်ကို ကာကွယ်



အမြဲကြောက်နေခြင်းမှာလည်း မကောင်းပါကြောင်း၊ ကြောက်ခိုင်းခြင်း မဟုတ်ပါကြောင်း၊ သတိရှိရန် ပြောခြင်းဖြစ်ပါကြောင်း၊ သတိရှိခြင်းနှင့် ကြောက်ခြင်း မတူညီပါကြောင်း၊ အပြင်သွားသည့်အခါ မျက်နှာဖုံးတပ်လိုက်ခြင်းသည် သတိဖြစ်ပါကြောင်း၊ လက်ကို မှန်မှန်သေသေချာချာဆေးခြင်း၊ အိမ်ပြန်လာသည့်အခါတွင် ချက်ချင်းလက်ဆေးခြင်း၊ မျက်နှာဖုံးများချွတ်ပြီး အဝတ်များချက်ချင်းလဲခြင်း စသည့်ကိစ္စရပ်များသည် များစွာအပန်းမကြီးပါကြောင်း၊ ယင်းခြေလှမ်းများ လှမ်းခြင်းအားဖြင့် ယခုထက် အပန်းကြီးသည့် အခြေအနေကို မရောက်သွားနိုင်အောင် မိမိကိုယ်ကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်ချိန်လုံး သတိပေးနေရခြင်းဖြစ်ပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၀–၆–၂၀၂၀ ရက်နေ့တွင် COVID –19 ကူးစက်ဖြစ်ပွားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## ချင်းပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ကာလ အခြေခံလူတန်းစားများအား ထောက်ပံ့ငွေပေးအပ်

ဖလမ်း ဇူလိုင် ၂၇

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်း လျန်လွယ်သည် ကိုဗစ်–၁၉ ကာလ ပုံမှန်ဝင်ငွေ မရှိသည့် အခြေခံ လူတန်းစားများအား ယနေ့နံနက်ပိုင်းက ထောက်ပံ့ငွေပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဖလမ်းမြို့နယ် ရိခေါ်ဒါရ်မြို့ဒေသခံပြည်သူများနှင့် ရိခေါ်ဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ရိခေါ်ဒါရ်မြို့ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် ရိခေါ်ဒါရ်မြို့ အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၂) ရပ်ကွက်ရှိ ပုံမှန်ဝင်ငွေ မရှိသည့် အခြေခံ လူတန်းစားအိမ်ထောင်စု ၂၂၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေပေးအပ်သည်။




ဆက်လက်၍ ဖလမ်းမြို့နယ် ခေါ်ထီကျေးရွာ ဒေသခံပြည်သူများနှင့် အဆိုပါကျေးရွာခန်းမ၌ တွေ့ဆုံပြီး ခေါ်ထီအုပ်စု ခေါ်ထီကျေးရွာမှ အိမ်ထောင်စု ၂၃ စုနှင့် ရိခေါ်ဒါရ်ကျေးရွာမှအိမ်ထောင်စုကိုးစု စုစုပေါင်း ၃၂ စုတို့ကိုလည်း ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေပေးအပ်သည်။

အဆိုပါ အိမ်ထောင်စု ၂၅၂ စုကို နိုင်ငံတော်အစိုးရမှ ကိုဗစ်–၁၉ ကာလ ဒုတိယအကြိမ် အခြေခံလူတန်းစားအိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဘားအံမြို့နယ်ရှိ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ဖြန့်ဖြူးပေးအပ်ကာ ကန်သာယာကန်အတွင်း ငါးမျိုးစိုက်ထည့်

နေပြည်တော် ဇူလိုင် ၂၇

ကိုဗစ်–၁၉ အလွန် ငါးမွေးမြူရေးကဏ္ဍ ပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုဖြင့် ကရင်ပြည်နယ်အတွင်းရှိ ငါးမွေးတောင်သူများသို့ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ပွဲနှင့် ဘားအံမြို့ ကန်သာယာကန်အတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဘားအံမြို့ ကန်သာယာကန်၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ငါးမွေးတောင်သူကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ငါးမွေးတောင်သူ ကိုယ်စားလှယ်များအား ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၁၄၆၆၀ အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာသူများက ကန်သာယာကန် အတွင်း ငါးမြစ်ချင်းကောင်ရေ ၈၀၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀ စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၁၀၀၀၀၀ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စွမ်းအားမြှင့် မီးဖိုများဖြန့်ဖြူးခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စွမ်းအားမြှင့် မီးဖိုများ ဖြန့်ဖြူးခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို က အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ်(CERP)အရ ဆောင်ရွက် မည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအနေဖြင့်လည်း တောင်သူများအတွက် အရင်းအနှီးချေးငွေများကိုလည်း ထုတ်ချေးပေးနေကြောင်း၊ တောင်သူများအား သီးနှံထွက်နှုန်းများ မလျော့ကျရေးအတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဦး၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ကိုဗစ်–၁၉ စီးပွားရေးကုစားမှု အစီအစဉ် (CERP)အရ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စွမ်းအားမြှင့် မီးဖိုများဖြန့်ဖြူးခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသို့ နေပြည်တော်အတွင်းရှိ ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်း ၃၀ တက်ရောက်ကြသည်။

ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ်(CERP) အရ ဆောင်ရွက်မည့်လုပ်ငန်းများအနေဖြင့် မျိုးစေ့ထုတ် တောင်သူ ၁၃၀၀ မျိုးစေ့ထုတ် ဧက ၃၈၂၉ ဒသမ ၆၅ ဧက အတွက် မျိုးစေ့ဖိုး၊ လုပ်အားခနှင့် မျိုးစေ့သန့်စင်စရိတ်များကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်းလုပ်ငန်းကို နေပြည်တော်အတွင်းရှိ သတ်မှတ်ကျေးရွာများကို ပထမအကြိမ်အနေဖြင့် ကျေးရွာ ၉၁ ရွာတွင် စွမ်းအားမြှင့်မီးဖို ၁၅၅၀၀ ကို ဖြန့်ဝေခဲ့ပြီး ဒုတိယအကြိမ်အနေဖြင့် ကျန်ရှိသည့် ကျေးရွာများကို ၁၅၅၀၀ စုစုပေါင်း ၃၁၀၀၀ ကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တာလေမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

တာလေ ဇူလိုင် ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နားအွန်၌ ယနေ့ နံနက်ပိုင်းတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် တာလေမြို့လောကပါလ ပရဟိတလူမှုကူညီရေးအသင်းမှ အ. ထ. က(ခွဲ) နားအွန်ကျောင်းအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် စနစ်တကျလက်ဆေးပေးဗွီနိုင်းတစ်ခု၊ နှာခေါင်းစည်းသုံးထုပ်၊ မျက်နှာအကာအကွယ် ၁၀ ခုနှင့် အပူချိန်တိုင်းကိရိယာတစ်ခုတို့ကို လှူဒါန်းရာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နားအွန်မှ ကျောင်းအုပ်ဆရာကြီး ဦးစိုင်းရှိန်က လက်ခံယူသည်။

အဆိုပါ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်နိုင်ရန် လှူဒါန်းခြင်းဖြစ်ကြောင်း လောကပါလပရဟိတ လူမှုကူညီရေးအသင်း ဦးညိမ်းသောင်ထံမှ သိရသည်။ **အောင်ကျော်မိုး(ပြန်/ဆက်)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၂၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် - အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၂၅၃)ခု အား စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၂။ (၂၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၅၀) ဦးရှိပြီ ဖြစ်ပါသည်။

၃။ (၂၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမ + ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၅၃၅)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၄၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL, Mandalay) မှ ဓာတ်ခွဲနမူနာ (၁၆၀) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၈၆) ခု၊
- စုစုပေါင်း (၁,၁၂၁)ခုအား စစ်ဆေးခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ |
|---|---|
| (၂၆-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ဒုတိယအသုတ်) | (၂၅၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၀) ဦး |

(၂၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၅၃၅) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၄၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL, Mandalay) မှ ဓာတ်ခွဲနမူနာ (၁၆၀) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၈၆) ခု၊
- စုစုပေါင်း (၁,၁၂၁) ခု အား စစ်ဆေးခဲ့ပါသည်။

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၁၁)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၀၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၁၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၂၅၆) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၂၈) ခု၊

စုစုပေါင်း (၈၁၁)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၂၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၅၀) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂) ဦး (Case- 336, 338) ရှိသဖြင့် စုစုပေါင်း(၂၉၂) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၇၅) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၆-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၇-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ်(၂၅) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၇-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁၁) ခု |
| (၂၇-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၂) ခု |
| (၂၇-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၄) ခု |
| (၂၇-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၂၇-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၅၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၂၉၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

❑ *ကျောဖုံးမှ*

လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**တာဝန်ယူဆောင်ရွက်ပေး**

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

**ပြန်လည်ခေါ်ဆောင်**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ မြန်မာသံရုံး/ကောင်စစ်ဝန်ချုပ်ရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသားဦးရေ စုစုပေါင်း ၈၉၉၁ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

ရဲတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ် ထိန်းချုပ်ရေးအတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် မဖြစ်မနေ နှာခေါင်းစည်းများ တပ်ဆင်စေရန်အတွက် လှူဒါန်းခြင်းဖြစ်ကြောင်း၊ နှာခေါင်းစည်းများလှူဒါန်းခြင်းကို ကျောင်းအုပ်ဆရာကြီး ဦးချမ်းငြိမ်းအောင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**လွှမ်းသူနောင်(ပြန်/ဆက်)**

## COVID – 19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၇**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၁၄၂၅ | ၃၅၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၉၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၆၉၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၇၅ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၇ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၅၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၇-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၇-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၇၄၇၈၅ | ၂၀၉၀၂၇၁ | ၁၄၉၈၆၄ |
| ၂။ | ဘရာဇီး | ၂၄၁၉၉၀၁ | ၁၆၃၄၂၇၄ | ၈၇၀၅၂ |
| ၃။ | အိန္ဒိယ | ၁၄၆၄၉၉၁ | ၉၃၅၃၇၆ | ၃၃၁၁၁ |
| ၄။ | ရုရှား | ၈၁၈၁၂၀ | ၆၀၃၃၂၉ | ၁၃၃၅၄ |
| ၅။ | တောင်အာဖရိက | ၄၄၅၄၃၃ | ၂၆၅၀၇၇ | ၆၇၆၉ |
| ၆။ | မက္ကဆီကို | ၃၉၀၅၁၆ | ၂၅၁၅၀၅ | ၄၃၆၈၀ |
| ၇။ | ပီရူး | ၃၈၄၇၉၇ | ၂၆၇၈၅၀ | ၁၈၂၂၉ |
| ၈။ | ချီလီ | ၃၄၅၇၉၀ | ၃၁၈၀၉၅ | ၉၁၁၂ |
| ၉။ | စပိန် | ၃၁၉၅၀၁ | စိစစ်ဆဲ | ၂၈၄၃၂ |
| ၁၀။ | ဗြိတိန် | ၂၉၉၄၂၆ | စိစစ်ဆဲ | ၄၅၇၅၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၇-၇-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၀၀၃၀၃ | ၅၈၁၇၃ | ၄၈၃၈ |
| ဖိလစ်ပိုင် | ၈၂၀၄၀ | ၂၆၄၄၆ | ၁၉၄၅ |
| စင်ကာပူ | ၅၀၈၃၈ | ၄၅၅၂၁ | ၂၇ |
| မလေးရှား | ၈၉၀၄ | ၈၆၀၁ | ၁၂၄ |
| ထိုင်း | ၃၂၉၅ | ၃၁၁၁ | ၅၈ |
| ဗီယက်နမ် | ၄၃၁ | ၃၆၅ | ၀ |
| မြန်မာ | ၃၅၀ | ၂၉၂ | ၆ |
| ကမ္ဘောဒီးယား | ၂၂၅ | ၁၄၃ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |




## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၅၇ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၂၇

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၅၇ ဦးသည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။**(ယာပုံ)**



ပြန်လည် ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေး စစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ် မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၂၇ ရက်အထိ ၁၇၃၃၅ ဦး စုစုပေါင်း ၅၄၃၅၃ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၃၀၂ ဦး၊ အမျိုးသမီး ၂၅၅ ဦး စုစုပေါင်း ၅၅၇ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ကိုဗစ်-၁၉ အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်းများသို့ စားသောက်ဖွယ်ရာများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၇

လေယာဉ်မှူးကြီး ဦးအောင်ပိုနှင့်အတူ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်း (Win & San)၊ ဦးခင်မောင်လတ်၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ဇင်ဇေလတ်နှင့် ဒေါ်မာလာဝင်း (Yangon Water Boom)တို့နှင့် ကိုမောင်မောင်အေး (Dream Board)၊ နိုင်ငံကျော်တေးသံရှင် အရိုးတို့ ပူးပေါင်းကူညီပါဝင်သော အဖြူရောင်စုံမှတ်များ '၁၉' ပရဟိတအဖွဲ့က ရန်ကုန်တက္ကသိုလ်နယ်မြေ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း ခုနစ်ခု၌ရှိသော စေတနာ့ဝန်ထမ်းများနှင့် ပြည်ပမှပြန်လည်ဝင်ရောက်လာသူများအား လိုအပ်သော စားသောက်ဖွယ်ရာများကို ဇူလိုင် ၂၅ ရက်မှစ၍ လှူဒါန်းမှုပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်း (Win & San)က "လေယာဉ်မှူးကြီး ဦးအောင်ပို၏ မိုးကုပ်စက်ဝိုင်းနှင့် ဆုံမှတ်များ အမည်စာအုပ်ထွက်ရှိတဲ့ အထိမ်းအမှတ်အနေနဲ့ ဒီကနေ့ အဖြူရောင်စုံမှတ်များ '၁၉' ပရဟိတအဖွဲ့ဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် လိုအပ်သော အစားအသောက်၊ မုန့်ပဲသရေစာ၊ မြန်မာရိုးရာမုန့်မျိုးစုံ၊ လက်သန့်ဆေးရည်၊ ရှူဆေး၊ သောက်ရေသန့်တို့ကို လှူဒါန်းဖြစ်ကြတာပါ" ဟု ပြောသည်။

သွားရောက်လှူဒါန်းခဲ့ကြသည့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများမှာ YUFL (အဓိပတိဆောင်၊ ဧကရီဆောင်)၊ ရန်ကုန်ပညာရေးတက္ကသိုလ် (သံပျင်ဆောင်)၊ Hlaing Quarantine Centre (မြတ်လေးဆောင်) ၊ (G–H) စင်တာ ၁–၂–၃ တို့မှ စုစုပေါင်း လူဦးရေ ၄၀၀ ကျော်ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

※ ကျောဖုံးမှ

(ခ) ထိုသို့ ပြည်ပသို့ သွားရောက်လိုသော မြန်မာနိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာနိုင်ငံများမှ သတ်မှတ်ထားသော ပြည်ဝင်ခွင့်ဆိုင်ရာ ကန့်သတ်ချက်များအလိုက် လိုအပ်သည့် အထောက်အထားစာရွက်စာတမ်းများအား ကြိုတင်ပြင်ဆင်ထားရှိရန်ဖြစ်ပြီး ပြည်ဝင်ဗီဇာလျှောက်ထားခြင်းလုပ်ငန်းကို ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ သံရုံးများသို့ မိမိအစီအစဉ်ဖြင့် တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပါသည်။

(ဂ) အကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ အရေးတကြီး သွားရောက်လိုသူများအနေဖြင့် လျာထားကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်များအရ သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ လိုအပ်သည့် အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ကြိုတင်စာရင်းပေးသွင်းပြီးနောက် အဆိုပါလေကြောင်းလိုင်းများမှ ခရီးသည်များ သွားရောက်မည့်နိုင်ငံများ၏ ပြည်ဝင်ခွင့်ဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသူစာရင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့မည်ဖြစ်ပါသည်။ (ခြွင်းချက်အနေဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်၍ ဆေးကုသမှုခံယူမည့်သူများနှင့် လူနာစောင့်များနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထိုင်းသံရုံးသို့ သံတမန်စာဖြင့် ညှိနှိုင်းပေးရန် လိုအပ်ချက်အရ ကာယကံရှင်များအနေဖြင့် လေကြောင်းလိုင်းသို့ စာရင်းပေးသွင်းသည်နှင့်တစ်ပြိုင်နက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လိုအပ်သည့် စာရွက်စာတမ်းများနှင့်အတူ တင်ပြရန် လိုအပ်ပါသည်။)

(ဃ) နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ယင်းသို့ပေးပို့လာသည့် ခရီးသည်စာရင်းအား ချမှတ်ထားသည့် ဦးစားပေးအစီအစဉ်အလိုက် စိစစ်လျက် အမျိုးသားအဆင့် ဗဟိုကော်မတီသို့ ခွင့်ပြုချက်တောင်းခံရယူပြီး ကယ်ဆယ်ရေး/အထူးလေယာဉ်များတွင် လိုက်ပါနိုင်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သံရုံးများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

(င) ထိုသို့ သက်ဆိုင်ရာ လေယာဉ်ခရီးစဉ်များအလိုက် လိုက်ပါခွင့်ရရှိသူ အတည်ပြု စာရင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ လေကြောင်းလိုင်းများသို့ ပြန်လည်ပေးပို့ သွားမည်ဖြစ်ပြီး၊ လိုက်ပါခွင့်ရရှိသူများအနေဖြင့် သက်ဆိုင်ရာ လေကြောင်းလိုင်းများသို့ ဆက်သွယ်၍ လေယာဉ်လက်မှတ်ဝယ်ယူရေး ဆက်လက်ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

(စ) ပြည်ပသို့ သွားရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာ နိုင်ငံများ၏လိုအပ်ချက်အရ COVID-19 ကင်းရှင်းကြောင်း ဓာတ်ခွဲစစ်ဆေးချက် ရယူနိုင်ရေးအတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့မဟုတ် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)တို့တွင် မိမိအစီအစဉ်ဖြင့် ဓာတ်ခွဲစစ်ဆေးခြင်း ခံယူရန် ဖြစ်ပါသည်။ (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဓာတ်ခွဲစစ်ဆေးပေးနိုင်မှု အကန့်အသတ်အရ သက်ဆိုင်ရာ ကယ်ဆယ်ရေး/အထူးလေယာဉ်များတွင် အတည်ပြုလိုက်ပါခွင့်ရရှိသူများကိုသာ သတ်မှတ်ရက်အတွင်း ဓာတ်ခွဲစစ်ဆေးမှု ပြုလုပ်ပေးမည်ဖြစ်ပါသည်။)

(ဆ) မြန်မာနိုင်ငံဘက်မှ ထွက်ခွာသည့် ကယ်ဆယ်ရေး/ အထူးလေယာဉ်များဖြင့် ဆုံရပ်နိုင်ငံများမှတစ်ဆင့် (အထူးသဖြင့် ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းအပြည်ပြည် ဆိုင်ရာလေဆိပ်) လေယာဉ်ကူးပြောင်းလိုက်ပါမည့်သူများအနေဖြင့် လေဆိပ်တွင် Transit စောင့်ဆိုင်းခွင့်ပြုချိန် (၂၄) နာရီအတွင်း မိမိတို့သွားရောက်မည့် နိုင်ငံသို့ ကူးပြောင်းခရီးစဉ် ချိတ်ဆက်လိုက်ပါနိုင်ရေး ကြိုတင်စီစဉ်ထားရှိရန်နှင့် ယင်းသို့ စီစဉ်ထားရှိသည့် လေယာဉ်လက်မှတ်အား သက်ဆိုင်ရာလေကြောင်းလိုင်းသို့ တစ်ပါတည်းပြသရန်လိုအပ်မည် ဖြစ်ပါသည်။

၄။ လက်ရှိတွင် ပြည်ပနိုင်ငံအများစု၌ COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ပြည်ဝင်ကန့်သတ်များ ချမှတ်ဆောင်ရွက်ထားဆဲဖြစ်ရာ ပြည်ပနိုင်ငံအသီးသီးသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်လိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ နိုင်ငံများမှ ချမှတ်ထားသော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် စည်းကမ်းသတ်မှတ်ချက်များအား ကြိုတင်လေ့လာထားကြရန်နှင့် တိကျစွာလိုက်နာဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်းကိုလည်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်**

# ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်နေရာများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက IDP စခန်းများ နှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ယနေ့တွင် ကချင်ပြည်နယ် လွယ်ဂျယ်မြို့နယ်ရှိ လီဆူဘုရားကျောင်း၊ နှစ်ခြင်းဘုရားကျောင်း၊ ကက်သလစ်ကျောင်း၊ ဆိုင်းဂျာဘုရားကျောင်း၊ ညောင်နှစ်ပင်စခန်းနှင့် ထန်းည စုစုပေါင်း IDP စခန်းခြောက်ခုသို့ သွားရောက်၍ ထုံးအိတ် ၆၀ ၊ ဆပ်ပြာ ၂၅၅၉ ခဲနှင့် ဗီနိုင်းခြောက်ချပ်တို့အား သွားရောက်ထောက်ပံ့သည်။ အလားတူ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ အမျိုးသားကျောင်း၊ ကရချောင်းကျောင်း၊ ဃောသိတာရုံကျောင်း၊ ဆည်ကြီးကျောင်း၊ ကျောက်တော်မြို့နယ်ရှိ ကန်စောက်ဘုန်းတော်ကြီးကျောင်း၊ တောင်မင်းကုလားဘုန်းတော်ကြီးကျောင်း၊ ဝါးတောင် တိုက်ပွဲရှောင်စခန်း၊ ညောင်ချောင်းကျေးရွာဘုံမြေနေရာ၊ မြို့နယ်သာသနာ့ဗိမာန်၊ ခရစ်တော်အသင်းကျောင်း၏ ကျမ်းစာကျောင်း၊ မြို့မ အ.ထ.က စာသင်ကျောင်း၊ မဟာကံကြီးသျှင်ဘုရား၊ နေပူခံတိုက်ပွဲရှောင်စခန်း၊ ပြည်တော်သာရပ်ကွက်



အ.ထ.ကကျောင်း၊ မြို့သစ်ရပ်ကွက် အ.မ.က(၃) စာသင်ကျောင်း၊ မြို့မရွှေကျောင်း၊ မင်းပြားမြို့နယ်ရှိ ကျွန်းတောရွှေဖောင်တောဘုန်းတော်ကြီးကျောင်း၊ ရွာသစ်ဘုန်းတော်ကြီးကျောင်း၊ နရမ်းရွာကြီးဓမ္မာရုံ၊ နရမ်းအုပ်စုဘုန်းတော်ကြီးကျောင်း၊ ပုညရာမ ဘုန်းတော်ကြီးကျောင်း၊ သေကန်ဘုန်းတော်ကြီးကျောင်း၊ အမ်းသားဘုန်းတော်ကြီးကျောင်း၊ သူဌေးကုန်းဘုန်းတော်ကြီးကျောင်း၊ ပုလဲပေါက်ကျေးရွာဘုန်းတော်ကြီးကျောင်း၊ အိုင်ဝန်းကျေးရွာ၊ ဓမ္မရတနာကျောင်းတိုက်၊ ကေသလာချောင်းဝကျေးရွာ၊ ဉေဝတီကျောင်းတိုက်၊ မြရတနာကျောင်းတိုက်၊ ရွှေကျန်ကျေးရွာဘုန်းတော်ကြီးကျောင်း၊ ဝါးတောင်ကျေးရွာ၊ အိုင်ဝန်းကျေးရွာ၊ ကေသလာချောင်းဝကျေးရွာ စုစုပေါင်း ယာယီတိုက်ပွဲရှောင်နေရာ ၃၄ နေရာတို့ကို သွားရောက်၍ ဆပ်ပြာ ၁၄၈၈၁ တောင့်၊ ထုံးအိတ် ၃၃၀ တို့ကို သွားရောက်ထောက်ပံ့သည်။

အလားတူ ဇူလိုင် ၂၆ ရက်က ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ သျှစ်သောင်းဘုန်းတော်ကြီးကျောင်း၊ မြတန်ဆောင်းဘုန်းတော်ကြီးကျောင်း၊ လက်ကောက်စျေးဘုန်းတော်ကြီးကျောင်း၊ ဘုရားပေါ်ဘုရားသိမ်၊ အောင်စေတီဘုရားသိမ်၊ နရတ်စားဘုရားသိမ်၊ ကျောက်ရာဇ်ကေဘုန်းတော်ကြီးကျောင်း၊ မြို့သစ် ဘုန်းတော်ကြီးကျောင်း၊ ဒိုင်းဂျီဘုန်းတော်ကြီးကျောင်းသစ်၊ ဒိုင်းဂျီဘုန်းတော်ကြီးကျောင်းဟောင်းနှင့် ကိုးနဝင်းဘုန်းတော်ကြီးကျောင်း စုစုပေါင်း ယာယီတိုက်ပွဲရှောင်နေရာ ၁၁ နေရာတို့တွင် ဆပ်ပြာတောင့် ၅၅၈၀ ၊ ထုံးအိတ် ၁၁၀ တို့ကို သွားရောက်ထောက်ပံ့သည်။ **(ဝဲပုံ)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၁၂၇ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဇူလိုင် ၂၆ ရက် ညနေ ၆ နာရီက ၁၃ ဦးနှင့် ယနေ့မွန်းလွဲ ၃ နာရီခွဲက ၁၁၄ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၂၇ ဦးတို့အား



လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၁၂၇ ဦးမှာ အမျိုးသား ၈၅ ဦး၊ အမျိုးသမီး ၄၂ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ ၁၀ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ခြောက်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ လေးဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၀ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၀ ဦး၊ ကချင်ပြည်နယ်မှ ခုနစ်ဦး၊ ရှမ်းပြည်နယ်မှ ၄၀ ၊ ရခိုင်ပြည်နယ်မှ ၂၃ ဦးနှင့် နေပြည်တော်မှ သုံးဦးတို့ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

၎င်း နေရပ်ပြန်ပြည်သူများမှ တရုတ်နိုင်ငံမှ လွှဲပြောင်းလာသည့် အမျိုးသား ၇၆ ဦး၊ အမျိုးသမီး ၃၀ စုစုပေါင်း ၁၀၆ ဦးတို့သည် တရုတ်နိုင်ငံဘက်ခြမ်းတွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံခဲ့ရသည့် ပြည်သူများဖြစ်၍ ၎င်းတို့ကို ချင်းရွှေဟော်မြို့ မြို့တော်ခန်းမ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ခေတ္တထားရှိပြီး ချင်းရွှေဟော်မြို့ ကုသရေးဦးစီးဌာနမှ ၎င်းတို့၏ အာခေါင်တို့ဖတ်၊ နှာခေါင်းတို့ဖတ်တို့ကို ရယူကာ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးနိုင်ရန် မန္တလေးမြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ Swab အဖြေကောင်းမွန်ကြောင်း သိရ၍ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာဒေသများသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၆၇၉ ဦးနှင့် အမျိုးသမီး ၆၁၆၅ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၈၄၄ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ဇင်ဇင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ကာလအတွင်း စိုက်ပျိုးစရိတ်နှင့် ကုန်ကျစရိတ်များ သက်သာစေရန် ကောက်စိုက်စက်ဖြင့် စိုက်ပျိုး

**ပြည် ဇူလိုင် ၂၇**

ပြည်မြို့နယ်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ကိုဗစ်-၁၉ ကာလအတွင်း တောင်သူများ၏ စိုက်ပျိုးစရိတ်နှင့် အထွေထွေကုန်ကျစရိတ်များ သက်သာစေရန် ရည်ရွယ်၍ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့် ကြားပေါင်းလိုက်ခြင်း တောင်သူအကျိုးပြုသရုပ်ပြပွဲကို ထန်းပေါက်ကျေးရွာအုပ်စု လယ်တော်ကြီးစံပြစိုက်ကွင်း၌ ယမန်နေ့က ကျင်းပခဲ့သည်။

## စိုက်ပျိုးစရိတ်များလျှော့နည်း

ကိုဗစ်-၁၉ ကာလအတွင်း ကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးခြင်းဖြင့် တောင်သူများအတွက် စပါးမျိုးစေ့ကုန်ကျမှု၊ လုပ်သားအင်အားနှင့် စိုက်ပျိုးစရိတ်များ လျှော့နည်းသက်သာလာစေမည်ဖြစ်ကြောင်းနှင့် အဆိုပါသရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူ ၅၀ ခန့် တက်ရောက်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ် ကြာကန်ကျေးရွာ၌ ကိုဗစ်-၁၉ ကာလ စီးပွားရေး ပြန်လည်ကုစားမှု အစီအစဉ်ဖြင့် နွားမွေးမြူရေး လုပ်ငန်းများပါ တွဲဖက်လုပ်ကိုင်လာ

**မင်းဘူး ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် ကြာကန်ကျေးရွာမှ တောင်သူများသည် ကိုဗစ်-၁၉ ကာလ စီးပွားရေး ပြန်လည် ကုစားမှု အစီအစဉ်ဖြင့် တောင်သူလုပ်ငန်းအပြင် နွားမွေးမြူရေးလုပ်ငန်းများပါ တွဲဖက်လုပ်ကိုင်လာကြကြောင်း ကြာကန်ကျေးရွာ နွားမွေးမြူရေး လုပ်ကိုင်သူများထံမှ သိရသည်။ လယ်/ယာ ကဏ္ဍမှထွက်သော ကောက်ပဲသီးနှံများ ရောင်းရေး ဝယ်ရေးခက်ခဲပြီး သီးနှံဈေးနှုန်းများပါ ကျဆင်းနေသဖြင့် ထိုကာလမှ စီးပွားရေးကို ပြန်လည်ကုစားနိုင်ရန် နွားမွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင်လာကြသည်။

မကွေးတိုင်းဒေသကြီးအတွင်းမှ ပြည်ပသို့ ကျွဲ၊ နွား တင်ပို့ခွင့်ပါမစ်ရ ကုမ္ပဏီလေးခု ရှိနေသည့်အတွက် ဈေးကွက်အခိုင်အမာရှိသဖြင့် တောင်သူများအနေဖြင့် ကျွဲ၊ နွားများကို ပိုမိုမွေးမြူကြမည်ဆိုလျှင် စီးပွားရေးနှင့် လူနေမှုဘဝများ တိုးတက်လာကြမည်ဖြစ်ကြောင်း ကြာကန်ရွာမှ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူများက ယူဆကြသည်။ နွားများသည် သူ့သက်တမ်းနှင့် နွားချော၊ နွားလှအပေါ် မူတည်၍ ငွေကျပ်ငါးသိန်းမှ သိန်း ၂၀ ရှိကြောင်း သိရသည်။ နွားမများသည် တစ်နှစ်ကိုတစ်သားနှုန်း ပေါက်ပွားသည့်အပြင် နွားမအကောင်ချောလျှင် ဈေးကောင်းရသောကြောင့် ကြာကန်ရွာမှ တောင်သူများက နွားများမွေးမြူကြကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ နွားမွေးမြူကြတဲ့ တောင်သူ ၂၀ လောက်ရှိပြီး နွားအကောင်ရေအနေနဲ့ ၁၀၀၀ ကျော်လောက်ရှိပါတယ်။ ကိုဗစ်-၁၉ ကာလရယ် ရာသီဥတု မမှန်တာရယ်ကြောင့် ရွာမှတောင်သူ အတော်များများ နွားမွေးမြူရေးလုပ်ငန်းတွေ တွဲဖက်လုပ်ကိုင်လာကြပါတယ်" ဟု နွားမွေးမြူရေးနှင့် တောင်သူလုပ်ငန်းလုပ်ကိုင်သူ ကိုမင်းမင်းက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**



# ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျစီမံဆောင်ရွက်ပေးဝေလျက် ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့(WUG)များနှင့်အတူ **"ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်"** ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။

အားလုံးသော ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှုနည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၇ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၄၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၇၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၇၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၇၀/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၅ | ကျပ် | ၅၈၅/၆၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၅ | ကျပ် | ၅၅၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၃၅ | ကျပ် | ၆၇၅/၇၀၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၁ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၉၂ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၆ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၄၇ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၁ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၉ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၀၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၀ . ၂၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၁၇၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၀၀၀ | ၁၀၀၉ | ၁၀၁၀၁၅၀၀ |
| MTSH | ၃၈၀၀ | ၃၇၅၀ | ၁၈၄၄ | ၆၉၉၇၂၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁ | ၈၂၀၀ |
| FPB | ၂၁၅၀၀ | ၂၂၀၀၀ | ၅၃ | ၁၁၆၅၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂ | ၅၅၀၀ |
| EFR | ၂၇၅၀ | ၂၇၀၀ | ၅၁၇ | ၁၄၁၆၇၅၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(င) ဤပုဒ်မတွင် –

(၁) **"စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေ"** ဟူသော စကားရပ်သည် ပုဒ်မ ၄၅ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၂) ပြည်တွင်းနေ ပုဂ္ဂိုလ်တစ်ဦးနှင့် စပ်လျဉ်း၍ အခွန်နှစ်တစ်နှစ်အတွက် **"ပြည်ပ အရှုံး"** ဆိုသည်မှာ ထိုနှစ်အတွက် စည်းကြပ်ထိုက်သည့် ပြည်ပဝင်ငွေ ရရှိအောင် ဆောင်ရွက်ရာ၌ ယင်းပုဂ္ဂိုလ်အား ခွင့်ပြုသည့် နုတ်ပယ်မှုများက စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေထက် ပိုမိုသည့် ငွေကြေးပမာဏဖြစ်သည်။

**ပြန်လည်တောင်းခံသည့် နည်းပညာအခများနှင့် ခိုင်ကြေးများအပေါ် အခွန်ကောက်ခံခြင်း**

၄၇။ (က) ဤပုဒ်မသည် အောက်ပါအခြေအနေများနှင့် ကိုက်ညီမှသာ အကျိုးသက်ရောက်မှု ရှိစေရမည် –

(၁) ပြည်ပနေပုဂ္ဂိုလ်တစ်ဦး ("ဆောင်ရွက်ပေးသူ"(supplier) ဟု ရည်ညွှန်းမည်) သည် နည်းပညာဝန်ဆောင်မှုများ သို့မဟုတ် ပစ္စည်းကိရိယာ ငှားရမ်းမှုများကို မြန်မာနိုင်ငံအတွင်းရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှ မဟုတ်ဘဲ ဆောင်ရွက်ပေးခြင်း၊

(၂) နည်းပညာဝန်ဆောင်မှုများ သို့မဟုတ် ပစ္စည်းကိရိယာများ ငှားရမ်းမှုများကို ရရှိသည့် ပုဂ္ဂိုလ်တစ်ဦး ("ရရှိသူ" (recipient) ဟု ရည်ညွှန်းမည်) သည် –

(ကက) မြန်မာနိုင်ငံပြင်ပရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှတစ်ဆင့် ယင်းပုဂ္ဂိုလ်ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်နှင့် သက်ဆိုင်ခြင်းမရှိသည့် ပြည်တွင်းနေပုဂ္ဂိုလ်ဖြစ်ခြင်း သို့မဟုတ်

(ခခ) မြန်မာနိုင်ငံအတွင်း အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှ တစ်ဆင့် လုပ်ငန်းဆောင်ရွက်သည့် ပြည်ပနေ ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(၃) ဆောင်ရွက်ပေးမှု သို့မဟုတ် ငှားရမ်းမှုနှင့် စပ်လျဉ်းသည့် နည်းပညာအခ သို့မဟုတ် ခိုင်ကြေးကို ဆောင်ရွက်ပေးသူထံရရှိသူ (recipient) ၏ တွဲဖက်လုပ်ကိုင်သူဖြစ်သည့် ပြည်ပနေပုဂ္ဂိုလ်တစ်ဦးက ပေးချေခြင်း၊

(၄) နည်းပညာအခ သို့မဟုတ် ခိုင်ကြေးကို ယင်းတွဲဖက်လုပ်ကိုင်သူက ရရှိသူ (recipient)ထံမှ ပြန်လည်တောင်းခံခြင်း။

(ခ) ဤပုဒ်မနှင့် အကျုံးဝင်လျှင် တွဲဖက်လုပ်ကိုင်သူက နည်းပညာဝန်ဆောင်မှုများ သို့မဟုတ် ပစ္စည်းကိရိယာငှားရမ်းမှုများကို ရရှိသူအား ဆောင်ရွက်ပေးဘိသကဲ့သို့ မှတ်ယူရမည်ဖြစ်သည့်အပြင် ပြန်လည်တောင်းခံသည့် ငွေကြေးပမာဏသည် ဝန်ဆောင်မှုများအတွက် နည်းပညာအခ သို့မဟုတ် ပစ္စည်းကိရိယာ ငှားရမ်းမှုအတွက် ခိုင်ကြေး ဖြစ်ဘိသကဲ့သို့ ဤဥပဒေသည် အကျိုးသက်ရောက်စေရမည်။

**အမြဲတမ်းလုပ်ငန်းတည်ရာဌာနမှ ပြန်လည်ပေးပို့သည့် အမြတ်**

၄၈။ (က) ပြည်ပနေ ကုမ္ပဏီတစ်ခု၏ အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှ ပြန်လည်ပေးပို့သည့် အခွန်နှစ်တစ်နှစ်အတွက် အမြတ်ငွေကို အောက်ပါပုံသေနည်းအတိုင်း တွက်ချက်ရမည် –

$$A + (B - C) - D$$

ယင်းတွင် –

A သည် ယင်းအခွန်နှစ် စတင်ချိန်တွင် ယင်းအမြဲတမ်းလုပ်ငန်းတည်ရာဌာန၏ စုစုပေါင်းကုန်ကျစရိတ်များ (အသားတင်ပေးရန်တာဝန်များ)၊

B သည် ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများနှင့်အညီ တွက်ချက်ထားသည့် ယင်းအမြဲတမ်းလုပ်ငန်းတည်ရာဌာန၏ ယင်းအခွန်နှစ်အတွက် အသားတင်အမြတ်ငွေ၊

C သည် ယင်းအခွန်နှစ်အတွက် အမြဲတမ်းလုပ်ငန်းတည်ရာဌာန၏ အခွန်စည်းကြပ်ရန် ဝင်ငွေအပေါ် ပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန်နှင့်

D သည် ယင်းအခွန်နှစ် ကုန်ဆုံးချိန်တွင် ယင်းအမြဲတမ်းလုပ်ငန်းတည်ရာဌာန၏ ရရန်ပိုင်ခွင့်များ၏ စုစုပေါင်းကုန်ကျစရိတ်များ (အသားတင်ပေးရန်တာဝန်များ) ဖြစ်သည်။

(ခ) အခွန်နှစ်တစ်နှစ်အတွက် အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှ ပြန်လည်ပေးပို့သည့်အမြတ်ကို တွက်ချက်ရာ၌ အခွန်နှစ်တစ်နှစ်၏ အစတွင်ရှိသည့် အမြဲတမ်း လုပ်ငန်းတည်ရာဌာနရှိ ရရန်ပိုင်ခွင့်များ၏ စုစုပေါင်းကုန်ကျစရိတ်သည် ပြီးခဲ့သည့် အခွန်နှစ်ကုန်ဆုံးချိန်တွင်ရှိသည့် ရရန်ပိုင်ခွင့်များ၏ စုစုပေါင်းကုန်ကျစရိတ် ဖြစ်သည်။

**ပါးလျစွာ အရင်းအဖြစ်ပြောင်းလဲခြင်း (Thin capitalization)**

၄၉။ (က) ပုဒ်မခွဲ (ခ) နှင့် မဆန့်ကျင်စေဘဲ ငွေရေးကြေးရေးအဖွဲ့အစည်း မဟုတ်သည့် ပြည်ပက ထိန်းချုပ်ထားသော ပြည်တွင်းနေကုမ္ပဏီတစ်ခု၏ အခွန်နှစ်တစ်နှစ်အတွက် ပျမ်းမျှကြွေးမြီ (average debt) နှင့် ပျမ်းမျှပိုင်ဆိုင်မှု (average equity) အချိုးသည် နှစ်အချိုး တစ်ထက်ကျော်လွန်နေလျှင် ယင်းကုမ္ပဏီက ထိုနှစ်အတွင်း ပေးချေခဲ့သည့် အောက်ပါ ပုံသေနည်းအတိုင်း တွက်ချက်ထားသည့် အတိုးပမာဏကို နုတ်ပယ်ခွင့် မပြုရ –

$$A \times \frac{B - C}{B}$$

ယင်းတွင် –

A သည် ဤပုဒ်မကို လျစ်လျူရှုလျက် ယင်းကုမ္ပဏီ၏ ထိုနှစ်အတွက် နုတ်ပယ်နိုင်သော စုစုပေါင်း အတိုးအသုံးစရိတ်ပမာဏ၊

B သည် ယင်းနှစ်အတွက် ကုမ္ပဏီ၏ ကျော်လွန်နေသည့် ကြွေးမြီနှင့်

C သည် ယင်းနှစ်အတွက် ကုမ္ပဏီ၏ ပျမ်းမျှကြွေးမြီဖြစ်သည်။

(ခ) ပြည်ပက ထိန်းချုပ်ထားသည့် ပြည်တွင်းနေကုမ္ပဏီတစ်ခု၏ ပျမ်းမျှကြွေးမြီနှင့် ပျမ်းမျှပိုင်ဆိုင်မှု အချိုးသည် အခွန်နှစ်တစ်နှစ်အတွက် နှစ်အချိုးတစ်ထက် ကျော်လွန်စေကာမူ ယင်းနှစ်အတွက် ယင်းကုမ္ပဏီ၏ ပျမ်းမျှကြွေးမြီပမာဏသည် လက်တစ်ကမ်းကြွေးမြီပမာဏကို ကျော်လွန်ခြင်းမရှိပါက ပုဒ်မခွဲ (က) သည် အကျိုးသက်ရောက်မှု မရှိစေရ။

(ဂ) ဤပုဒ်မသည် မြန်မာနိုင်ငံတွင် အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုရှိသည့် ပြည်ပနေ ကုမ္ပဏီတစ်ခုအတွက် အောက်ပါအခြေခံဖြင့် အကျိုးသက်ရောက်စေရမည် –

(၁) ယင်းအမြဲတမ်းလုပ်ငန်းတည်ရာဌာနကိုပြည်ပကထိန်းချုပ်သော ပြည်တွင်းနေ ကုမ္ပဏီတစ်ခုအဖြစ် မှတ်ယူခြင်း၊ ထို့ပြင်

(၂) ယင်းအမြဲတမ်းလုပ်ငန်းတည်ရာဌာန၏ ပျမ်းမျှကြွေးမြီနှင့် ပျမ်းမျှပိုင်ဆိုင်မှု အချိုးကို အောက်ပါတို့အား ရည်ညွှန်းခြင်းဖြင့် တွက်ချက်ခြင်း –

(ကက) ယင်းအမြဲတမ်း လုပ်ငန်းတည်ရာဌာနမှ ပေါ်ပေါက်သည့် ပြည်ပနေ ကုမ္ပဏီ၏ ကြွေးမြီဆိုင်ရာ တာဝန်များနှင့်

(ခခ) ယင်းအမြဲတမ်းလုပ်ငန်းတည်ရာဌာနမှ တစ်ဆင့် ဆောင်ရွက်သည့် ယင်းပြည်ပနေကုမ္ပဏီက လုပ်ငန်းများမှ ပေါ်ပေါက်လာသည့် ပိုင်ဆိုင်မှု၊

(ဃ) ဤပုဒ်မတွင် –

(၁) ပြည်ပက ထိန်းချုပ်ထားသည့် ပြည်တွင်းနေ ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ "လက်တစ်ကမ်းကြွေးမြီပမာဏ (arm"s length debt amount)"ဆိုသည်မှာ ယင်းကုမ္ပဏီ၏ တွဲဖက်လုပ်ကိုင်သူမဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုက ယင်းကုမ္ပဏီ၏ အခြေအနေအရပ်ရပ်ကို စဉ်းစားလျက် ယင်းကုမ္ပဏီသို့ လက်တစ်ကမ်း ဆောင်ရွက်ချက်ဖြင့် ချေးငှားနိုင်မည်ဖြစ်သည့် ငွေကြေးပမာဏကို ဆိုသည်။

(၂) ပြည်ပက ထိန်းချုပ်ထားသည့် ပြည်တွင်းနေ ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ အခွန်နှစ် တစ်နှစ်အတွက် **"ပျမ်းမျှကြွေးမြီ"**သည် အောက်ပါပုံသေနည်းအရ တွက်ချက်သည့် ငွေကြေးပမာဏ ဖြစ်သည် –

ယင်းတွင် –

A သည် ယင်းအခွန်နှစ်အတွင်း ပြက္ခဒိန်လအသီးသီး ကုန်ဆုံးချိန်တွင်ရှိသည့် ယင်းကုမ္ပဏီ၏ ကြွေးမြီပမာဏ စုစုပေါင်းဖြစ်ပြီး

B သည် ယင်းကုမ္ပဏီက မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ခဲ့သည့် နှစ်အတွင်းရှိ ပြက္ခဒိန်လ အရေအတွက် ဖြစ်သည်။

ပြည်ပက ထိန်းချုပ်ထားသည့် ပြည်တွင်းနေကုမ္ပဏီနှင့် စပ်လျဉ်း၍ အခွန်နှစ် တစ်နှစ်အတွက် **"ပျမ်းမျှပိုင်ဆိုင်မှု"** သည် အောက်ပါပုံသေနည်းအရ တွက်ချက်သည့် ငွေကြေးပမာဏ ဖြစ်သည် –

ယင်းတွင် –

A သည် ယင်းအခွန်နှစ်အတွင်း ပြက္ခဒိန်လအသီးသီး ကုန်ဆုံးချိန်တွင် ရှိသည့် ယင်းကုမ္ပဏီ၏ ပိုင်ဆိုင်မှုပမာဏ စုစုပေါင်းဖြစ်ပြီး

B သည် ယင်းကုမ္ပဏီက မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ခဲ့သည့် နှစ်အတွင်းရှိပြက္ခဒိန်လအရေအတွက် ဖြစ်သည်။

(၃) ပြည်ပက ထိန်းချုပ်ထားသည့် ပြည်တွင်းနေ ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ **"ကြွေးမြီ"** ဆိုသည်မှာ ယင်းကုမ္ပဏီ၏ ကြွေးမြီဆိုင်ရာတာဝန်များအပေါ် ပေးချေရန်အတိုးကို ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီ ဆုံးဖြတ်သည့် ယင်းကြွေးမြီဆိုင်ရာ တာဝန်များကို ဆိုသည်။

(၄) **"ကြွေးမြီဆိုင်ရာတာဝန်"** ဆိုရာတွင် ပေးရန်ရှိစာရင်းများ ပါဝင်ခြင်းမရှိစေရ။

(၅) ပြည်ပက ထိန်းချုပ်ထားသည့် ပြည်တွင်းနေကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ **"ပိုင်ဆိုင်မှု (equity)"** ဆိုသည်မှာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများအရ ဆုံးဖြတ်သည့် ယင်းကုမ္ပဏီ၏ ပိုင်ဆိုင်မှုကိုဆိုသည်။

(၆) ပြည်ပက ထိန်းချုပ်ထားသည့် ပြည်တွင်းနေကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ အခွန်နှစ် တစ်နှစ်အတွက် **"ကျော်လွန်သည့်ကြွေးမြီ"** ဆိုသည်မှာ ယင်းကုမ္ပဏီ၏ ထိုနှစ်အတွက် ပျမ်းမျှကြွေးမြီက ယင်းနှစ်အတွက် ခွင့်ပြုထားသည့် အမြင့်ဆုံး ပျမ်းမျှကြွေးမြီကို နှစ်အချိုးတစ်ထက် ကျော်လွန်သည့် ငွေကြေးပမာဏကိုဆိုသည်။

(၇) **"ပြည်ပက ထိန်းချုပ်ထားသည့် ပြည်တွင်းနေကုမ္ပဏီ"** ဆိုသည်မှာ ယင်းကုမ္ပဏီ၏ အဖွဲ့ဝင်အကျိုးစီးပွား၏ ၅၀ ရာခိုင်နှုန်းအထက်ကို ပြည်ပနေ တစ်ဦးတည်းဖြစ်စေ၊ တွဲဖက်လုပ်ကိုင်သူတစ်ဦး သို့မဟုတ် တွဲဖက်လုပ်ကိုင်သူအများနှင့် ပူးတွဲ၍ဖြစ်စေ လက်ဝယ်ရယူထားသော ပြည်တွင်းနေကုမ္ပဏီကို ဆိုသည်။

**နယ်စပ်ဖြတ်ကျော် ဈေးနှုန်းလွှဲပြောင်းခြင်း**

၅၀။ (က) လက်တစ်ကမ်းဆောင်ရွက်ချက်မဟုတ်သည့် လုပ်ငန်းဆောင်ရွက်ချက်တစ်ခုတွင် ပါဝင်သူတစ်ဦးသည် မြန်မာနိုင်ငံအတွင်း၌ တည်ရှိပြီး မြန်မာနိုင်ငံတွင် အခွန်ထမ်းဆောင်ရန်ဖြစ်ကာ ယင်းလုပ်ငန်းဆောင်ရွက်ချက်တွင် ပါဝင်သည့် အခြားသူတစ်ဦးသည် မြန်မာနိုင်ငံပြင်ပတွင် တည်ရှိပါက ဝင်ငွေ၊ မြတ်စွန်းငွေ၊ နုတ်ပယ်မှုများ၊ အရှုံးများ၊ သို့မဟုတ် အခွန်ခုနှိမ်ခွင့်များအား မည်သည့်ခွဲဝေမှု၊ စိတ်ပိုင်းမှု၊ သို့မဟုတ် ဖြန့်ဝေမှုကိုမဆို စည်းမျဉ်းများနှင့်အညီ ပြုလုပ်ရမည်။

(ခ) ပြည်ပနေ ပုဂ္ဂိုလ်တစ်ဦး၏ မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာန တစ်ခုသို့၊ သို့မဟုတ် ပြည်တွင်းနေပုဂ္ဂိုလ်၏ မြန်မာနိုင်ငံပြင်ပရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုသို့ ဝင်ငွေနှင့် နုတ်ပယ်မှုများ ခွဲဝေပေးခြင်းကို စည်းမျဉ်းများနှင့်အညီ ပြုလုပ်ရမည်။

**ပြည်ထောင်အချင်းချင်းချုပ်ဆိုသော အခွန်ဆိုင်ရာ သဘောတူစာချုပ်များ**

၅၁။ (က) ပြည်ထောင်စုဝန်ကြီးသည် ပြည်ပနိုင်ငံအစိုးရတစ်ရပ် သို့မဟုတ် အစိုးရများနှင့် အခွန်ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို ပြုလုပ်နိုင်သည်။

(ခ) မြန်မာနိုင်ငံတွင် ဥပဒေအရ အကျိုးသက်ရောက်မှုရှိသည့် အခွန်ဆိုင်ရာ သဘောတူ စာချုပ်တစ်ရပ်ပါ သတ်မှတ်ချက်များနှင့် ဤဥပဒေတွင် ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာပေါ်ပေါက်လျှင် ယင်းအခွန်ဆိုင်ရာ သဘောတူစာချုပ်သည် ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၄၉ နှင့် အခန်း (၇) တို့မှအပ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် လွှမ်းမိုးစေရမည်။

(ဂ) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ အခွန်ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်တွင် မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေကို အခွန်မှ ကင်းလွတ်ခွင့်ပြုကြောင်း သို့မဟုတ် ဖယ်ထုတ်ကြောင်း ဖော်ပြပါရှိလျှင် သို့မဟုတ် ယင်းအခွန်ဆိုင်ရာ သဘောတူစာချုပ်ကို ကျင့်သုံးခြင်းဖြင့် ဝင်ငွေခွန်နှုန်းတွင် လျော့နည်းမှု ပေါ်ပေါက်စေနိုင်လျှင် ယင်းအခွန်ဆိုင်ရာ သဘောတူစာချုပ်၏ ရည်ရွယ်ချက်များအလို့ငှာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်တစ်ခုသည် အခြားစာချုပ်ဝင်နိုင်ငံ၏ ပြည်တွင်းနေဖြစ်ပြီး ယင်းတရားဝင်ရပ်တည်မှုရှိသည့်ပုဂ္ဂိုလ်၏ မမြင်သာသည့် ပိုင်ဆိုင်မှု သို့မဟုတ် ထိန်းချုပ်မှု၏ ၅၀ ရာခိုင်နှုန်းနှင့်အထက်ကို ယင်းစာချုပ်၏ ရည်ရွယ်ချက်များအလို့ငှာ အခြားစာချုပ်ဝင်နိုင်ငံ၏ ပြည်တွင်းနေ မဟုတ်သည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးချင်း ပုဂ္ဂိုလ်အများက ရယူပိုင်ဆိုင်ထားလျှင် ယင်းကင်းလွတ်ခွင့်၊ ဖယ်ထုတ်မှု သို့မဟုတ် လျော့နည်းစေမှု၏ အကျိုးခံစားခွင့်ကို အဆိုပါ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ရရှိခြင်း မရှိစေရ။

(ဃ) အခြားစာချုပ်ဝင်နိုင်ငံ၏ ပြည်တွင်းနေဖြစ်သူသည် အောက်ပါ တစ်ခုခု ဖြစ်လျှင် ပုဒ်မခွဲ (ဂ) သည် အကျိုးသက်ရောက်ခြင်း မရှိစေရ –

(၁) အခြားစာချုပ်ဝင်နိုင်ငံ၏ စတော့ရောင်းဝယ်ရေးတွင် စာရင်းဝင်သည့် ကုမ္ပဏီ တစ်ခုဖြစ်ခြင်း၊

(၂) အခြားစာချုပ်ဝင်နိုင်ငံတွင် လုပ်ငန်းလည်ပတ်မှုစရိတ်ရှိသည့်လုပ်ငန်း (active business) တစ်ရပ်ကို ဆောင်ရွက်နေသည့် ကုမ္ပဏီဖြစ်ပြီး ယင်းကုမ္ပဏီမှ ရရှိသည့် မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေသည် ထိုလုပ်ငန်းမှ ရရှိခြင်း။

(င) ဤပုဒ်မတွင် –

(၁) **"လုပ်ငန်းလည်ပတ်မှုစရိတ်လုပ်ငန်း (active business)"** ဆိုရာတွင် ကုမ္ပဏီသည် ငွေရေးကြေးရေး အဖွဲ့အစည်း တစ်ခု သို့မဟုတ် အာမခံကုမ္ပဏီ တစ်ခုမဟုတ်လျှင် အစုရှယ်ယာများ၊ ငွေချေးသက်သေခံလက်မှတ်များ၊ သို့မဟုတ် အခြားရင်းနှီးမြှုပ်နှံမှုများကို လက်ဝယ်ရယူထားသည့် သို့မဟုတ် စီမံခန့်ခွဲနေသည့် လုပ်ငန်း၊ သို့မဟုတ် အခြားရင်းနှီးမြှုပ်နှံမှုများ ပါဝင်ခြင်း မရှိစေရ။

*(ဆက်လက်ဖော်ပြပါမည်)*

# မင်းလှမြို့နှင့် သစ်သားတံကဲတော်

မောင်သာ(ရှေးဟောင်းသုတေသန)

သစ်သားတုံးတစ်ခုအတွင်း၌ အထပ်များ၊ အလွှာများပြုလုပ်၍ ဗုဒ္ဓဝင်ဇာတ်ကွက်များကို ပန်းပုရုပ်လုံးများ ထွင်းထုပုံဖော်ထားသည့် သစ်သားတံကဲတော်များကို မြန်မာနိုင်ငံရှိ ထင်ရှားသော ဘုရားစေတီအချို့၏ ဂန္ဓကုဋီတိုက်များတွင် ဗုဒ္ဓရုပ်ပွားတော်များ၏ ပလ္လင် နောက်မှီအဆင်တန်ဆာအဖြစ် မြင်တွေ့နိုင်ကြသည်။ ယင်းသို့ လက်ရာမြောက်စွာ ထုလုပ်ထားသည့် ထင်ရှားသော ပလ္လင်တံကဲတော်များအနက် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ မဟာသတိပဋ္ဌာန်ကျောင်းတိုက်တွင် တည်ရှိသည့် တံကဲတော်သည်လည်း တစ်ခု အပါအဝင် ဖြစ်သည်။

## မင်းလှမြို့၏ နောက်ခံ

မြန်မာနိုင်ငံ၌ မင်းလှမြို့နယ် နှစ်ခုရှိသည့်အနက် မကွေးတိုင်းဒေသကြီး သရက်ခရိုင်တွင် တည်ရှိသည့် မင်းလှမြို့ကို အထက်မင်းလှဟု ခေါ်ဆိုကြ၍ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်တွင် တည်ရှိသည့် မင်းလှမြို့ကို အောက်မင်းလှဟု ခေါ်ဆိုကြသည်။

သာယာဝတီခရိုင်အတွင်းရှိ မင်းလှမြို့အမည်တွင်ခဲ့မှုအပေါ် အယူအဆနှစ်မျိုးရှိခဲ့သည်။ ပုဂံဘုရင် နရသီဟပတေ့သည် မြန်မာနိုင်ငံအောက်ပိုင်းသို့ တိမ်းရှောင်ခဲ့စဉ် တူတော်သတိုးလတ် (မင်းလတ်)က မင်းလှမြို့ကို တည်ခဲ့သဖြင့် မင်းလတ်မြို့ဟုခေါ် ဆိုရာမှ မင်းလှဖြစ်လာသည်ဟု လည်းကောင်း၊ မင်းလှမြို့တည်နေရာတွင် နေထိုင်ခဲ့သူ အလွန်ချောမောလှပသည့် နတ်ဝင်သည် အမျိုးသမီး မမင်းလှ၏ ဂုဏ်သတင်းကြောင့် မင်းလှဟု အမည်တွင်ခဲ့သည်ဟုလည်းကောင်း ယူဆကြသည်။ မင်းလှမြို့နယ်သည် အရှေ့မှအနောက်သို့ ၁၉ မိုင်နှင့် တောင်မှမြောက်သို့ ၁၃ မိုင်ရှည်လျားကာ ၂၅၈ ဒသမ ၃၁ စတုရန်း မိုင်ကျယ်ဝန်း၍ အရှေ့ဘက်တွင် ကျောက်တံခါးမြို့နယ်၊ အနောက်ဘက်တွင် မိုးညိုမြို့နယ်၊ တောင်ဘက်တွင် လက်ပံတန်းမြို့နယ်၊ မြောက်ဘက်တွင် အုတ်ဖိုမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်နေကာ ပင်လယ်ရေမျက်နှာပြင်အထက် ၇၆ ပေမြင့်သည်။ မင်းလှမြို့ သည် ရန်ကုန်မြို့မှ ၉၁ မိုင်ကွာဝေး၍ မော်တော်ကား၊ မီးရထားတို့ဖြင့် အလွယ်တကူ သွားရောက်နိုင်သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ လူဦးရေ ၁၂၆၃၆၉ ဦး နေထိုင်သည့် မင်းလှမြို့နယ်ကို မြို့နှစ်မြို့ (မင်းလှနှင့်စစ်ကွင်း)၊ ရပ်ကွက် ၁၂ ခု၊ ကျေးရွာအုပ်စု ၅၄ အုပ်စု၊ကျေးရွာ ၂၄၆ ရွာဖြင့် ဖွဲ့စည်းထားသည်။ မြို့နယ်လူဦးရေ၏ ၉၁ ရာခိုင်နှုန်းသည် ဗမာလူမျိုးများဖြစ်ကြ၍ ကရင်၊ ရှမ်းနှင့် ရခိုင်လူမျိုးများလည်း အနည်းငယ်နေထိုင်ကြကာ ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြသည်။

မင်းလှမြို့နယ်အတွင်း၌ ဘုရားစေတီ ၅၂ ဆူ၊ ခရစ်ယာန်ဘာသာရေးဆိုင်ရာ အဆောက်အအုံ ၁၈ ခု ၊ ဗလီ သုံးခု၊ ဟိန္ဒူ ဘုရားကျောင်းတစ်ခုနှင့် တရုတ်ဘုရားကျောင်းနှစ်ခုတို့ တည်ရှိနေရာ ၁၉၁၅ ခုနှစ်က တည်ဆောက်ခဲ့သည့် ကိုလိုနီခေတ်လက်ရာ အုတ်အဆောက်အအုံ နှင့် တံကဲတော်တို့သည် မင်းလှမြို့ မဟာသတိပဋ္ဌာန်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ တည်ရှိကြသည်။

## မြန်မာတံကဲတော်

တံကဲသည် သစ်သား (သို့မဟုတ်) အင်္ဂတေကို ခြူးပန်း ခြူးနွယ် ကနုတ်များဖြင့် အလှဆင်ထုလုပ်သည့် မြန်မာ့ရိုးရာပန်းပုနှင့် ပန်းတော့ အနုလက်ရာ ဖြစ်ပြီး မြန်မာအဘိဓာန်က တံကဲကို ပလ္လင်နောက်မှီဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုဒ် လေးပါးအနက် ဟန်တစ်မျိုးမျိုးဖြင့် ထုလုပ်လေ့ရှိသည့် ဗုဒ္ဓ ဆင်းတုတော်များအနက် ထိုင်တော်မူနှင့် ရပ်တော်မူ ရုပ်ပွားတော်အချို့၏ ကျောဘက်တွင် တံကဲ (ပလ္လင် နောက်မှီ) တစ်ခုကို ထားရှိလေ့ရှိခဲ့သည်။

တံကဲကိုပလ္လင်နှင့်တွဲ၍ ပလ္လင်တံကဲဟုလည်းခေါ်ဆိုသည်။ ပလ္လင်တံကဲတွင် ခြင်္သေ့၊ ဆင်ပျံ၊ လောကနတ်၊ ဒေါင်းမြီးယပ်၊ ဆင်နား၊တံခါးတိုင်၊သိကြား၊ကိန္နရာ၊ သမ္မာဒေဝ၊ ခြူး၊ ကြာ၊ ဦးဆောက်ပန်း ဟူသည့်နေရာ ၁၂ ခု ထည့်သွင်းပြုလုပ်၍ ခြင်္သေ့ရုပ်ကို ပလ္လင်အောက်ခံနေရာတွင် ထားလေ့ရှိသည်။

ပလ္လင်တံကဲများကို သစ်သားပြားများအား သုံးထပ်၊ ငါးထပ်၊ ရှစ်ထပ် စသည်ဖြင့် အလွှာများပြုလုပ်၍ ဇာတ်တော်၊ နိပါတ်တော်များထဲမှ ဇာတ်ကွက်များကို ပန်းခက်ပန်းနွယ်များဖြင့် အနုစိတ်ထုလုပ် ပုံဖော်ကြသည်။ ယခုအချိန်တွင် ပုဂံ၊ အင်းဝ၊ ညောင်ရမ်းခေတ်လက်ရာ သစ်သားတံကဲများသည် ဆွေးမြည့်ပျက်စီးမှုကြောင့် များစွာမကျန်ရှိတော့ဘဲ ကုန်းဘောင်ခေတ်လက်ရာ သစ်သားတံကဲများကိုသာ တွေ့ရှိနိုင်ကြသည်။



မင်းလှတံကဲတော်။

မြန်မာ့ဗိသုကာပညာတွင် စုလစ်မွမ်းချွန်ဟုခေါ်သည့် အပြောက်အမွမ်းများကို သစ်သား၊ ကျောက်၊ အင်္ဂတေ၊ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သတ္တု စသည်တို့ဖြင့် ရုပ်လုံး၊ ရုပ်ကြွ၊ ရုပ်ခုံးပုံသဏ္ဌာန်အမျိုးမျိုးကိုထုလုပ်သကဲ့သို့ ဘီလူးပန်းဆွဲ၊ ဂဠုန်၊ ကိန္နရာ၊ သိကြားမင်း၊ ဥဒေါင်း၊ ဆင်၊ ခြင်္သေ့ စသည့် အရုပ်များကိုလည်း ပန်းကနုတ်များဖြင့် လက်ရာမြောက်စွာ ပြုလုပ်ကြသည်။ ယင်းအပြောက် အမွမ်းများအနက် သစ်သားတံကဲအနုလက်ရာများကို လူအများကစိတ်ဝင်စားကြသည်။

သစ်သားတံကဲများအပြင် ဘုရားစေတီတော်များ၏ မုခ်ပေါက်များနှင့် ဘုရားတန်ဆောင်းများ၏ ဝင်ပေါက်အထက်ပိုင်းမုခ်ခုံးနှင့် မုခ်ဝနေရာများတွင် အုတ်အင်္ဂတေ မုခ်ကပ်တံကဲများကို တွေ့ရှိနိုင်သည်။ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများတွင် မုခ်တံကဲများကို သစ်သားဖြင့် အများဆုံးပြုလုပ်ကြပြီး ပန်းကနုတ်များတွင် သိကြားမင်း၊ နတ်၊ ကျေး၊ ဒေါင်းအစရှိသည့် ရုပ်တုများကို ထည့်သွင်း ထုလုပ်ကြသည်။

ရုပ်ကြွ၊ ရုပ်ခုံး၊ ရုပ်လုံးများကို ပန်းနွယ် ပန်းခက်များနှင့် ပေါင်းစပ်ထုလုပ်ထားသည့် သစ်သားတံကဲများသည် ခေတ်ကာလနှင့် နေရာဌာနကို လိုက်၍ ကွဲပြားခဲ့ကြသည်။ အထူးသဖြင့်ကုန်းဘောင်ခေတ်လက်ရာ တံကဲများသည် အနုစိတ်ပုံဖော်မှု ပိုမိုများပြားကာ အနုပညာလက်ရာ အပီပြင်ဆုံး ဖြစ်ကြသည်။

## ထင်ပေါ်ကျော်ကြား တံကဲတော်များ

ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားမှ တံကဲတော်များသည် မီးလောင်ကျွမ်းခံခဲ့ရပြီးနောက် ယခုအချိန်တွင် ဓာတ်ပုံကိုသာ မြင်ကြရသည်။ သီဟိုဠ်ရှင်ဘုရားတွင် တံကဲတော် နှစ်ခုရှိခဲ့ပြီး အရှေ့တံကဲတော်သည် မတ်ရပ်ရုပ်ပွားတော် သုံးဆူ၏ မုခ်အဝင်၌လည်း ကောင်း၊ အနောက်တံကဲတော်သည် ရုပ်ပွားတော်သုံးဆူ၏နောက်ကျောတွင်လည်းကောင်း ရှိခဲ့သည်။ ယင်းတံကဲတော် နှစ်ခုသည် ၁၉၆၄ ခုနှစ် ဧပြီလတွင် သီဟိုဠ်ရှင်ဘုရား ဂန္ဓကုဋီတိုက်၊ တန်ဆောင်းတော်များနှင့်အတူ မီးလောင်ခံခဲ့ရသဖြင့် တံကဲအသစ်ကို ယနေ့ခေတ်လက်ရာဖြင့် ပြန်လည်ပြုလုပ်ခဲ့သည်။

မူလအရှေ့တံကဲတော်ကို ပန်းပုဆရာ ဦးကံကြီးနှင့် သား ဦးတေ တို့က မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ် ဝါဆိုလပြည့်နေ့တွင် စတင်ထုလုပ်ခဲ့သည်။ တံကဲအလှူရှင်မှာ ပခုက္ကူ မြို့နယ် မဲဇလီပင်ကုန်းရွာမှ ဦးစံနှင့် ဒေါ်ကြူးဖြစ်ပြီး လက်ခငွေ ၁၀၀၀ ကျပ် ကျသင့်ခဲ့သည်။ ပန်းပုပညာရှင် သားအဖနှစ်ဦးသည် ယမနေသစ်တုံး သုံးတုံးကို ချိတ်ဆက်၍ ပန်းဆိုင်းတစ်ခုအသွင် ထုလုပ်ခဲ့ရာအချိန် တစ်နှစ်ကြာမြင့် ခဲ့သည်။ တံကဲပေါ်တွင် ဘုရားရှင် ဓမ္မစကြာဟောတော်မူခန်းမှ ပရိနိဗ္ဗာန်ပြုခန်းအထိ ဗုဒ္ဓဝင်ဇာတ်ကွက်များကို မင်း၊ မိဖုရား၊ နတ်၊ သိကြား၊ နတ်သားများ အပါအဝင် ရုပ်လုံး၊ ရုပ်ကြွ၊ ရုပ်ခုံး ၁၀၀၀ နီးပါးဖြင့် ပုံဖော်ထုလုပ်ခဲ့သည်။

သီဟိုဠ်ရှင် အနောက်တံကဲတော်ကိုလည်း ပန်းပုဆရာ ဦးကံကြီးနှင့် သား ဦးတေတို့ကပင်ထုလုပ်ခဲ့ပြီး အလှူရှင်မှာ ပခုက္ကူ မြို့ပန်းတောရပ်၊ ပိုးတန်းလမ်းမှ ဒေါ်အိမ်မင်းဖြစ်သည်။ အနောက်တံကဲ ထုလုပ်ခသည် ကျပ် ၃၀၀၀ ဖြစ်ပြီး သုံးနှစ်ကြာ ထုလုပ်ခဲ့ရကာ မြန်မာသက္ကရာဇ် ၁၂၇၁ ခုနှစ် တပေါင်းလပြည့်တွင် ပြီးစီးခဲ့သည်။ တံကဲတော်ကို ယမနေသစ်တုံးတစ်တုံးတွင် ပန်းရှစ်ထပ်ပြုလုပ်၍ ဗုဒ္ဓဝင်တောထွက်ခန်းနှင့် ဝိဓူရဇာတ်တော်မှ ဇာတ်ဝင်ခန်း ၂၅ ခန်းကို လက်ဝဲဘက်တွင် ၁၅ ခန်း၊ လက်ယာဘက်တွင် ၁၀ ခန်း ထုလုပ်ခဲ့သည်။

မြန်မာနိုင်ငံရှိ သစ်သားတံကဲတော်များအနက် အထင်ရှားဆုံးဟုဆိုနိုင်မည့် ကမ္ဘာကျော် ရွှေကူတံကဲတော်ကြီးကို ပခုက္ကူမြို့ ရွှေကူ မြတ်စွာဘုရား ဂန္ဓကုဋီတိုက်အတွင်း အရှေ့ဘက်တွင် မှန်သေတ္တာဖြင့် ထိန်းသိမ်းပြသထားသည်။ ဉာဏ်တော် ငါးပေ နှစ်လက်မ မြင့်သော ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်၏ ကျောဘက်ရှိ တံကဲတော်သည် အလျား ငါး ပေ ၁၀ လက်မ၊ အမြင့် ၁၂ ပေ ၁၀ လက်မနှင့် ထု ရှစ်လက်မ ရှိသော ယမနေသား တံကဲကြီးဖြစ်သည်။ တံကဲတော်ကို အထပ် ရှစ်ထပ်ပြုလုပ်၍ ပန်းပုရုပ် ၁၃၆ ရုပ် နှင့်တိရစ္ဆာန် ၁၈ ရုပ် ထည့်သွင်း၍ ဒေဝါရောဟဏဇာတ်၊ နေမိဇာတ်၊ သာမိဏာဇာတ်နှင့် ဗိမ္ဗိသာရဇာတ်များမှ ဇာတ်ဝင်ခန်း ၁၂ ခန်းကို ထွင်းထုခဲ့သည်။

ရွှေကူတံကဲ၏ လက်ရာရှင်သည် ဦးကံကြီးတို့ သားအဖပင်ဖြစ်ပြီး သက္ကရာဇ် ၁၂၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် တွင် လက်ခငွေ ငွေဒင်္ဂါးပြား ၄၀၀၀ ဖြင့် လက်ခံကာ ထု ရှစ်လက်မ၊ ပန်းရှစ်ထပ် တံကဲတော်ကို သစ်တုံး ငါးတုံးဖြင့် လေးနှစ်ကျော် ထုလုပ်ခဲ့ရကြောင်း တံကဲတော် မှတ်တမ်းစာရေးသားထားသည်။ တံကဲအလှူရှင်မှာ ပခုက္ကူမြို့ ဈေးဟောင်းကျောင်းတော်ရာလမ်း၊ တိုက်နံပါတ်(၅၇၅) နေ ဦးဟင်းငါးနှင့်ဇနီး ဒေါ်ဇီးဖဲ ၊ သမီး မယ်သစ်၊မယ်မြစ်တို့ ဖြစ်ကြသည်။ ရွှေကူတံကဲတော်၏ဝဲဘက် ပန်းကနုတ်ပေါ်တွင် ဆြာဦးကံကြီး၊ သား မောင်တေဟုလည်းကောင်းနှင့် ညာဘက်ပန်းကနုတ်ပေါ်တွင် မဆီးဆံ၊ ကိုဟင်းငါး၊ မမယ်သင် ကောင်းမှုဟုလည်းကောင်း ထွင်းထုထားသည်။



မဟာဂန္ဓကုဋီကျောင်းတိုက်အတွင်းမှ ရုပ်ပွားတော်။

ပခုက္ကူမြို့မှ အရှေ့ဘက် သုံးမိုင်အကွာတွင် တည်ရှိသည့် ရွှေတန့်တစ်ဘုရား၏ ဂန္ဓကုဋီတိုက်တွင် သရက္ခန်ရုပ်ပွားတော် တစ်ဆူကို ဆင် ၁၄ ကောင်ခံထားသည့် ပလ္လင်ပေါ်တွင် ပူဇော်ထားရှိသည်။ ဆင်ခံ သရက္ခန်ရုပ်ပွားတော် ခြောက်ဆူအနက် ရွှေတန့်တစ် သရက္ခန်သည် တစ်ဆူ အပါအဝင်ဖြစ်ပြီး တံကဲတော်သည် အမြင့် ၁၃ ပေ သုံးလက်မ၊ အနံ ၁၀ ပေ ရှိသည်။

ရွှေတန့်တစ်တံကဲတော်တွင် ကနုတ်ပန်းနွယ်၊ ကြာနွယ် ကြာရိုးများကို အခွေအလိပ် အတွန့်များဖြင့် အလှဆင်ထားသည်။ တံကဲအလှူရှင်များမှာရွှေတန့်တစ်ကျေးရွာမှ ဦးတိုး၊ ဒေါ်အို၊ သား ဦးဖေ၊ ဒေါ်ဘွင့်၊ မြေးကိုငွေဇုံနှင့် မမြ တို့ဖြစ်ကြ၍ တံကဲတော်ကို ရွှေတန့်တစ်ရွာမှ ဦးချမ်းသာနှင့်ပခုက္ကူမြို့မှ ဆရာအေးတို့က ခရစ်နှစ် ၁၈၉၅ ခုနှစ်မှ ၁၈၉၈ ခုနှစ်အထိ သုံးနှစ်၊ နှစ်လ နှင့် ၁၀ ရက်ကြာ ထုလုပ်ခဲ့ကြသည်။ ထုလုပ်ခမှာ ငွေဒင်္ဂါး ကျပ် ၁၅၀၀ ဖြစ်သည်။

တံကဲတော်ကို ကျွန်းသစ်နှင့် ယမနေ သစ်တုံး ၁၃ လုံးကို ပေါင်းစပ်၍ ဝိဓူရဇာတ်တော်လာ ဇာတ်ဝင်ခန်း ၁၃ ခန်းကို ထုလုပ်ထားရာ အချို့နေရာတွင် ပန်းရှစ်ထပ်၊ အချို့နေရာတွင် ပန်းသုံးထပ်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကနောင်မြို့ ရိုက်စုရပ်ကွက် ဘုရားကြီးကျောင်းတိုက်အတွင်းရှိ ဉာဏ်တော် ၉ တောင် ၂ မိုက် မြင့်သော မဟာလောကမုနိန် ကြေးသွန်းမြတ်စွာဘုရား ရုပ်ပွားတော်၏ ကျောဘက်ရှိ တံကဲတော်သည်လည်း အလွန်ထင်ရှားခဲ့သည်။ ယမနေသားဖြင့် ပြုလုပ်ထားသည့် တံကဲတော်ကြီးသည် အမြင့် ၁၈ ပေ ၈ လက်မ၊ အကျယ် ၁၅ ပေ ၃ လက်မနှင့် အထူ ၆ လက်မ ရှိကာ အထပ်လေးထပ်တွင် ဗုဒ္ဓဝင်ဇာတ်ကွက်များကို ထုလုပ်ထားသည်။ ကနောင်တံကဲတော်ကြီးကို တံကဲ လက်မှုပညာရှင် ဦးကံကြီးနှင့် သား ဦးတေတို့က သုံးနှစ်ကြာ ထုလုပ်ခဲ့ကာ လက်ခငွေဒင်္ဂါး ၃၀၀၀ ကျပ် ကုန်ကျခဲ့သည်။ တံကဲတော်၏အရှေ့ဘက်ခြမ်းတွင် ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ကြာချီလုပ်ခန်း၊ အနောက်ဘက်ခြမ်းတွင် ဝိဓူရဇာတ်တော်လာ ဇာတ်ကွက်အချို့နှင့် တံကဲတော်၏ ထိပ်ပိုင်းတွင် မဟာဇနကဇာတ်တော်ကို ထွင်းထုထားသည်။

တံကဲတော်ကြီးကို ကျွန်းသစ်တုံး ငါးတုံး၏ အထပ် ငါးထပ်တွင် ကနုတ်ပန်းများ၊ လူ၊ နတ်၊ တိရစ္ဆာန်ရုပ်များ ထည့်သွင်းထုလုပ်ခဲ့သည်။

*စာမျက်နှာ ၂၂ သို့*

**"တံကဲသည် သစ်သား (သို့မဟုတ်) အင်္ဂတေကို ခြူးပန်း ခြူးနွယ် ကနုတ်များဖြင့် အလှဆင်ထုလုပ်သည့် မြန်မာ့ရိုးရာပန်းပုနှင့် ပန်းတော့ အနုလက်ရာဖြစ်ပြီး မြန်မာအဘိဓာန်က တံကဲကို ပလ္လင်နောက်မှီဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုဒ် လေးပါးအနက် ဟန်တစ်မျိုးမျိုးဖြင့် ထုလုပ်လေ့ရှိသည့် ဗုဒ္ဓဆင်းတုတော်များအနက် ထိုင်တော်မူနှင့် ရပ်တော်မူ ရုပ်ပွားတော်အချို့၏ ကျောဘက်တွင် တံကဲ (ပလ္လင် နောက်မှီ) တစ်ခုကို ထားရှိလေ့ရှိခဲ့သည်"**

# သံတောင်ကြီးမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကျေးရွာခုနစ်ရွာတွင် စတင်ဆောင်ရွက်

**သံတောင်ကြီး ဇူလိုင် ၂၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာတွင် စတင် ဆောင်ရွက်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် ကျေးလက်ဒေသရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ၊ အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။

"အဆိုပါ စီမံကိန်းကို နိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးရဲ့ ကျေးရွာအနည်းအများ ပေါ်မူတည်ပြီး ရွေးချယ်ခဲ့တာဖြစ်သလို နိုင်ငံတော်က ရန်ပုံငွေချပြီးနောက် ဇူလိုင်လကုန် ဩဂုတ်လဆန်းပိုင်းမှာ ထုတ်ချေးပေးဖို့ မျှော်မှန်းထားပါတယ်။ စီမံကိန်းမှာပါဝင်တဲ့ ကျေးရွာတွေအနက် အိမ်ခြေ ၁၀၀ နဲ့အထက် ကျေးရွာတွေကို ငွေကျပ်သိန်း ၃၀၀၊ အိမ်ခြေ ၅၀ နဲ့ ၁၀၀ ကြားရှိ ကျေးရွာတွေကို ငွေကျပ်သိန်း ၂၀၀၊ အိမ်ခြေ ၅၀ အောက်ကျေးရွာတွေကို ငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးသွားမှာဖြစ်ပြီး အတိုးနှုန်းကတော့ ချေးငွေ ပထမနှစ်မှာ ငွေကျပ် ၁၀၀ အတွက် တစ်လလျှင် ပြား ၅၀၊ ဒုတိယနှစ်မှာ ငွေကျပ် ၁၀၀ အတွက် အတိုးနှုန်း တစ်လလျှင် ၁ ဒသမ ၅၀ ပေးဆောင်ရမှာဖြစ်ပြီး ရရှိသော အတိုးတွေကို မိမိတို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲခွင့်ပေးသွားမှာ ဖြစ်ပါတယ်" ဟု မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပြောကြားသည်။

ကျေးရွာမတည် ရန်ပုံငွေ ရွေးချယ်ခံရသော သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးနှင့် သံမိုးတောင်အောက် အထက်တန်းကျောင်းတို့၌ စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းများကို သင်တန်းများ ဖွင့်လှစ်သင်ကြား ပို့ချပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဗဟန်းမြို့နယ် သတင်းစာဆရာအသင်း၏၂၀၂၀/၂၀၂၄ အလုပ်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင်၂၆ ရက်က မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပရာ အလုပ်အမှုဆောင်သစ်များ သဘာပတိ ဦးကျော်စိန်(မိုးကုတ်) ရှေ့မှောက်၌ ကတိသစ္စာခံယူနေကြစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)



မကွေးတိုင်းဒေသကြီး ကံမမြို့နယ် သစ်မယ်ဇီကျေးရွာ၌ သောက်သုံးရေလိုအပ်လျက်ရှိသည့်အတွက် ဇူလိုင် ၂၆ ရက်က မြို့နယ်မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးရဲညွန့် ဦးဆောင်ပြီး မီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် မြို့နယ်လူမှုကူညီရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးအသင်း(မြောက်ချောင်း) တို့ပူးပေါင်းပြီး မီးသတ်ရေယာဉ်ဖြင့် ရေဂါလန် ၆၄၀၀ ကို သွားရောက်လှူဒါန်းစဉ်။
ဝေသူနွယ်(မြန်မာ့အလင်း)

# တွဲလက်ညီညာ လူမှုကူညီရေး ပရဟိတအသင်း ရုံးခန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ထန်းတောကြီးကျေးရွာရှိ တွဲလက်ညီညာလူမှုကူညီရေး ပရဟိတအသင်းရုံးခန်း ဖွင့်လှစ်ခြင်းကို ဇူလိုင် ၂၅ ရက်က ထန်းတောကြီးကျေးရွာတောင်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ထန်းတောကြီး အရှေ့ကျောင်းတိုက် နာယကဆရာတော် ဦးနန္ဒဝရက သြဝါဒစကားမိန့်ကြားတော်မူပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒက္ခိဏခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးညီငယ်တို့က အမှာစကားပြောကြားပြီးနောက် အသင်းရုံးဆိုင်းဘုတ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

တွဲလက်ညီညာလူမှုကူညီရေးပရဟိတအသင်းတည်ထောင်သူ ထန်းတောကြီးတောင်ကျောင်းတိုက် နေပြည်တော်ကြယ်တစ်ပွင့်ဆရာတော် ဦးပညာဝံသက အသင်းအနေဖြင့် ထောက်ပံ့မည့် ထောက်ပံ့ကြေးများကို ကဏ္ဍအလိုက် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

## စာအုပ်စာပေ လှူမိတ်ဆွေ



မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာများအသင်း ၂၀၂၀ ပြည့်နှစ် မြို့နယ်မျက်နှာစုံညီအစည်းအဝေးနှင့် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက်က ရန်ကုန်မြို့ Central hotel ၌ ကျင်းပရာ မြို့နယ်စာရေးဆရာများအသင်းသို့ အသင်းသား ကျန်းမာရေးစောင့်ရှောက်နိုင်ရန်အတွက် အလှူရှင် ဦးကျော်ညွန့် (ကျော်ညွန့်ရည်)-ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ)မှ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးသန်းလင်းက လက်ခံယူစဉ်။ အေးသန်း(စိန်တုံးကြီး)

*စာမျက်နှာ ၂၁ မှ*

တံကဲတော် ထုလုပ်ချိန်သုံးနှစ် ကြာမြင့်ခဲ့ကာ လုပ်အားခငွေကျပ် ၉၆၀၀ ကျသင့်ခဲ့သဖြင့် ထိုစဉ်က ရွှေဈေးအရ ရွှေသုံးပိဿာတန်ဖိုးဖြစ်သည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့လယ်ရှိ ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက်ဝင်းအတွင်း၌ သီတင်းသုံးနေသည့် ပြည်လုံးချမ်းသာ ရုပ်ပွားတော်သည် ဉာဏ်တော်၂၅ ပေ၊ ကိုယ်လုံးတော်ပတ်လည် ၂၃ ပေ ရှိသည်။ တံကဲတော်၏အထူသည် ရုပ်ပွားတော်၏ လက်ဝဲဘက်အခြမ်း၌ ခြောက်လက်မ ဖြစ်၍ လက်ယာဘက် အခြမ်း၌ ခုနစ်လက်မဖြစ်သည်။

ရုပ်ပွားတော်၏ ကျောဘက်တွင်ရှိသည့် ၂၅ ပေ ခုနစ်လက်မ မြင့်၍ ၁၅ ပေ ၁၀ လက်မ အရွယ်ရှိသော တံကဲတော်သည် သစ်သားတံကဲများအနက် အမြင့်ဆုံးနှင့် အကြီးဆုံးဖြစ်ကာ ယင်းတံကဲတော်ကို ဘဒ္ဒန္တကေသရမဟာထေရ်က ပန်းပုဆရာ ဦးကံကြီးနှင့်သား ဦးတေတို့အား ထုလုပ်စေခဲ့သည်။

ရွှေကူ တံကဲတော် အမြင့်သည် ၁၂ ပေ ၁၀ လက်မ ရွှေတန့်တစ် တံကဲ၏ အမြင့်သည် ၁၃ ပေ သုံးလက်မ ရှိကာ ပြည်လုံးချမ်းသာတံကဲသည် ၂၅ ပေ ခုနစ်လက်မ ရှိသဖြင့် အမြင့်ဆုံးဟု ဆိုနိုင်ပေသည်။ တံကဲတော်အရွယ်သည် ရွှေကူတံကဲက ငါးပေ ၁၀ လက်မ၊ ရွှေတန့်တစ် တံကဲသည် ၁၀ ပေ ဖြစ်ပြီး ပြည်လုံးချမ်းသာ တံကဲသည် ၁၅ ပေ ၁၀ လက်မ ရှိသဖြင့် အကြီးဆုံးဖြစ်သည်။ ပြည်လုံးချမ်းသာ တံကဲတော်ကြီးတွင် တာဝတိံသာနတ်ပြည်တွင် အဘိဓမ္မာဟောကြားခဲ့သည့် ဘုရားရှင်သည် လူ့ပြည်သို့ မည်သည့်ရက်တွင် ပြန်လည်ဆင်းကြွလာမည်ကို လူပရိသတ်များက ရှင်မဟာမောဂ္ဂလန်မထေရ်အား မေးမြန်းနေပုံကို တံကဲတော်၏ ထိပ်ပိုင်းဝဲယာနှစ်ဖက်တွင် ထွင်းထုထားသည်။ လက်ယာဘက်အခြမ်းတွင် ဇာတ်ကွက်ငါးကွက်နှင့် လက်ဝဲဘက်ခြမ်းတွင် ဇာတ်ကွက် ကိုးကွက်တို့ကို ထုလုပ်ထားသဖြင့် ဇာတ်ကွက်ပေါင်း ၁၅ ကွက်ကို မြင်တွေ့ကြရပေသည်။



ကိုလိုနီခေတ် မဟာဂန္ဓာကုဋီကျောင်းတိုက်။

**မင်းလှ တံကဲတော်နှင့် ကိုလိုနီခေတ် အဆောက်အအုံ**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ရှိ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက်ဝင်းအတွင်းရှိ အနန္တမိဘမေတ္တာ မင်္ဂလာသိမ်တော်တွင် ပူဇော်ထားရှိသည့် ဗုဒ္ဓရုပ်ပွားတော်၏ တံကဲတော်သည် အမြင့် ၁၀ ပေ၊ အကျယ် သုံးပေ ငါးလက်မနှင့် ထု ခုနစ်လက်မ ရှိသည့် ယမနေသားတံကဲဖြစ်၍ ပန်းအထပ်ခုနစ်ထပ်တွင် အရုပ်ပေါင်း ၆၀ ကို ထွင်းထုထားသည်။ တံကဲတော်တွင် ဗုဒ္ဓဝင်လာဇာတ်ကွက် ခုနစ်ကွက်နှင့် ဒသဂီရိနှင့် မယ်သီတာ ဇာတ်လမ်းမှ ဇာတ်ကွက်တို့ကို ထုဆစ်ထားသည်။

တံကဲတော်ပေါ်တွင် သုဝဏ္ဏသာမဇာတ်၊ ဘုရားလောင်း တောထွက်ခန်း၊ ဖန်ရည်စွန်းသောသင်္ကန်းကို ဝတ်၍ ဘုရားလောင်း တရားကျင့်ပုံ၊ ဘုရားလောင်းပျောက်သွားသဖြင့် ရှင်ဘုရင်ထံ သံတော်ဦးတင်ပုံ၊ ရာဇဂြိုဟ်သူဌေးအိမ်ရှေ့တွင် စိုက်ထူထားသည့် အတောင် ၆၀ မြင့်သော တိုင်ထိပ်ရှိ စန္ဒကူးသပိတ်ကိုရယူရန် တိတ္ထိခြောက်ဦး ကြိုးပမ်းကြပုံ၊ အရှင် ပိဏ္ဍောလဘာရဒွါဇမထေရ်က တန်ခိုးတော်ပြပြီး သပိတ်ကို ရယူပုံ၊ ဘာသာမဲ့ ရာဇဂြိုဟ်သူဌေး ဗုဒ္ဓဘာသာအဖြစ် ခံယူပုံတို့ကို ထုလုပ်ထားပြီး တံကဲအလှူရှင်သည် မဟာသတိပဋ္ဌာန်ကျောင်းတိုက်အလှူရှင် ဦးပွန်နန်နှင့်ဒေါ်ငွေသက် ဖြစ်၍ ထုလုပ်သူမှာ ပခုက္ကူမြို့မှ ပန်းပုဆရာ မောင်ဘိုးမင်း ဖြစ်သည်။ မောင်ဘိုးမင်းသည် တံကဲတော်ကို မြန်မာသက္ကရာဇ် ၁၃၀၁ ခုနှစ်တွင် စတင်ထုလုပ်ရာ သုံးနှစ်ကြာမြင့်ခဲ့ပြီး အလှူရှင်က လက်ခငွေ ဒင်္ဂါးအပြား ၁၀၀ နှင့် ဝတ်စုံ သုံးစုံကို ဆုချခဲ့ကြောင်း တံကဲတော်မှတ်တမ်းတွင် ဖော်ပြထားသည်။

မင်းလှမြို့၏ အနောက်မြောက်ဘက်ပိုင်းတွင်ရှိသည့် မြို့လယ်ကျောင်းနှင့် မဟာသတိပဋ္ဌာန်ကျောင်းအကြားရှိ ကိုလိုနီခေတ် လက်ရာအုတ်တိုက် အဆောက်အအုံကြီးသည် အင်တာနက်လူမှုစာမျက်နှာများမှ တစ်ဆင့် ထင်ရှားလာခဲ့သည်။ မဟာဂန္ဓာကုဋီကျောင်းတော်အုတ်တိုက်ကြီးကို ၁၂၇၇ ခုနှစ်တွင် မင်းလှမြို့မှ လယ်ပိုင်ရှင် ဒေါ်ဆားပွင့်က ဒေါင်းဒင်္ဂါး ၃၀၀၀၀ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းတိုက်ကို မတည်ဆောက်မီ ဒေါ်ဆားပွင့်သည် ကျောင်းတိုက်နေရာအနီးတွင် စေတီနှစ်ဆူကို ၁၂၅၀ ပြည့် နှစ်တွင် တည်ထားခဲ့သည်။

အရှေ့ဘက်သို့ မျက်နှာမူထားသည့် မဟာဂန္ဓာကုဋီအုတ်တိုက်ကြီးသည် မူလက နှစ်ထပ်အဆောက်အအုံဖြစ်ခဲ့ဟန်ရှိကာ နောက်ပိုင်းတွင် တစ်ထပ်အဆောက်အအုံအဖြစ် ပြောင်းလဲခဲ့သည်ဟု ယူဆရပေသည်။ အဆောက်အအုံ၏ မျက်နှာစာလေးဘက်တွင် အုတ်လှေကား တစ်ခုစီရှိခဲ့သော်လည်း အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်ဝင်ပေါက်များကို အင်္ဂတေဖြင့် ပိတ်ခဲ့သဖြင့် ယခုအခါ အရှေ့ဘက်စောင်းတန်းမှသာ ဝင်နိုင်သည်။ အဆောက်အအုံအတွင်း၌ ဗုဒ္ဓဆင်းတုတော်ကြီး တစ်ဆူသည် အရှေ့ဘက်သို့ မျက်နှာမူ၍ အပူဇော်ခံလျက်ရှိသည်။

ဒေါ်ဆားပွင့်သည် မဟာဂန္ဓာကုဋီ ကျောင်းတော်နှင့် ရှေ့နောက်ယှဉ်လျက် မြို့လယ်ကျောင်းကို ၁၂၈၈ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး နောက်ပိုင်းတွင် ဒေါ်ဆားပွင့်၏ သမီး ဒေါ်ငွေသက်က မဟာသတိပဋ္ဌာန်ကျောင်းကို တည်ဆောက်လှူဒါန်း၍ မဟာဂန္ဓာကုဋီကျောင်းတိုက်၊ စေတီ နှစ်ဆူနှင့် မဟာသတိပဋ္ဌာန်ကျောင်းကို သီးခြားခြံခတ်ခဲ့သဖြင့် ယခုအခါတွင် မြို့လယ်ကျောင်းနှင့် မဟာဂန္ဓာကုဋီကျောင်းတိုက်တို့သည် လမ်းတစ်လမ်းခြားကာ တစ်ဖက်စီ တည်ရှိနေကြသည်။

မင်းလှမြို့သည် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံ နှစ်ခုနှင့် တံကဲတော်တို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားခဲ့သဖြင့်ယနေ့တိုင် အများပြည်သူများ လေ့လာနိုင်ကြသည်။ ထို့အတူ မြန်မာနိုင်ငံနေရာဒေသ အသီးသီးရှိ မြန်မာ့အနုလက်ရာ သစ်သားတံကဲများကို ထိန်းသိမ်းထားခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို နောင်မျိုးဆက်များသို့ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပေသည်။ ။

ကိုးကား-
မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၀)
ပလ္လင်တံကဲ (လှိုင်ဝင်းဆွေ)
မဟာသတိပဋ္ဌာန်ကျောင်းဆရာတော်၏
ရှင်းလင်းမိန့်ကြားချက်များ

# သီတဂူကျောင်းတိုက်(ရွှေကြက်ယက်) အမျိုးသမီးအသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းဖွင့်လှစ်

**ရေတာရှည် ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ်ကြီး၏ ကျောင်းတိုက်ခွဲ ဖြစ်သော ရေတာရှည်မြို့ အမှတ် (၆) ရပ်ကွက် (ရွှေကြက်ယက်) သီတဂူကျောင်းတိုက်၌အမျိုးသမီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပညာသင်ကျောင်းကို ယမန်နေ့က ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် အရာရှိ မိသားစုဝင်များ၊ ဝိသာခါဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပညာသင်ကျောင်း၏ အဝင်တံခါးအား သပြေခက်ဖြင့် အမွှေးနံ့သာများ ပက်ဖျန်း၍ ဖွင့်လှစ်ပေးခဲ့ပြီး တောင်ငူမြို့ သီတာရုံစာသင်တိုက် ပဓာနနာယက ဆရာတော် ဦးပါရူပဏ္ဍိတ၊ ဝိသာခါဖောင်ဒေးရှင်း (နာယက) Rotary Claub 9 Victory Myanmar(ဥက္ကဋ္ဌ) ဒေါက်တာ ဝင်းမင်းသစ်၊ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများ ကွန်ရက်(ဥက္ကဋ္ဌ) ဒေါ်ခိုင်ဇော်တို့နှင့် အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်သည့် သင်တန်းကျောင်းသည် ခြောက်လကြာမြင့်မည့် သင်တန်းအပတ်စဉ်တစ်ခုလျှင် ဘွဲ့ရအမျိုးသမီး ၂၀ နှင့် ဘွဲ့ရရှိခြင်း မရှိသေးသော အမျိုးသမီး ၂၀ တို့ကို ကွန်ပျူတာ၊ စာရင်းကိုင်ပညာ၊ အပ်ချုပ်စက်သင်တန်းများကို နေထိုင်စားသောက်စရိတ်ငြိမ်းဖြင့် အခမဲ့ သင်ကြား ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း သင်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

---

**စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**ကြေညာချက်**

**(ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် လ ၂၈ ရက်)**

၁။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၁၈) ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက် "ကဆ" ထိ** စုစုပေါင်းအက္ခရာ(၄၀)လုံး ရောင်းချခဲ့ပါသည်။

၂။ (၁၈) ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာမှာ (၄၀) လုံး ဖြစ်၍ ၊ ထီစာအုပ်(၃၂၇၂၇၂၀) အုပ်ဖြစ်ပြီး၊ ထီလက်မှတ်စောင်ရေမှာ (၃၅၉၉၉၉၂၀) စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ်သန်း (၃၂၇၂၇.၂၀၀) ဖြစ်သဖြင့် ၆၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၁၉၆၃၆.၃၂၀) ဖြစ်ပါသည်။

၄။ အဆိုပါ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) <u>အထူးဆုကြီးစနစ်</u>

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်းငါးထောင် | = | (၁) ဆု |
| (၂) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၃) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၄) | ကျပ်သိန်းနှစ်ထောင် | = | (၆) ဆု |
| (၅) | ကျပ်သိန်းတစ်ထောင် | = | (၇) ဆု |

(ခ) <u>ဆုတစ်ဆုချင်းစနစ်</u>

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၂၀) ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၂၃) ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၂၇) ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၃၀) ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၃၄) ဆု |
| (၆) | ကျပ်ဆယ်သိန်း | = | (၄၃) ဆု |

(ဂ) <u>ဝေဝေဆာဆာပဒေသာဆုမဲစနစ်</u>

| | | | |
|---|---|---|---|
| (၁) | ကျပ် သုံးသိန်း | = | (၁၅၀) ဆု |
| (၂) | ကျပ် နှစ်သိန်း | = | (၁၅၀၀) ဆု |
| (၃) | ကျပ် တစ်သိန်း | = | (၁၉၀၀၀) ဆု |
| (၄) | ကျပ် ငါးသောင်း | = | (၂၀၀၀၀၀) ဆု |

၅။ ထို့ပြင်သတ်မှတ်ကာလအတွင်း လာရောက်ထုတ်ယူခြင်းမရှိသော ဆုမဲများ၏ ဘဏ္ဍာသိမ်းရငွေမှ ကျပ်သန်း (၂၅၀)အား တစ်ဆုချင်းဆုမဲ **ကျပ် ၁၀သိန်း (၄)ဆု** နှင့် ဝေဝေဆာဆာဆုမဲများဖြစ်သည့် **ကျပ် ၃သိန်း (၂၀)ဆု၊ ကျပ် ၂သိန်း (၂၀၀)ဆု၊ ကျပ် ၁သိန်း (၂၀၀၀)ဆု စုစုပေါင်း( ၂၂၂၄)ဆု** ကိုလည်းထပ်မံချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၆။ (၁၈) ကြိမ်မြောက် ၁၀၀၀ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၈.၂၀၂၀)ရက်နေ့(စနေနေ့ )၊ နံနက်(၈:၀၀) နာရီအချိန်တွင် အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

---

**ဘဏ်ပိတ်ရက်ကြော်ငြာ**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက် (သောကြာနေ့) သည် အများပြည်သူ အလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံးပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ မြေကွက်အမှတ်(၇၁၁)၊ အကျယ်အဝန်းပေ(၄၀'x၆၀')၊ ဧရိယာ ၂၄၀၀ စတုရန်းပေရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် ဦးလှဝင်း(ISN-၅၄၉၄၃၃)၏ အမည်ဖြင့်မှတ်သားတည်ရှိပြီး ၎င်းထံမှအဆိုပါမြေကွက်အား အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးခိုင် ၁၂/ဗဟန(နိုင်)၀၇၇၂၃၆မှ ၎င်းမြေကွက်အား လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး ၎င်းကိုယ်တိုင် အခြားအရှုပ်အရှင်းမရှိ တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို လာသဖြင့် ၎င်းထံမှအဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက် စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာ ပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အမှတ်(13/B)၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၉၂၂၄၇၅၄၈**

---

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**ကလောမြို့နယ်တရားရုံး**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၂**

ဦးအန်းကူ နှင့် ဦးအောင်မျိုးသန့် ပါ-၅


**တရားလို** **တရားပြိုင်များ**

ကလောမြို့နယ်၊ ကလောမြို့၊ အမှတ်(၉)ရပ်ကွက်၊ ချယ်ရီလမ်း၊ အိမ်အမှတ်(၉/၉၀)နေ ဦးကျော်မိုးမင်းနှင့် ဒေါ်နှင်းနှင်းခိုင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအန်းကူက ကလောမြို့နယ်၊ ကလောမြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၈၈)၊ မျက်ရဲအင်းအနောက်၊ ဦးပိုင်အမှတ်(၁၇၄)၊ မြေငှားဂရန် အမှုတွဲအမှတ် (၂၂၅)၊ မြေဧရိယာ(၀ဒသမ၁၁၅)ဧက အကျယ်အဝန်းရှိသော မြေကွက်ရောင်းဝယ်မှုအား ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် ၎င်းအမှုနှင့်စပ်ဆိုင်၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇူလိုင် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူဖြူဝင်း)**
**မြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**




# Myanmar Book Centre

## New Arrival

၂၀၂၀ ခုနှစ်တွင် အသစ်ထွက်ရှိလာသော စာလုံးသစ်ပေါင်း (၁,၀၀၀)ကျော်ပါသည့် အိမ်တိုင်း ဆောင်ထားသင့်သော

Oxford Advanced Learner's Dictionary (New 10th Edition)

Shop I : 221 271, 09 730 15993
Shop II : 370 532, 384 508
Mandalay : 09 7300 2698


## ဖခင်အမည်မှန်

ရန်ချောင်းမြို့၊ အထက(၃)Grade – 10 ဒသမတန်း သင်ရိုးသစ် အခန်း(၂) မှ မစိုးမြတ်သူ ၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ဖြစ်ပါကြောင်း။

ဦးဝင်းနိုင်

## မိဘအမည်မှန်

ပျဉ်းမနားမြို့၊ အထက(၅) Grade-6 တက်ရောက်မည့် မမေချစ်သူဖြိုး၏ မိဘ အမည်မှန်မှာ ဦးအောင်မျိုးဦး ၁၄/ပတန(နိုင်)၂၁၉၃၆၅နှင့် ဒေါ်ဝင်းမျိုးထွေး ၉/ပမန(နိုင်)၂၈၄၁၄၄ ဖြစ်ပါကြောင်း။

ဦးအောင်မျိုးဦး–ဒေါ်ဝင်းမျိုးထွေး

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7M/9548 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ United AeroPartners Trading Co.,Ltd.၏ ပို့ကုန်/သွင်းကုန် (ပသက) အမှတ် (၂၉၁၂၆)ကုမ္ပဏီအမှတ်ဖြင့် (၁၁၂၇၅၁၇၆၉)သည် ကုန်သွယ်ရေးဌာနတွင် (ပသက)ကတ် မှတ်ပုံတင်ခွင့်ရရှိထားပြီးဖြစ်ပါသည်။ ထို(ပသက)ကတ် မူရင်းသည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း–၀၉–၄၅၉၀၀၄၄၀၅

## အမည်ပြောင်း

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ အထကရှားခဲ အဌမတန်းမှ (ဘ) ဦးအောင်ဝင်းဖြိုး၏သား ကျောင်းဝင်မှတ်ပုံတင် (ခ)စာရင်းတွင် မောင်ရှိုင်းထက်ဇော်အား မောင်အောင်ကောင်းပြည့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ကောင်းပြည့်

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 8E/9828, Toyota Light Truck Pickup ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းတင် ၈/မသန(နိုင်)၀၀၂၇၁၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မင်းဘူး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/9897 ForLand ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၀/သထန(နိုင်)၁၄၉၆၅၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(သထုံ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၉၈၆၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးကျင်စိုး ၁၂/အနလ(နိုင်)၀၂၆၈၂၅က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(သထုံ)

## လူပျောက်



ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်၊ ထီထိုက်ထိုးကျေးရွာနေ ဦးမောင်ဖွား–ဒေါ်နန်းအောင်တို့၏သား ရှင်ဉာဏသာမိ (မောင်မွေး)အသက်(၁၂)နှစ်သည် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ နိဂြောဓာရုံစာသင်တိုက်၌ ပညာသင်ကြားစဉ် ၂၉–၆–၂၀၂၀ရက် နေ့လယ်ဆွမ်းစားပြီးချိန် နိဂြောဓာရုံစာသင်တိုက်မှ ထွက်ခွာသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဦးဇောတိသရ– ဖုန်း–၀၉–၇၉၄၄၈၁၁၇၀၊ ၀၉–၄၅၀၂၈၆၃၁၅
ဦးဝရဏ– ဖုန်း–၀၉–၇၇၉၇၇၄၄၇၇

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## မြဝတီမြို့နယ်တရားရုံးတော်၌
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်–၃၂

ဦးဖြိုးဇော်မောင် နှင့် ၁။ ဒေါ်မြအေး(ခ)ဒေါ်အေး
၂။ ဒေါ်ခင်ရွှေ
၃။ ဦးသူရိန်အောင်

တရားလို တရားပြိုင်များ

ကရင်ပြည်နယ်၊မြဝတီမြို့၊အမှတ်(၁)ရပ်ကွက်နေ ဒေါ်မြအေး(ယခုလိပ်စာမသိ)၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဘိုးရာ ဇာလမ်းနေ ဒေါ်ခင်ရွှေ(ယခုလိပ်စာမသိ)နှင့် မြဝတီမြို့၊ မြို့သစ်၊ အမှတ်(၄)ရပ်ကွက်နေ ဦးသူရိန်အောင် (ယခုလိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၅၃–အေ)၊ မြို့သစ်အပိုင်း(က)၊ ဦးပိုင်အမှတ်(၄၄၁/၁)၏အနောက်ဘက်ခြမ်းဖြစ်သော ဧရိယာ ပေ(၄၀ x ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ်အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေများနှင့်ပါ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၅ရက် (၁၃၈၂ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇူလိုင် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စောသိန်းကုမ္မေအောင်)
တွဲဖက်မြို့နယ်တရားသူကြီး
မြဝတီမြို့နယ်တရားရုံး

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ စက်မှုရိပ်သာလမ်း၊ စက်မှုရိပ်သာ၊ အမှတ် ၅၄တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညိုမာဝင်း ၁၂/လမန(နိုင်)၀၁၂၄၂၄ ၏ လွှဲအပ်ညွှန်ကြားချက်နှင့်အညီ အောက်ပါအတိုင်း အသိပေး ကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၁)၊ မြေကွက်အမှတ် ၇/ခ ၂-၂ နှင့် မြေတိုင်းရပ်ကွက် အမှတ် (၃၁)၊ မြေကွက်အမှတ် ၇/ခ ၂-၂-က(A) ဟုခေါ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၁၁)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၅၈၄ ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ကျွန်ုပ်တို့၏မိတ်ဆွေက အဆောက်အအုံဆောက်လုပ်ရန် မြတ်နိုးသူ ဆောက်လုပ်ရေးမှ ကန်ထရိုက်တာ ဦးစိုးမြတ်သူ(ခ) ဦးမြတ်သူ ( LC – ၁၁၅၇) နှင့် ကတိစာ ချုပ်များချုပ်ဆိုဆောင်ရွက်စေခဲ့ရာ ကတိပဋိညာဉ်ပါ သတ်မှတ်ထားသည့် ကာလအတွင်း အဆောက်အအုံကို အပြီးတည်ဆောက်နိုင်ခြင်း မရှိသောကြောင့် ကတိပဋိညာဉ်စာချုပ်များကို ပယ်ဖျက်/ ဖျက်သိမ်းပေးစေရန်နှင့် စာရွက်စာတမ်းမူရင်းများကို ပြန်လည်လက်ရောက်ပေးအပ်ပါရန် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတွင် တရားမကြီးမှုအမှတ် (၃၄၇/၂၀၂၀)နှင့် (၃၄၈/၂၀၂၀) တို့အရ တရားစွဲဆိုထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းမြေကွက်များနှင့် ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဦးဇော်အောင်ထိုက်(ဘ)ဦးချစ်အောင် ၁၃/ တကန(နိုင်)၀၀၁၄၈၇ ထံ ဒေါ်တင်တင်နု ၁၂/လမန(နိုင်)၀၁၂၄၁၁ က လွှဲအပ်ထားသော ၂၀–၂–၂၀၁၃ ရက်စွဲပါ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးရှိ ကိုယ်စားလှယ်လွှဲစာအမှတ် (၂၉၉၁/၂၀၁၃)သည် ကိုယ်စားလှယ်လွှဲအပ် ပေးသူ ဒေါ်တင်တင်နုမှာ ၂၈–၃–၂၀၁၅ ရက် တွင် ကွယ်လွန်သွားခဲ့ပြီး ဖြစ်၍လည်းကောင်း၊ ဦးဇော်အောင်ထိုက်(ဘ) ဦးချစ်အောင် ၁၃/တကန(နိုင်)၀၀၁၄၈၇ ထံ ဒေါ်ညိုမာဝင်း ၁၂/လမန(နိုင်)၀၁၂၄၂၄ က လွှဲအပ်ပေးထားသော ၃–၄–၂၀၁၃ ရက်စွဲပါ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးရှိ ကိုယ်စားလှယ်လွှဲစာ အမှတ် (၅၆၄၅/၂၀၁၃)ကိုလည်းကောင်း၊ ဤကြော်ငြာသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| လွှဲအပ်ညွှန်ကြားသူ– | လွှဲအပ်ညွှန်ကြားချက်အရ– | |
| ဒေါ်ညိုမာဝင်း | ဦးငွေဦး (ကြို့ပင်ကောက်) | ဒေါ်ခင်ညိုဝင်း |
| ၁၂/လမန(နိုင်)၀၁၂၄၂၄ | LL.B | LL.B |
| | စဉ်–၅၉၈၈ | စဉ်–၅၈၃၁ |

ဦးစည်သူအောင်သန်း
LL.B
စဉ်–၁၂၀၂၈

တရားလွှတ်တော်ရှေ့နေများ

| | |
|---|---|
| ဦးမြတ်သူ | ဦးနိုင်အောင် |
| စဉ်–၄၆၀၂၁ | စဉ်–၄၉၅၆၁ |

အထက်တန်းရှေ့နေများ
ရုံး–၅၆၁/ပထမထပ်၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့
## တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန
## တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး အစိုးရ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန၊ တင်ဒါကော်မတီသည် ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသော အုတ်စီရေမြောင်းလုပ်ငန်း(၃)ခုအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ တိုင်းရင်းသားများပိုင် ပြည်တွင်း ကုမ္ပဏီများအား တင်ဒါများတင်သွင်း နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာ အဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့်တင်ဒါတင်သွင်း သူများလိုက်နာရန် ညွှန်ကြားချက်များ(Instruction to Tenders )နှင့်အညီ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါစာရွက်စာတမ်း အပြည့်အစုံကို ၃၀–၇–၂၀၂၀ရက်မှစတင်၍ ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်ဖောက်သွားမည် ဖြစ်ပါသည်–

(က) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** – ၂၈–၈–၂၀၂၀ရက် နံနက် ၉ နာရီ
(ခ) **တင်ဒါဖွင့်ဖောက် စစ်ဆေးမည့်ရက်/ အချိန်** – ၂၈–၈–၂၀၂၀ရက် နံနက် ၁၀ နာရီ
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** – ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး

၄။ အသေးစိတ် အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရမ်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံး၊ တယ်လီဖုန်းအမှတ် ၀၉– ၄၂၁၀၂၁၃၂၅၊ ၀၉–၇၆၈၄၀၆၉၉၈၊ ၀၅၆–၃၀၀၁၃၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန

## အများပြည်သူသို့သတိပေးပန်ကြားချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ် တို့ကို ဆက်သွယ်ထားသည့် ငမိုးရိပ်တံတားဟောင်း(သံပေါင် တံတား)၏ အပေါ်ပိုင်းသံထည် ဖြိုဖျက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်ထားသူမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၇–၇–၂၀၂၀ရက်တွင် စတင်၍ ဆောင်ရွက်မည်ဖြစ်ရာနေ့စဉ် နံနက် ၅နာရီမှ ညနေ ၆နာရီအတွင်း ငမိုးရိပ်ချောင်းအတွင်း ဖြတ်သန်းသွားလာနိုင်သည့် ရေလမ်းကြောင်းကို အချက်ပြမီးအစိမ်းရောင်ဖြင့် ပြသထားမည်ဖြစ်ပြီး တားမြစ်ကန့်သတ်ထားသည့် ရေလမ်းကြောင်းကို အချက်ပြမီး အနီရောင်ဖြင့် ပြသထားပါမည်။

၂။ သို့ဖြစ်ပါ၍ ငမိုးရိပ်ချောင်းအတွင်းသွားလာနေသော ရေယာဉ်ကြီး၊ ရေယာဉ်ငယ်များသည် သတ်မှတ်ရေကြောင်းမှသာ ဂရုပြုသွားလာကြပါရန် သတိပေးအပ်ပါသည်။

လမ်း၊ တံတားဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဦးမင်းလွင်ထူးနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သမိုင်း၊ မြေကွက်အမှတ် ၁၃/က၄B ၊ အမည်ပေါက် ဦးသော်၊ ဒေါ်လှခင် မြေကွက်တည်နေရာလိပ်စာ အမှတ် ၈၊ ဒေါ်လှခင်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင် သောမြေကွက်နှင့် ပတ်သက်၍အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသော်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိလက်ဝယ်ထားပိုင်ဆိုင်သူ ဦးရွှေကုံးမှ မြေကွက်အမည်ပြောင်းရန်နှင့် အဆောက်အအုံဆောက်လုပ်ရန်အတွက်သက်ဆိုင်ရာ အစိုးရဌာနများတွင် လိုအပ်သည့် ကိစ္စရပ်များကို လိုအပ်သလို လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ရီစလင်း
တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၈၅)
အမှတ် ၅၅၊ အခန်း ၂၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၅၀၉၃၁၁၅

## ဦးဝင်းကိုကိုမြင့် (ခ) လွတ်ကမန် ၁၂/လသယ(နိုင်)၁၀၈၉၄၅နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မမြလဲ့သူဇာ (ခ)ရှိုက်ဒါဘီ ၁၂/မဂတ(နိုင်) ၀၉၆၈၀၄နှင့် ဦးဝင်းကိုကိုမြင့် (ခ)လွတ်ကမန်တို့သည် (၂၄–၆–၂၀၁၁)ရက်တွင် နိကာဟ် လက်ထပ်ထိမ်းမြားခဲ့ပါသည်။ အိမ်ထောင်သက်တမ်း(၉)နှစ်အတွင်း သားသမီးထွန်းကားခဲ့ခြင်းမရှိပါ။ ဦးဝင်းကိုကိုမြင့်(ခ)လွတ်ကမန်သည် အိမ်ထောင်သက်တမ်းတစ်လျှောက်တွင် ဇနီးဖြစ်သူ မမြလဲ့သူဇာ(ခ) ရှိုက်ဒါဘီအား မယ်မယ်ရရ ရှာဖွေကျွေးမွေးခြင်းမရှိဘဲ ခင်ပွန်းဝတ္တရားပျက်ကွက်ခဲ့ပါသည်။ ထို့ပြင် ဦးဝင်းကိုကိုမြင့်(ခ)လွတ်ကမန်မှ မမြလဲ့သူဇာ(ခ)ရှိုက်ဒါဘီအား အပြစ်မရှိအပြစ်ရှာကာ ဆဲဆိုကြိမ်းမောင်းခြင်း၊ နိုင့်ထက်စီနင်းပြုခြင်း၊ အမျိုးမျိုးအဖုံဖုံခြိမ်းခြောက်ခြင်း၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေရန် ညှဉ်းပန်းနှိပ်စက်ရိုက်နှက်ခြင်းတို့ကို ပြုမူဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ဦးဝင်းကိုကိုမြင့်(ခ)လွတ်က မန်သည် မမြလဲ့သူဇာ(ခ)ရှိုက်ဒါဘီနှင့် လက်ထပ်ပြီးနောက် တစ်နှစ်အကြာတွင် လူမှုရေးအရှုပ်အရှင်းများကြောင့် ကာမလိမ်လည်မှုဖြင့် လှိုင်သာယာမြို့နယ် တရားရုံးတော်၌ တရားစွဲဆိုခံရပြီး ထောင်ဒဏ်(၁)နှစ်ကျခံခဲ့ရပါသည်။

ယခုအခါတွင်လည်း ဦးဝင်းကိုကိုမြင့်(ခ)လွတ်ကမန်သည် (၁၁–၁–၂၀၂၀)ရက်မှစ၍မမြလဲ့သူဇာ(ခ)ရှိုက်ဒါဘီ၏ မိဘများနေအိမ်မှ ဆင်းသွားပြီးဥပေက္ခာပြုလျက် မည်သည့်စားစရိတ်၊ ထောက်ပံ့စရိတ်တစ်ပြားတစ်ချပ်မှ ပေးအပ်ခြင်းမရှိပါ။ သို့ပါ၍ (၂၁–၇–၂၀၂၀)ရက်စွဲပါ ဓမ္မသတ်ဖြေကြားချက်အရ မမြလဲ့သူဇာ(ခ)ရှိုက်ဒါဘီ ဦးဝင်းကိုကိုမြင့်(ခ)လွတ်ကမန် အပေါ်အစ္စလာမ့်ဥပဒေနှင့်အညီ (သွလာက်ကေ့ဗာအင်န်)တစ်ကြိမ်ခံယူ အတည်ပြုပြီး ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်မာမာသိန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၇၉၂/၂၀၁၃)
အမှတ်(၄၂)၊ လေးလွှာ၊ လမ်း(၁၄၀)၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း–၀၉–၅၀၆၄၉၅၉၊ ၀၉–၅၀၈၈၆၀၅

## အများသိစေရန်ပြင်ဆင်သတ်မှတ်ခြင်း

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး၏ ၂၄–၇–၂၀၂၀(သောကြာနေ့)ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာပါ အိတ်ဖွင့် တင်ဒါခေါ်ယူခြင်း၏ တင်ဒါပိတ်ရက်ကို ၆–၈–၂၀၂၀(ကြာသပတေးနေ့) ရက်စွဲသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ပြည်နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူးရုံး
## ချင်းပြည်နယ်၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်ကုသရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်/မြို့နယ်/တိုက်နယ် ဆေးရုံများအတွက် FDA အသိအမှတ်ပြု ဆေးနှင့်ဆေး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါသဖြင့် ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာ ပုံစံများ

**စတင်ရောင်းချမည့်ရက်** – ၂၄–၇–၂၀၂၀ရက် (သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** – ၁၀–၈–၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးဝါးများစာရင်းအသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်ပါသည်။

ပြည်နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန
ချင်းပြည်နယ်၊ ဟားခါးမြို့
ဖုန်း–၀၇၀၂၁၅၈၉

## ကန့်ကွက်နိုင်ကြောင်း

ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ် –၃၁၊ ကံသုံးဆင့် အနောက် အကွက်၊ ဦးပိုင်အမှတ် ၈၃၊ ဧရိယာ ၀.၀၄၀ ဧက မြေကို ဒေါ်သန်းသန်း အမည်ဖြင့် မြေငှားဂရန်အသစ်ချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကြော်ငြာ သည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိ ပေး ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့

## ကန့်ကွက်နိုင်ကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ် –၅၂၊ စက်မှုရပ်ကွက်၊ ဦးပိုင်အမှတ်–A–၁၈(က)၊ ဧရိယာ ၀.၁၃၇ ဧကနှင့် အကွက်အမှတ်–၅၂၊ စက်မှုရပ်ကွက်၊ ဦးပိုင်အမှတ်–A–၁၈(ခ)၊ ဧရိယာ၀.၁၃၇ဧကမြေကွက်များအား ဦးဇော်ဇော်နိုင်က စက်မှု/စီးပွားအမည်ပြောင်းမြေငှားဂရန်လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိ ပေး ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၃)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၆၈၃ /ခ)၊ မြေအကျယ်အဝန်း ပေ(၆၀ x ၂၀)၊ (၁၂၀၀)စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တောင် ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာလမ်း၊ အမှတ်(၆၈၃/ခ)ဟုခေါ်တွင်သော နှစ်ထပ်အုတ်ညှပ်နေအိမ်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးစိန်ဟန် (KLT–041303) အမည်ဖြင့် အမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး ဦးစိန်ဟန် ကွယ်လွန်ပြီးနောက် ယင်း၏ ဇနီးဖြစ်သူ ဒေါ်လှခင် ၁၄/ကလန(နိုင်)၀၂၄၈၃၀က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်ခဲ့ကြောင်း ဒေါ်လှခင်ထံမှ ဒေါ်ခင်ချိုထွေး ၁၂/သဃက(နိုင်)၁၅၀၉၅၁က မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၆၉၀၀/ ၂၀၁၇ ဖြင့် လက်ရောက်ရရှိပိုင်ဆိုင်ကြောင်း အဆိုပြုလျက် ရောင်းချရန်ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းအောင် ၁၁/စတန(နိုင်) ၀၀၄၀၂၂က အပြီးအပိုင်ဝယ်ယူရန်သဘောတူညီလျက် စရန်ငွေအချို့ပေးချေပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်းများဖြင့် တရားဝင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသိန်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးတင်မောင်ဆွေ B.A(Law),LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်–၄၆၄၃)
အမှတ်(၈၂)၊ ပထမထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း–၀၉–၅၀၀၀၉၁၆၇၊ ၀၉–၇၉၅၀၀၀၉၁၆၇၊ ၀၉–၉၆၅၀၀၀၉၁၆၇

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ စက်မှုရိပ်သာလမ်း၊ စက်မှုရိပ်သာ၊ အမှတ် ၅၄တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညိုမာဝင်း ၁၂/လမန(နိုင်)၀၁၂၄၂၄ ၏ လွှဲအပ်ညွှန်ကြားချက်နှင့်အညီ အောက်ပါအတိုင်း အသိပေး ကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၁)၊ မြေကွက်အမှတ် ၇/ခ ၂-၂ နှင့် မြေတိုင်းရပ်ကွက် အမှတ် (၃၁)၊ မြေကွက်အမှတ် ၇/ခ ၂-၂-က(A) ဟုခေါ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၁၁)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၅၈၄ ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ကျွန်ုပ်တို့မိတ်ဆွေက အဆောက်အအုံဆောက်လုပ်ရန် မြတ်နိုးသူ ဆောက်လုပ်ရေးမှ ကန်ထရိုက်တာ ဦးစိုးမြတ်သူ(ခ) ဦးမြတ်သူ ( LC – ၁၁၅၇) နှင့် ကတိစာချုပ် များချုပ်ဆိုဆောင်ရွက်စေခဲ့ရာ ကတိပဋိညာဉ်ပါ သတ်မှတ်ထားသည့် ကာလအတွင်း အဆောက်အအုံကို အပြီးတည်ဆောက် နိုင်ခြင်းမရှိသောကြောင့် ကတိပဋိညာဉ်စာချုပ်များကို ပယ်ဖျက်/ ဖျက်သိမ်းပေးစေရန်နှင့် စာရွက်စာတမ်းမူရင်းများကို ပြန်လည် လက်ရောက်ပေးအပ်ပါရန် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတွင် တရားမကြီးမှုအမှတ် (၃၄၇/၂၀၂၀)နှင့် (၃၄၈/ ၂၀၂၀) တို့အရ တရားစွဲဆိုထားပြီးဖြစ်ပါသည်။

ထို့ကြောင့် သက်ဆိုင်ရာတရားရုံးတော်မှ အမိန့်တစ်စုံတစ်ရာ မချမှတ်သေးမီကာလအတွင်း တရားစွဲဆိုထားသော မြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် ပတ်သက်၍ မည်သူမျှ မည်သည့်ကိစ္စနှင့်မျှ ဝင်ရောက်ဆောင်ရွက်ခြင်းမပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| လွှဲအပ်ညွှန်ကြားသူ– | လွှဲအပ်ညွှန်ကြားချက်အရ– | |
| ဒေါ်ညိုမာဝင်း | ဦးငွေဦး (ကြို့ပင်ကောက်) | ဒေါ်ခင်ညိုဝင်း |
| ၁၂/လမန(နိုင်)၀၁၂၄၂၄ | LL.B | LL.B |
| | စဉ်–၅၉၈၈ | စဉ်–၅၈၃၁ |

ဦးစည်သူအောင်သန်း
LL.B စဉ်–၁၂၀၂၈

တရားလွှတ်တော်ရှေ့နေများ

| | |
|---|---|
| ဦးမြတ်သူ | ဦးနိုင်အောင် |
| စဉ်–၄၆၀၂၁ | စဉ်–၄၉၅၆၁ |

အထက်တန်းရှေ့နေများ
ရုံး–၅၆၁/ပထမထပ်၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊တန်ဆောင်း ဒါယကာကြီး**
**အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ**
**သီရိသုဓမ္မ မဏိဇောတဓရ**

### ဦးသန်းထွန်း

**(ကံ့ကော်ရွှေပြည်)၊ ဥက္ကဋ္ဌ(ငြိမ်း)SMIDB**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ပြည်တော်အေးရိပ်သာ၊ အမှတ်(၃-က)နေ ဒေါ်မြသွေး၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဇော်ဝင်းဦး(CEO,Bright Time Co.,Ltd)- ဒေါ်စုစုရွှေ၊ ဦးမျိုးဇော်အောင်(Nissan United Diamond Motor Co.,Ltd)(Suzuki United Dimo Co.,Ltd) - ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီး၊ (ဦးထွန်းထွန်းလှိုင်)-ဒေါက်တာဇင်ဇင်သူ၊ ဦးမြတ်သူ-ဒေါ်စုစုမာ၊ ဦးမင်းသိမ်း(ညွှန်ကြားရေးမှူးချုပ်၊ သံတမန်ရေးရာ ဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မျိုးပပထွန်း(သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့)၊ (ဦးမျိုးမင်းထွန်း)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး ၊ မြေး ၁၁ ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘိုးသည် ၂၇-၇-၂၀၂၀ရက် မွန်းလွဲ ၁၂:၂၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ဇနီးဒေါ်ခင်မြမြအောင်**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/3020 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(နေပြည်တော်)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် HSE/ 4113 ယာဉ်လက်ဝယ်ရှိသူ Taung Paw က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ (မော်လမြိုင်မြို့)**

---

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 54W/16215 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာဝင်း ၉/ကဆန (နိုင်) ဝ၄၃၉၃၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကျောက်ဆည်)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/6945 Dayang 125 M/C ယာဉ်လက်ဝယ်ရှိသူ San Myat Thu Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/8277 ISUZU D-MAX PICK UP (4x4)L ယာဉ်လက်ဝယ်ရှိသူ Myanmar Padauk Engineering Construction Co.,Ltd ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

### ဦးတင်ထွဋ်ဦး

**(Captain CDC 9030)**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် ၄၄၉/ YZ နေ [ဗိုလ်မှူးချုပ်မျိုးသန့်(ငြိမ်း)-ဒေါ်ခင်လေးတင့်] တို့၏သား၊ ဒေါ်အေးအေးမြတ်၏ခင်ပွန်း၊ မထွဋ်မြတ်ရွှေရည်၏ ချစ်လှစွာသောဖခင်သည် ၂၄-၇-၂၀၂၀ ရက်(သောကြာနေ့) နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းမင်းဇော် အသက်(၅၄)နှစ်

**(ခရိုင်အုပ်ချုပ်ရေးမှူး၊ ကျောက်ဆည်မြို့)**

ဒေါ်ခင်သန်းမြင့်(ကထိက၊ ပထဝီဌာန၊ ကျောက်ဆည်တက္ကသိုလ်)၏ချစ်လှစွာသောခင်ပွန်း ဦးထွန်းမင်းဇော်သည် ၂၆-၇-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝမ်ကြည်၊ ဦးအုန်းဟန်၊ ဦးခင်မောင်မောင်၊ ဦးခင်မောင်ဝင်း ဦးမောင်တိုး၊ ဒေါက်တာအောင်ငွေစံ(ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ(ဝဒသမဝ၅၅)ကေရှိ မြေကွက်အမှတ်(ပ-၄၄၃၃)၏မြေပေးမိန့်မူရင်းပျောက်ဆုံးသွားသဖြင့် မြေပေးမိန့် မိတ္တူမှန်ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဦးကျော်နိုင်ထွန်း ၉/ပမန(နိုင်) ၂၂၇၃၃၈(ဘ)ဦးပွမှ မြေပေးမိန့်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက် မူရင်း၊ မြေပေးမိန့် မိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ စိန်ရတနာ(၂)လမ်း၊ မြေကွက်အမှတ်(၁၅၄)၊ ဧရိယာ ပေ( ၄၀ x ၆၀)မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဆန်းဝင်း ၁၂/ဥကတ(နိုင်) ဝ၄၇၅၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်သဇင်ထွန်း ၁၂/ကမရ(နိုင်) ဝ၀၁၆၆ဝက အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**(ရုံး)တက်နေဝန်းအိမ်ခြံမြေ ကုမ္ပဏီလီမိတက်၊ ကျောင်းလမ်းမှတ်တိုင်၊ ပင်လုံလမ်းမကြီး၊ မြောက်ဒဂုံမြို့နယ်**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ရဟန်းဒါယကာ ဦးစိုးဝင်း

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးတင်လှ-ဒေါ်သန်းစိန်)တို့၏သား၊ ဒေါ်မြင့်မြင့်သိန်း၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ရဟန်းဒါယကာ ဦးစိုးဝင်းသည် ၂၅-၇-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့်ဇနီး ဒေါ်ရွှယ်ဂျာ မိသားစု**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းမင်းဇော်

**(ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး)**
**အသက်(၅၄)နှစ်**

ဒုတိယဗိုလ်မှူးကြီး သန့်စင်(ငြိမ်း)(DSA-22)၏ ညီဖြစ်သူ ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်သည် ၂၆-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးဦးတင်မြင့်နှင့်ဇနီးဒေါ်ရွှယ်ဂျာ မိသားစု**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးဇော်ဝင်းနိုင်(ငြိမ်း)

**တေဇ-၁၂**
**အသက်(၅၇)နှစ်**

ကျုံပျော်မြို့၊ တေဇရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်-၃နေ ဒေါ်နိုင်နိုင်အောင်၏ခင်ပွန်း သူငယ်ချင်း ဗိုလ်မှူးဇော်ဝင်းနိုင်(ငြိမ်း)သည် ၂၅-၇-၂၀၂၀ရက်(စနေနေ့)ညတွင် ရုတ်တရက်ကွယ်လွန်သွားခဲ့ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ-၁၂ မှ သူငယ်ချင်းနှင့် မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နွဲ့ရီ

**အသက်(၇၉)နှစ်**

East Boy Engineering Co.,Ltdမှ ဦးနေခြည်ဦး (Director)-ဒေါ်ခင်သက်မာတို့၏ မိခင် ဒေါ်နွဲ့ရီသည် ၂၆-၇-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**East Boy Engineering Co.,Ltd**
**Naypyi Taw Region**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈ ပဲမှီကုန်း၊ မြေကွက်အမှတ် ၆၄၊ ဧရိယာ(ဝ၁၃သမ၂၂)ကေ၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ် ၃၉၈၊ ပိတောက်မြိုင်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် (ဦးအောင်မြင့်၊ ဗိုလ်ကြီးသိန်းမြင့်) အမည်ပေါက် A ရွာမြေ(လ/န ၃၉ အုတ်ဖုတ်မြေအား အင်းစိန်မြို့နယ်တရားရုံးတရားမကြီးမှုအမှတ် ၅၁/၂၀၀၅ဖြင့် မြေကွက်အရောင်းအဝယ်အပေါ်မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးစေလိုမှု၏ ၂၃-၁-၂၀၀၆ရက်စွဲပါ တရားရုံးစီရင်ချက် နှင့် ဒီကရီမိတ္တူ၊ တရားမဇာရီမှုအမှတ် ၆/၂၀၀၆ဖြင့် ဘိလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်လိုက်သည့် ၂၁-၄-၂၀၀၆ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း၊ အင်းစိန်မြို့နယ်တရားရုံးမှ ၂၆-၇-၂၀၁၉ရက်စွဲဖြင့် ဘီလစ် ဒေါ်အုန်းသွင်သည် ယခုအခါသက်ပြည့်အငြိမ်းစားယူခဲ့ပြီးဖြစ်ပါ၍ ဘိလစ်ဒေါ်မိုးမိုးအေးအား ဘိလစ်ပြောင်းလဲခန့်အပ်ကြောင်း ဌာနသို့ အကြောင်းကြားစာ၊ မြေကွက်အပိုင်အရောင်းစာချုပ်အမှတ် ၈၀၂/၇၅၊ မြေအပိုင်လွှဲပြောင်းရောင်းချပေးအပ်သည့် မှတ်ပုံတင်စာချုပ်အမှတ်၅၀၆/၈၁(၂၇-၈-၈၁)တင်ပြပြီး ဘိလစ်ဒေါ်မိုးမိုးအေး ၁၂/အစန(နိုင်) ၁၂၂၁၈၄မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စက်မှုဇုန်-၂)၊ မြေကွက်အမှတ်(၉၄+၉၅)၊ ဧရိယာ(၄ဒသမ၄၆၉)ကေ၊ မြေကွက်တည်နေရာအမှတ်(၉၄+၉၅)၊ ဦးမြလမ်းနှင့်မောင်ပျိုးလမ်းထောင့်၊ စက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ် ဦးအောင် (CD-၀၂၅၁၂၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်(CD-၀၂၅၁၂၄) ၁၂/ဗတထ(နိုင်) ၀၁၈၈၀၉မှ မြေစာရင်းမှတ်ချက်ရှိ (၂၀၀၈)ခုနှစ်တွင် ၎င်းကိုယ်တိုင်မှ အရောင်းအဝယ်မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်၍ ၎င်းမြေပုံမြေရာဇဝင်မူရင်းတို့ကို အသုံးပြု၍ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ မြေကွက်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုထားခြင်းမရှိပါကြောင်းနှင့် အဆိုပါမြေပုံမူရင်းမှာ ရှာဖွေတွေ့ရှိခြင်းမရှိပဲ ပျောက်ဆုံးနေကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ (၁၆-၆-၂၀၂၀)ရက်စွဲပါ ကိုယ်တိုင်ဝန် ခံကတိပြုစာနှင့် နှစ်(၆၀)ဂရန်မူရင်းတို့အား တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်နှင့် မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေ ညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊တန်ဆောင်း ဒါယကာကြီး**
**အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ**
**သီရိသုဓမ္မ မဏိဇောတဓရ**

### ဦးသန်းထွန်း

**(ကံ့ကော်ရွှေပြည်)၊ ဥက္ကဋ္ဌ(ငြိမ်း)SMIDB**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ပြည်တော်အေးရိပ်သာ၊ အမှတ်(၃-က)နေ ဦးဇော်ဝင်းဦး- ဒေါ်စုစုရွှေ၊ ဦးမြတ်သူ-ဒေါ်စုစုမာ၊ ဦးမင်းသိမ်း(ညွှန်ကြားရေးမှူးချုပ်၊ သံတမန်ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မျိုးပပထွန်း(သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့)တို့၏ ချစ်လှစွာသောကျေးဇူးရှင် ဖခင်ကြီးဦးသန်းထွန်းသည် ၂၇-၇-၂၀၂၀ရက် မွန်းလွဲ ၁၂:၂၃နာရီတွင် ကန်သာယာ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသောင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါ်စန္ဒာလွင်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းမင်းဇော်(ခရိုင်အုပ်ချုပ်ရေးမှူး)

**ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အသက်(၅၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးထွန်းမင်းဇော်သည် ၂၆-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ကြီးချုပ် ဦးသိန်းအောင်(ငြိမ်း)-ဒေါ်ခင်ဌေးမြင့်**
**မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်တင်တင်စိုး(ညောင်လေးပင်)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း၊ တိုက်(၃၄၊ ၇လွှာ)နေ အသင်းဥက္ကဋ္ဌဟောင်း ဦးထွန်းရီ (စစ်မှုထမ်းဟောင်း)၏ ဇနီး ဒေါ်တင်တင်စိုးသည် ၂၅-၇-၂၀၂၀ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ သင်တန်းနည်းပြ ဆရာဟောင်းတစ်ဦးဖြစ်သူ ဂုဏ်ပြုအသင်းသား ဦးဝင်းမောင် အကြံပေးအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန အသက်(၈၃)နှစ်သည် ၂၅-၇-၂၀၂၀ ရက်(စနေ နေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ အသင်းသူ အသင်းသားများမှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့နှင့် အသင်းသား အသင်းသူများ**
**မြန်မာနိုင်ငံဓာတ်ပုံအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နွဲ့ရီ

**အသက်(၇၉)နှစ်**

East Boy Engineering Co.,Ltd မှ ဦးနေခြည်ဦး (Director)-ဒေါ်ခင်သက်မာတို့၏မိခင် ဒေါ်နွဲ့ရီသည် ၂၆-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**East Boy Engineering Co.,Ltd**
**Shan South & Kayah Region**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းမင်းဇော်

**(ခရိုင်အုပ်ချုပ်ရေးမှူး)**
**(ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**
**အသက်(၅၄)နှစ်**

သူငယ်ချင်း ဒေါ်ခင်သန်းမြင့်၊ ကထိက၊ ပထဝီဌာန၊ ကျောက်ဆည်တက္ကသိုလ်၏ ခင်ပွန်းဖြစ်သူ ဦးထွန်းမင်းဇော်(ခရိုင်အုပ်ချုပ်ရေးမှူး၊ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) အသက်(၅၄)နှစ်သည် ၂၆-၇-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပထဝီဌာနမှသူငယ်ချင်းများ**
**မော်လမြိုင်တက္ကသိုလ်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ပု(ဝါးခယ်မ၊ ကျွန်းကုန်း)

### အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ခေမာလမ်း၊ အမှတ်(၈၅၉-ခ)နေ (ဦးနီ-ဒေါ်လှမေ)တို့၏သမီး၊ (ဦးထွန်းရှိန်)၏ဇနီး၊ (ဦးကြည်စိုး)၊ ရွှေဘိုမြို့နေ ဒေါက်တာကြည်ဆွေ-ဒေါ်သန်းသန်းတင့်၊ ရန်ကုန်မြို့နေ ဦးကြည်လွင်၊ စင်ကာပူနိုင်ငံနေ ဦးခင်မောင်ဌေး-ဒေါ်ကြည်ကြည်ရှိန်၊ ရန်ကုန်မြို့နေ ဦးကြည်ထွန်း-ဒေါ်သီတာရွှေ၊ ပြင်ဦးလွင်မြို့နေ ဦးသိန်းဇော်-ဒေါ်သက်သက်ရှိန်၊ (ဦးညိုထွန်း)တို့၏မိခင်၊ မြေး ၁၅ယောက်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန် ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ကြည်(မြောင်းမြ)

### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေလှိုင်လမ်း၊ အမှတ်(၆၃)နေ (ဦးမြင့်သိန်း)၏ဇနီး၊ ဦးလွန်းခင်-ဒေါ်သန်းမြင့်တို့၏ အစ်မ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(၁၀၉/၄)နေ ဦးခင်မောင်ဆန်း-ဒေါ်မြင့်မြင့်ဇော်၊ ဦးတင့်ဆွေ-ဒေါ်မြင့်မြင့်မော်၊ ဦးရဲလွင်-ဒေါ်ခင်ခင်ဦး၊ ဦးစိုးလွင်-ဒေါ်ဖြူဖြူမြင့်၊ ဦးညီညီ-ဒေါ်ခင်မြင့်ခိုင်(ပင်လောင်းမြို့)၊ ဦးမြင့်စိုး-ဒေါ်ခင်မြင့် နိုင်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၅၅နာရီတွင်အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (ကြည့်မြင်တိုင်နေအိမ်နှင့် ဓမ္မစေတီလမ်းနေအိမ် တို့မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊

လမ်း၊ တံတား အလှူရှင်ဒါယကာကြီး

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ

## ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)

### အသက်(၈၆)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်း-ဇနီး ဒေါ်မျိုးပပထွန်းတို့၏ ချစ် လှစွာသော ဖခင်ကြီး ဦးသန်းထွန်းသည် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၂၃နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သံတမန်ရေးရာဦးစီးဌာနမှ ဝန်ထမ်းများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးဟန်စိန်

### အသက်(၈၅)နှစ်

ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ မန္တလေးမြို့မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမေဝင့်ဝါ၏ ချစ်လှစွာသော ဖခင်ကြီးသည် ၂၆-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁:၃၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ)နှင့် ဓာတ်ခွဲဝန်ထမ်းများ**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့**

---

အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း

## အာလ်ဟာဂျ် အန်ဂျူမန်အာရာ(ခ)ဒေါ်ခင်ဝင်း

### အသက်(၈၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ (၃၉)ပန်းတိမ်တန်းလမ်းနေ[ဟာဂျီမိုဟာမက် ဟူစိန်(ခ)ဦးမောင်လှ]၊ ဦးကတ္တိ(ပရဆေး )၏ဇနီး၊ ဦးမြင့်ဦး၊(ဟာဂျီဦးခင်ဦး)၊ ဟာဂျီမ ဒေါ်မာလာ၊ ဒေါ်ဥမ္မာတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၁-၇-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်၌ အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင် အဆွာရ်နာဇ်အပြီးတွင် ပြည်မြို့အေးငြိမ်းရာ မွတ်စလင်(မ်)ကဗရ်စတန်ဥယျာဉ်တော်၌ ဒဖနာ(မြှုပ်နှံ)ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဦးမောင်မောင်(မောင်မောင်ဇေယျ)

စာရေးဆရာ

မြန်မာနိုင်ငံ ဒဿနိကဗေဒအသင်း(ငြိမ်း-အဝေးသင်)

### အသက်(၇၃)နှစ်

(သွေးတိုး ဦးသန်းမောင်-ဒေါ်အုန်းမေ)တို့၏သား၊ (ဒေါ်စုစုသန်းမောင်)၏မောင်၊ ဦးကြည်ဝင်း-ဒေါ်ဥဥသန်းမောင်၊ ဦးတင်မောင်မောင်ဝင်း-ဒေါ်နုနုသန်းမောင်တို့၏အစ်ကို၊ ဒေါ်အေးအေးသိန်း၏ ခင်ပွန်း၊ (ဦးမင်းဇော်လတ်)၊ဦးအေးမောင်မောင်- ဒေါ်သက်ဇာနည်၊ ဦးထွေးမောင်မောင်-ဒေါ်မေဖြူဇင် တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၆-၇-၂၀၂၀ရက်(တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

သီရိသုဓမ္မမဏိဇောတဓရ

# ဦးသန်းထွန်း

(ကံ့ကော်ရွှေပြည်)၊ ဥက္ကဋ္ဌ(ငြိမ်း)SMIDB

### အသက်(၈၆)နှစ်

ပုသိမ်မြို့နေ (ဦးလှထွန်း-ဒေါ်မြခင်)တို့၏သား၊ စစ်တွေမြို့နေ (ဦးမောင်မောင်လှ-ဒေါ်စံသာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ပြည်တော်အေးရိပ်သာ၊ အမှတ်(၃-က)နေ ဒေါ်မြသွေး၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဇော်ဝင်းဦး (CEO, Bright Time Co.,Ltd)-ဒေါ်စုစုရွှေ၊ ဦးမျိုးဇော်အောင်(Nissan United Diamond Motor Co.,Ltd)(Suzuki United Dimo Co.,Ltd)-ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီး၊ (ဦးထွန်းထွန်းလှိုင်)-ဒေါက်တာဇင်ဇင်သူ၊ ဦးမြတ်သူ-ဒေါ်စုစုမာ၊ ဦးမင်းသိမ်း(ညွှန်ကြားရေးမှူးချုပ်၊ သံတမန်ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မျိုးပပထွန်း(သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့)၊ (ဦးမျိုးမင်းထွန်း)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၇-၇-၂၀၂၀ရက် မွန်းလွဲ ၁၂:၂၃နာရီတွင် ကန်သာယာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

သီရိသုဓမ္မမဏိဇောတဓရ

## ဦးသန်းထွန်း အသက်(၈၆)နှစ်

(ကံ့ကော်ရွှေပြည်)၊ ဥက္ကဋ္ဌ(ငြိမ်း)SMIDB

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ပြည်တော်အေးရိပ်သာ၊ အမှတ်(၃-က)နေ ဒေါ်မြသွေး၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းထွန်းသည် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၂၃နာရီတွင် ကန်သာယာအထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြည်အေး(ဗဟိုဘဏ်ဥက္ကဋ္ဌ-ငြိမ်း)-ဒေါ်ခင်ခင်ဆွေ(အထွေထွေမန်နေဂျာ-ငြိမ်း၊ ကုန်သွယ်ဆေး)**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဟန်(ခ)ဦးစိန်ကုလား

### အသက်(၇၈)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကျောက်ရေတွင်းကျေးရွာအုပ်စု၊ ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းမ၊ မြို့ဝင်တိုးဂိတ်အနီးနေ ဒေါ်ခင်နု၏ ခင်ပွန်း၊ ဦးကျော်ကျော်လင်း (ဒု/ညွှန်မှူး၊ မြို့ပြအိမ်ရာ)-ဒေါ်သက်သက်ဦး၊ ဦးမင်းအောင်(မြို့နယ်လျှပ်စစ်မန်နေဂျာ)-ဒေါ်နွယ်နွယ်ဝင်း၊ ဦးဝင်းကိုကို-ဒေါ်စုစုလှိုင်(ရွှေစင်ဦးရွှေဆိုင်)၊ ဦးအောင်ကိုကိုမင်းတို့၏ ဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးသိန်းဟန်(ခ)ဦးစိန်ကုလားသည် ၂၆-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည၁၁:၂၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဘီးလင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲရပါကြောင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဟန်(ခ)ဦးစိန်ကုလား

### အသက်(၇၈)နှစ်

သူငယ်ချင်း ဦးမင်းအောင်(မြို့နယ်လျှပ်စစ်မန်နေဂျာ)-ဒေါ်နွယ်နွယ်ဝင်းတို့၏ ဖခင်ကြီး ဦးသိန်းဟန် (ခ)ဦးစိန်ကုလားသည် ၂၆-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည ၁၁:၂၀နာရီတွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့၌ ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**LL.B(1996 ဘွဲ့ရ)Yangon Universityမှ သူငယ်ချင်းများ**

---

# ဗိုလ်မှူးဇော်ဝင်းနိုင်(ငြိမ်း)

တဗ-၁၂

### အသက်(၅၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ တေဇရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်-၃နေ (ဦးမြင့်တင်-ဒေါ်တင်ရွှေ) တို့၏သား၊ (ဦးမောရှိ-ဒေါ်မရန်လိန်) တို့၏သားသမက်၊ ဒေါ်နိုင်နိုင်အောင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစိုးမင်းထွန်း-ဒေါ်နှင်းဇန်ဖြူ၊ မစက်တင်ဝင်းတို့၏ ချစ်လှစွာသော ဖခင်၊ မောင်မြတ်မင်း၏ အဘိုး၊ ဒေါ်ထွေးထွေးမြင့်၊ ဒေါ်ကေသီမြင့်တို့၏ အစ်ကိုကြီးသည် ၂၅-၇-၂၀၂၀ရက် (စနေနေ့) ည ၁၀ နာရီတွင် တွံတေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် တွံတေးမြို့၊ အိုးဖိုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၂၀ရက်(သောကြာနေ့)တွင် ကျုံပျော်မြို့ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

ကျောက်ဆည်တက္ကသိုလ်၊ ပထဝီဝင်ဌာနမှ ကထိက ဒေါ်ခင်သန်းမြင့်၏ ခင်ပွန်း ဦးထွန်းမင်းဇော်(ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး)သည် ၂၆-၇-၂၀၂၀ရက် တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**ဒေါ်မို့မို့လှိုင်၊ ဒေါ်မျိုးစန္ဒာ**
**အထက(၆) မော်လမြိုင် ကျောင်းသူဟောင်းများ**

---

ဝမ်းနည်းကြေကွဲခြင်း

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

သီရိသုဓမ္မမဏိဇောတဓရ

## ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)

### အသက်(၈၆)နှစ်

ဦးမျိုးဇော်အောင် United Diamond Motor Co.,Ltd(Nissan)-ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီးတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**United Diamond Motor Co.,Ltd(Nissan)**
**Board of Director အဖွဲ့**

---

ဝမ်းနည်းကြေကွဲခြင်း

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

သီရိသုဓမ္မမဏိဇောတဓရ

## ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)

### အသက်(၈၆)နှစ်

ဦးမျိုးဇော်အောင် United Dimo Co.,Ltd(Suzuki)-ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီးတို့၏ ချစ်လှစွာသောဖခင်ကြီး သည် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**United Dimo Co.,Ltd(Suzuki)**
**Board of Director အဖွဲ့**

---

ဝမ်းနည်းကြေကွဲခြင်း

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

သီရိသုဓမ္မမဏိဇောတဓရ

## ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)

### အသက်(၈၆)နှစ်

ဦးမျိုးဇော်အောင် Silver Ocean Co.,Ltd(Hyundai)-ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီးတို့၏ ချစ်လှစွာသောဖခင်ကြီး သည် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**United Silver Ocean Co.,Ltd(Hyundai)**
**Board of Director အဖွဲ့**

---

ဝမ်းနည်းကြေကွဲခြင်း

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

သီရိသုဓမ္မမဏိဇောတဓရ

## ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)

### အသက်(၈၆)နှစ်

ဦးမျိုးဇော်အောင် Nissan United Diamond Motor Co.,Ltd & Suzuki United Dimo Co.,Ltd-ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီးတို့၏ ချစ်လှစွာသောဖခင်ကြီး သည် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Tawwin Car Rental Services & Agency**

---

ပေါင်းတည်မြို့နယ်အသင်း

(ရန်ကုန်)

## ဒေါ်တင်ရီ ရာ- ၁၅၂

ဂုဏ်ထူးဆောင် အသင်းဝင်၊

အသင်းနာယက

### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ရတနာလမ်းသွယ်၊ ၃၃(စီ) ပြည်လမ်း၊ (၇)မိုင်နေ (ဦးကိုကိုကြီး-ဒေါ်အေးကြည်)တို့၏ သမီးသည် ၂၅-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၁၄)၊ ကိုးသောင်းတိုးချဲ့ အပိုင်း(၂)၊ ဦးပိုင်အမှတ်(၂၅၃)မှ မြေဧရိယာ (၀ဒသမ ၀၅၅)ဧကရှိ မြေသည် ဒေါ်အေးအေးချစ်အမည်ဖြင့် (၃၀-၉-၂၀၀၅)မှ (၂၉-၉-၂၀၃၅) အထိ နှစ်(၃၀)ရရှိထားသော ဂရန်စာချုပ်မူရင်းမှာ ရေစိုခြကိုက်ပျက်စီးသွားသဖြင့် မြေငှားဂရန် မိတ္တူမှန်ရရှိရေး ပြန်လည်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/9086,5C/9087 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀/၈၄၇၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/9079, 5C/9076, 5C/9069 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

---

သင့်သွေးဖြင့် အသက်ကယ်ပါ

# အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ အရေးတကြီး သွားရောက်ရန်လိုအပ်နေသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များတွင် လိုက်ပါနိုင်ရေး ဆောင်ရွက်ပေးသွားမည့်အစီအစဉ်

၁။ COVID–19 ကပ်ရောဂါ ဖြစ်ပွားမှုကာလအတွင်း နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ယာယီရပ်ဆိုင်းထားမှုကြောင့်လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံများ၏ COVID–19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကြောင့်လည်းကောင်း ပြည်ပတွင် အခက်အခဲများ ကြုံတွေ့နေကြရသည့် မြန်မာနိုင်ငံသားများအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပါသည်။ သို့ရာတွင် နိုင်ငံတကာခရီးသည်လေယာဉ်များ ယာယီရပ်ဆိုင်းထားသည့်ကာလအတွင်း ပြည်ပသို့ အကြောင်းအမျိုးမျိုးဖြင့် အရေးပေါ်ထွက်ခွာလိုသည့် မြန်မာနိုင်ငံသားများသည်လည်း အခက်အခဲများ ကြုံတွေ့နေကြရကြောင်း သိရှိရပါသည်။

၂။ ထို့ကြောင့် နိုင်ငံတကာခရီးသည်လေယာဉ်များ ယာယီရပ်ဆိုင်းထားစဉ်ကာလအတွင်း ပြည်ပတွင်ဆေးကုသမှုနှင့် ခွဲစိတ်ကုသမှုဆောင်ရွက်ရန် အရေးပေါ်သွားရောက်လိုသူများအတွက် လည်းကောင်း၊ ပြည်ပတွင် အလုပ်လုပ်ကိုင်ရန် လုပ်ငန်းခွင်သို့ အချိန်မီဝင်ရောက်ရန် လိုအပ်နေသည့် အလုပ်သမားများ၊ သင်္ဘောသားများအတွက်လည်းကောင်း၊ နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့်ဖြစ်စေ ပြည်ပတွင် ပညာသင်ကြားရန် သွားရောက်ကြရမည့် ပညာသင်များ၊ ကျောင်းသူ၊ ကျောင်းသားများအတွက် လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ အရေးပေါ်သွားရောက်ရန် လိုအပ်နေသူများအတွက်လည်းကောင်း အဆင်ပြေချောမွေ့စွာ ထွက်ခွာနိုင်ကြစေရန် ရှေးရှုလျက်၊ ပြည်ပသို့ထွက်ခွာမည့် ကယ်ဆယ်ရေးလေယာဉ်(Relief Flight) များ၊ အထူးလေယာဉ်(Special Flight)များတွင် လိုက်ပါခွင့်ရရှိစေရေးအတွက် ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ ထိုသို့ ကယ်ဆယ်ရေး/အထူးလေယာဉ်များဖြင့် ပြည်ပနိုင်ငံသို့ အရေးတကြီးသွားရောက်လိုသူ မြန်မာနိုင်ငံသားများအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအတိုင်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည် –

(က) မြန်မာနိုင်ငံမှ ထွက်ခွာမည့် Relief Flight ၊ Special Flight နှင့် Cargo Flight အချိန်ဇယားများအား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနတို့မှ ပူးပေါင်းညှိနှိုင်းလျက် ကြေညာသွားမည် ဖြစ်ပါသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ❋

## ဗြိတိန်နိုင်ငံနှင့် ဥရောပနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စု၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဇူလိုင် ၂၇

ဗြိတိန်နိုင်ငံနှင့် ဥရောပနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စု၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံတို့တွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများ၊ ကျောင်းသားများ၊ အစိုးရပညာတော်သင်များ၊ အလုပ်သမားများ စသည်ဖြင့် မြန်မာနိုင်ငံသား စုစုပေါင်း၂၀၅ ဦးအား ပြန်လည် ခေါ်ဆောင်ရေးအတွက် မြန်မာသံရုံး၊ လန်ဒန်မြို့အနေဖြင့် ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများရှိ မြန်မာသံရုံး ၁၁ ရုံး၊ ယင်းနိုင်ငံများရှိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ၎င်းတို့သည် Qatar Airways ကယ်ဆယ်ရေးလေယာဉ်ဖြင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ❏



ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

## ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန်**

နေပြည်တော် ဇူလိုင် ၂၇

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

**ယနေ့ မာ တိ ကာ**

COVID – 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၇–၇–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ ➢ ၁၆

ဟောင်ကောင်တွင် ကိုဗစ် –၁၉ လှိုင်းလုံးသစ်ရိုက်ခတ်မှုမှ ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရန် အမိန့်ထုတ်

စာ ➢ ၁၃

## လဲချားမြို့နယ် စာသင်ကျောင်းတွင် နှာခေါင်းစည်းများ လှူဒါန်း



လဲချား ဇူလိုင် ၂၇

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင် နှာခေါင်းစည်းများ လှူဒါန်းခြင်းကို ယနေ့ နံနက် ၈ နာရီက အထက(ခွဲ) နောင်မိန်းကျောင်းတွင် ပြုလုပ်သည်။ (ဝဲပုံ)

ထိုသို့ နှာခေါင်းစည်းများ လှူဒါန်းမှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးနှင့်

စာမျက်နှာ ၁၆ ကော်လံ ၄ ◆

## စီးရီးအေချန်ပီယံအဖြစ် ကိုးနှစ်ဆက် ဂျူဗင်တပ်စ် ဆွတ်ခူး

ဂျူဗင်တပ်စ်အသင်းသည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက စီးရီးအေ ပွဲစဉ် (၃၆)အဖြစ် ဆမ်ဒိုးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ စီရိုနယ်ဒို၊ ဘာနာဒက်ရှ်ချီတို့၏ သွင်းဂိုးများနှင့်အတူ ဆမ်ဒိုးရီးယားအသင်း ကို နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ၂၀၁၉–၂၀၂၀ ဘောလုံးရာသီ စီးရီးအေ အမှတ်ပေးဖလားကို ပွဲစဉ်များပြီးဆုံးရန် နှစ်ပွဲအလိုတွင် ကိုးနှစ်ဆက် ဆွတ်ခူးနိုင်ခဲ့သည်။

ဂျူဗင်တပ်စ်အသင်းအတွက် ဂိုးများကို ပထမပိုင်းပွဲကစားချိန်ပြီးခါနီးတွင် ပီဂျာနစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် စီရိုနယ်ဒိုက သွင်းယူပေးနိုင်ခဲ့သည်။ ဂျူဗင်တပ်စ်အသင်းအတွက် ဒုတိယဂိုးကို ဒုတိယပိုင်း ပွဲကစားချိန် ၆၇ မိနစ်တွင် ဘာနာဒက်ရှ်ချီက သွင်းယူပေးနိုင်ခဲ့သည်။

နည်းပြ ဆာရီ၏ ဂျူဗင်တပ်စ်အသင်းသည် ယခုပွဲစဉ်တွင် အသင်း၏ ဝါရင့်ဂိုးသမား ဘတ်ဖွန်ကို အနားပေးကာ ဆက်ဇီနီနှင့် ပွဲထွက်လာခဲ့ပြီး ဘိုနူချီ၊ ဒန်နီလို၊ ဆန်ဒရို၊ ဒီလစ်၊ မတ်တူဒီ၊ ပီဂျာနစ်၊ ဂွါဒရာဒို၊ ရာဘီရော့၊ စီရိုနယ်ဒိုနှင့် ဒိုင်ဘာလာတို့ကို အသုံးပြုပြီး ဆမ်ဒိုးရီးယားအသင်းကို ယှဉ်ပြိုင်ကစားစေခဲ့သည်။

နည်းပြ ရာနီရေရီ၏ ဆမ်ဒိုးရီးယားအသင်းကလည်း အူဒီရို၊ ယိုရှီဒါ၊ တိုနယ်လီ၊ အူဂယ်လို၊ ချာဘော့၊ ရာမီရက်ဇ်၊ ဂျန်တို၊ ဒီပါအိုလီနှင့် ကွာဂလီရယ်လီတို့ဖြင့် ပွဲထွက်လာခဲ့ပြီး ဂျူဗင်တပ်စ်အသင်းကို ယှဉ်ပြိုင်ကစားစေခဲ့သည်။ ဆမ်ဒိုးရီးယားအသင်းသည် ဂျူဗင်တပ်စ်အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် စီးရီးအေအမှတ်ပေးဇယားတွင် (၃၆) ပွဲကစားပြီး ရမှတ် ၄၁ မှတ်ဖြင့် အဆင့် (၁၅) နေရာတွင် ရပ်တည်နေသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❍



ဂျူဗင်တပ်စ်ကစားသမားများ စီးရီးအေအမှတ်ပေးဖလားကို ကိုးနှစ်ဆက်ဆွတ်ခူးရရှိပြီးနောက် အောင်ပွဲခံနေကြစဉ်။